# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်　　၂၀၁၆ ခုနှစ်၊ မတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ [၅၅]၊ အမှတ် [၁၅၄]


**ကျေးဇူးရှင်**

* သစ်ပင်၏အရိပ်ကို ခိုဖူးလျှင် ထိုသစ်ပင်၏သစ်ကိုင်းကို မချိုးဖဲ့ရ။
* သူတစ်ထူးထံမှ အိပ်ရာနေရာနှင့် ထမင်းအဖျော်ကို ရရှိနေထိုင်စားသောက်ဖူး၏။ ထိုသူ၏ ပျက်စီးရာပျက်စီးကြောင်း မကြံစည်အပ်ပေ။
* ကျေးဇူးရှင်အား ပြစ်မှားလျှင် ပူလောင်၍ ဆင်းရဲဒုက္ခ ရောက်တတ်၏။

(ဇာတကပါဠိ)

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလုပ်ဆောင်ပေးကြရမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၆ ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် ကျရောက်သည့် တောင်သူလယ်သမားနေ့အခမ်းအနားသဝဏ်လွှာ**

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

ယနေ့အချိန်အခါသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားကြီးများအား အထူးအလေးအနက်ထားပြီး ဂုဏ်ပြုသတ်မှတ်ထားရှိသည့် **"သမိုင်းဝင် နေ့ထူးရက်မြတ်တောင်သူလယ်သမားနေ့"** ဖြစ်ပါသည်။ ဤသို့အစဉ်အလာကြီးမားသော နေ့ထူးရက်မြတ်အချိန်တွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာခြင်းနှင့် ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့ ပြည့်စုံကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်ပိုမိုတိုးတက်အောင်မြင်ဖြစ်ထွန်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်အရ ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆန္ဒပြုခဲ့ကြပြီး ပထမအကြိမ်ရွေးချယ်တင်မြှောက်ခဲ့သော


*စာမျက်နှာ ၅ ကော်လံ ၁* ◆

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ပူးပေါင်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ ဆွေးနွေး**

စာမျက်နှာ-၃





သတင်းဆောင်းပါး - သပြေ
ဓာတ်ပုံ - ချမ်းသာ (မြန်/ဆက်)

# အ လျှို့ ရှင် မှန်း အားလုံးသိကြပါတယ်. . .နော်

**"စပါးရွှေဝါ တောင်လိုပုံ**
**ဆီကို ရေချိုး**
**ဆေးရိုးမီးလှုံ၊ ဆေးရိုးမီးလှုံ"**

အညာဒေသ၏ ကျေးလက်မြင်ကွင်းကြောင့် **"ပန်းမြိုင်လယ်ကဥယျာဉ်မှူး"** ရုပ်ရှင်ဇာတ်လမ်းထဲမှ **"ချစ်အာရုံ"** သီချင်းကို အမှတ်ရမှုနှင့်အတူ ထပ်ခါထပ်ခါ ဆိုမိသည်။

သီချင်းထဲကအတိုင်း နေရာအနှံ့တွင် စပါးပုံများ အစီအရီဖြင့် တောင်လိုပုံနေသည်။ ဒီနှစ်တွင် ပဲ၊ နှမ်း အထွက်ကောင်းခဲ့သလို နှန်းတင်မြေနုများမှ ကြောင့်လည်း **"ကိုင်း"** စိုက်ခင်းများက ကောက်ပဲသီးနှံများ အောင်ခဲ့သည်။

**"ဒီနှစ်မှာလည်း ထွက်နှုန်းကောင်းတာကြောင့် အမေ အလှူအတန်းကို လက်မတွန့်စတမ်း**

*စာမျက်နှာ ၉ ကော်လံ ၁* ✳

## ၂၀၁၆ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ဝီရိယနှင့်ပညာသည် အခြေခံ

ဤလောက၌ လူတိုင်းလူတိုင်းသည် ကြီးပွားချမ်းသာခြင်းကို လိုလားကြပေလိမ့်မည်။ အဘယ်ကြောင့်ဟူမူ ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားများဖြစ်ခြင်းကြောင့်ပင်ဖြစ်၏။ သာမန်လူသားများအဖို့ ကာမဂုဏ် အာရုံများကို စွန့်ပယ်နိုင်စွမ်းမရှိကြသေး၍ ကြီးပွားချမ်းသာမှုကိုအလိုရှိကြ၏။ စည်းစိမ်ချမ်းသာမှုကို မက်မောကြ၏။ ရာထူး၊ ဂုဏ်ဒြပ်တို့အပေါ် သာယာကြကုန်၏။ ထို့ကြောင့်လည်း လူစည်းစိမ်ဂုဏ်ဒြပ်တို့ကို ရရှိရန် အမျိုးမျိုးကြိုးစားအားထုတ်ကြကုန်၏။

ကြီးပွားချမ်းသာခြင်းအကြောင်းတရားသည် များစွာရှိလေ၏။ အချို့သောသူများက လောဘကိုအခြေခံ၍ ကြိုးစားကြ၏။ လူအများစုက လောဘရှိမှကြီးပွားမည်။ လောဘမရှိလျှင် ကြီးပွားတိုးတက်ခြင်းသို့ မရောက်နိုင်ဟု မှတ်ယူထားတတ်ကြ၏။

ဤယူဆချက်မှာ ဓမ္မရှုထောင့်မှကြည့်လျှင် မှား၏။ လောဘကြောင့် ဒေါသဖြစ်နိုင်၏။ လောဘနှင့်ဒေါသသည် အမြဲတစေဒွန်တွဲလျက်ရှိကြပေ၏။ ဒေါသကြောင့် မှားခြင်း၊ မှန်ခြင်းအကြောင်းတရားကို သိနိုင်ခဲသောမောဟကိုဖြစ်စေနိုင်၏။ မောဟဟူသည် တွေဝေမိုက်မဲခြင်းပင်ဖြစ်၏။

ထို့ကြောင့် လောဘရှိခြင်း(ဝါ)လောဘကြီးခြင်းကြောင့် ကြီးပွားခြင်း၊ တိုးတက်ခြင်း၊ ချမ်းသာကြွယ်ဝခြင်းတို့ကို ဖြစ်စေနိုင်သောယူဆချက်မှာ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ အမှန်စင်စစ်ကြီးပွားချမ်းသာခြင်း၏ အခြေခံအကြောင်းတရားသည်ကား ဝီရိယနှင့်ပညာသည်သာ အခြေခံပင်ဖြစ်၏။ ဝီရိယထား အလုပ်လုပ်လျှင် ကြီးပွားတိုးတက်နိုင်၏။ ပညာကကောင်းခြင်း၊ ဆိုးခြင်းကိုသိ၏။ သင့်၏၊ မသင့်၏အဆုံးအဖြတ်ပေးနိုင်စွမ်းရှိ၏။ ဝီရိယထားပြီး လုပ်ကိုင်ဆောင်ရွက်သောအမှုကိစ္စတို့အပေါ်တွင် ဉာဏ်ပညာဖြင့်ယှဉ်၍ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် အမှားအယွင်းနည်း၏။ မှန်ကန်သောလမ်းကြောင်းမှ တစ်ဆင့်တိုးတက်မှုကိုရနိုင်၏။ အောင်မြင်မှုကိုရနိုင်၏။

သို့သော် လူအချို့မှာဝီရိယနှင့် ပညာမပါဘဲ လောဘသက်သက်ဖြင့် လုပ်ကိုင်ဆောင်ရွက်သဖြင့် အမှားအယွင်းများနှင့် တွေ့ကြရ၏။ လောဘကြောင့် ဒေါသနှင့်မောဟကိုသာတိုးပွားစေပြီး ဘဝမှန်၊ လမ်းကြောင်းမှန်ဖြင့် ကြီးပွားတိုးတက်ရန် ခဲယဉ်းလှပေစွ။ သို့ဖြစ်၍ ဝီရိယနှင့် ပညာသည်ကြီးပွားတိုးတက်ခြင်း၏ အခြေခံအကြောင်းတရားများဖြစ်၍ မိမိတို့လုပ်ကိုင်ဆောင်ရွက်မှုတို့အပေါ် လောဘရှေ့မထားဘဲ ဝီရိယနှင့်ပညာကို သာအခြေခံ၍ လုံ့လပြု ကြိုးစားအားထုတ်သင့်ပါကြောင်း။ ။



မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ချောင်းသာ လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး



**နေပြည်တော် မတ် ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် China Three Gorges International Corporation တို့အကြား ဧရာဝတီတိုင်းဒေသကြီး ချောင်းသာဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ချောင်းသာ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်း ၃၀ မဂ္ဂါဝပ်ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (MOA) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၉ ရက်က နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အဆိုပါ သဘောတူညီမှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ China Three Gorges International Corporation မှ ဥက္ကဋ္ဌ Mr.Lu Guojun နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် လျှပ်စစ်စွမ်းအား စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးဆန်းနှင့် Mr.Lu Guojun တို့က ချောင်းသာ လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းဆိုင်ရာ သဘောတူညီမှု စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များအပြန်အလှန်လဲလှယ်ကြသည်။

ယနေ့လက်မှတ်ရေးထိုးသော ဧရာဝတီတိုင်းဒေသကြီး ချောင်းသာ လေစွမ်းအင် သုံးလျှပ်စစ်စီမံကိန်း ၃၀ မဂ္ဂါဝပ်မှာလေအားလျှပ်စစ်စီမံကိန်း ပထမအဆင့်ဖြစ်ကြောင်း သိရှိရပြီး ဖြစ်မြောက်နိုင်စွမ်း လေ့လာထားရှိသော လေစွမ်းအင်သုံးလျှပ်စစ်စီမံကိန်းများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သူနာပြုနှင့် သားဖွားပညာရပ်ဆိုင်ရာများဆွေးနွေး

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းနှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်သူနာပြု တက္ကသိုလ်(ပင်မ)၌ ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပခဲ့ပြီး ၂၉ ရက်တွင် ပြီးစီးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါ်ရင်မြနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖလောရင့် နိုက်တင်ဂေးဆုရ ကိုစနိုင်နိုင်ထွန်းအား ပညာသင်ထောက်ပံ့ငွေနှင့် ပုလောမြို့နယ်မီးဘေးသင့် သူနာပြုသားဖွားမိသားစုများအတွက် ထောက်ပံ့ငွေကျပ် ၁၂ သိန်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် ရန်ကုန် သူနာပြုတက္ကသိုလ်နှင့် တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်တို့မှ စာတမ်းရှင်များက သူနာပြုနှင့်သားဖွားပညာရပ်ဆိုင်ရာ စာတမ်းများကို ဖတ်ကြားတင်သွင်းဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# သေနတ်ပစ်သင်တန်း အခမဲ့ဖွင့်လှစ်မည်

**ရန်ကုန် မတ် ၁**

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၆ ခုနှစ် နွေရာသီအခြေခံ သေနတ်ပစ်သင်တန်းကို မတ် ၁၄ ရက်မှ ဧပြီ ၁ ရက်အထိ အခမဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ သိရသည်။

သင်တန်းချိန်မှာ နံနက် ၉ နာရီမှ ၁၁ နာရီအထိဖြစ်ပြီး ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသည့် မျိုးဆက်သစ်များအနေဖြင့် ဖုန်း-၀၁-၈၀၁၁၀၇၅သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မင်းခေတ်**

# နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်မည်

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ ကော်မတီနှင့် တိုင်းဒေသကြီး ပညာရေးဌာနတို့ပူးပေါင်း၍ နွေရာသီ အားကစားသင်တန်းများကို အားကစားနည်းအလိုက် သတ်မှတ်နေရာများတွင် နံနက်ပိုင်း၊ ညနေပိုင်း နှစ်ပိုင်းခွဲ၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အခြေခံ အားကစားသင်တန်းများကို မတ် ၅ ရက်မှ ဧပြီ ၉ ရက် အထိ သက်ဆိုင်ရာ နည်းပြများက ပို့ချပေးမည်ဖြစ်ပြီး အဆင့်မြင့်သင်တန်းတို့ကို ဧပြီနောက်ဆုံးပတ်မှ မေနောက်ဆုံးပတ်အထိ သတ်မှတ်နေရာတို့၌ပင် အား/ကာနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဗထူးအားကစားခန်းမအနီးရှိ အားကစားလုပ်ငန်းဆပ်ကော်မတီရုံးခန်းများ၊ အားကစားဦးစီးဌာန မြို့နယ်တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျေးလက် ရေပေးဝေရေးလုပ်ငန်းများ စစ်ဆေး

**ကျောက်ဖြူ မတ် ၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်ရှိ ကျေးရွာ ၁၈ ရွာ၌ ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဖြစ်သည့် လက်တူးတွင်းဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်အဖွဲ့သည် ဖေဖော်ဝါရီလစတုတ္ထပတ်က စစ်ဆေးခဲ့သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၈ ရွာတို့၌ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဟု သိရသည်။ (၁၅၇)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၁၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၄၂၀/၄၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၃၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၇၉၀၀၀/၈၂၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၈၈၀၀၀/ ၉၂၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၅၁.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၆.၉၀ |
| ထိုင်း | တစ်ဘတ် | ၃၄.၆၀၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၉၉၆ |
| တရုတ် | တစ်ယွမ် | ၁၈၉.၁၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၈၂ |

ခင်ရတနာ-စုစည်းသည်။

# နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးတို့ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒါရစ်မစ်ချယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒါရစ်မစ်ချယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ကင်းထောက်လူငယ်များစခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း) တက်ရောက်မည့် ကင်းထောက်လူငယ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ် တွေ့ဆုံအားပေး

**ရန်ကုန် မတ် ၁**

လူငယ်မောင်မယ်များ အနေဖြင့် တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ပြီး ကိုယ်ကျင့်တရားနှင့် စာရိတ္တကောင်းမွန်စေကာ မိမိကိုယ်ကို အားကိုး၍ သူတစ်ပါးအားအချိန်မရွေး ကူညီပြီး လူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့မှ ကင်းထောက်လူငယ်စခန်းချတွေ့ဆုံပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထအကြိမ်မြောက် ကင်းထောက်လူငယ် စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)ကို မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုပ္ပားမြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် တက္ကသိုလ်ကောလိပ်များမှ ကင်းထောက်လူငယ် ၆၁၉ ဦးသည် ကြီးကြပ်အုပ်ချုပ်သူဆရာ ဆရာမများနှင့်အတူ ယနေ့ နံနက်ပိုင်းက အဆိုပါစခန်းသို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် ၂၀၁၆ ခုနှစ် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ(ပုပ္ပား) စခန်းကြီးကြပ်မှု ကော်မတီနာယက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးရဲမြင့်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်အဖွဲ့ ကင်းထောက်ချုပ်နှင့် ကော်မတီဝင်များ၊ ကင်းထောက်ကြီးများက ကင်းထောက် လူငယ်များအား တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားသည်။

ထို့နောက် စခန်းကြီးကြပ်မှု ကော်မတီနာယကနှင့် အဖွဲ့ဝင်များအား စခန်းကြီးကြပ်မှု ကော်မတီ စခန်းမှူး အမျိုးသားကင်းထောက်အဖွဲ့ သင်တန်းမှူးချုပ် ဦးအေးကြိုင်နှင့် ကြီးကြပ်အုပ်ချုပ်သူများက ကင်းထောက်လူငယ် အမျိုးသမီးများ နေထိုင်သည့် အဆောင်များ၊ ကင်းထောက်လူငယ် အမျိုးသားများနေထိုင်သည့် ရွက်ဖျင်တဲများ၊ စခန်းဖွင့်ပွဲ အကြိုလေ့ကျင့်မှုများကို လိုက်လံရှင်းလင်းပြသသည်။

ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)ကို မတ် ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာနိုင်ငံ ကင်းထောက်ကြီးများက ကင်းထောက်အတွေ့အကြုံများ ဟောပြောမည်ဖြစ်ပြီး ကင်းထောက်စခန်းချ ပညာရပ်များ၊ ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်များသို့ ခြေကျင်ခရီးသွားရောက်ခြင်း၊ ကင်းထောက်စွမ်းရည်အဖြစ် ရှေးဦးသူနာပြုစုနည်း၊ ကြိုးချည်နည်း၊ တဲထိုးနည်း ပြိုင်ပွဲများပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ တိုင်းရင်းသားရိုးရာအကများ၊ ဒေသထွက်ကုန်များ အမှတ်တရလဲလှယ်မှုများ ပြုလုပ်ရန် စီစဉ်ထားသည်။

**ကိုလတ်(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှု အစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘွဲ့/ဒီဂရီ/ ဒီပလိုမာသင်တန်းသို့ ပညာသင် ၃၈ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၁၆၀ စုစုပေါင်း ပညာသင် ၁၉၈ ဦးကို ပြည်ပနိုင်ငံ ၁၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဖေဖော်ဝါရီလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဩစတြေးလျနေသဟာယနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သို့ ပညာသင်အများဆုံး စေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

## တင်ဒါပယ်ဖျက်ကြောင်း ကြေညာခြင်း

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရန်ကုန်မြို့ရှိ အမှတ် (၅၆၉/၅၇၇) ကုန်သည်လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့် ကျောက်တံတားမြို့နယ် ယခင်သွင်းကုန်ထုတ်ကုန် လုပ်ငန်းရုံးဟောင်း(၄)ထပ် အဆောက်အအုံအား နိုင်ငံတကာအဆင့်မီ ဟိုတယ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် တင်ဒါခေါ်ယူခဲ့ရာ စန္ဒာဟိုတယ်ကုမ္ပဏီလီမိတက်နှင့် ချိုဇော်ဆောက်လုပ်ရေးကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်မည့် Inle Lake View Resort အား ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ခဲ့ပါသည်။

Inle Lake View Resort အား တင်ဒါအောင်မြင်သူအဖြစ် ရွေးချယ်ပြီးနောက် လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန် ၂၇-၁၀-၂၀၁၄ ရက်နေ့တွင် အကြောင်းကြားခဲ့သော်လည်း ယနေ့တိုင် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် ရန်ကုန်မြို့ရှိ ယခင်သွင်းကုန်ထုတ်ကုန် လုပ်ငန်းရုံးဟောင်း (၄)ထပ်အဆောက်အအုံ၏ တင်ဒါအား ပယ်ဖျက်ကြောင်း ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

# ဆီးရီးယားအစိုးရတပ်များ၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ငြိမ်းချမ်းရေးကြိုးပမ်းမှု ပျက်စီးနိုင်ဟုဆို

**ဂျီနီဗာ မတ် ၁**

ငါးနှစ်နီးပါးကြာ ဖြစ်ပွားနေသောစစ်ပွဲကိုရပ်တန့်ရန် နိုင်ငံတကာ၏ ကြိုးပမ်းမှုမှာ ဆီးရီးယားအစိုးရတပ်များ တိုက်ခိုက်နေမှုကြောင့် ပျက်ပြားသွားဖွယ်ရှိကြောင်း ဆီးရီးယားအဓိက အတိုက်အခံအုပ်စုမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောသည်။

ဆီးရီးယား အစိုးရတပ်များက သဘောတူညီချက်ကိုချိုးဖောက်နေခြင်းကြောင့် ဝါရှင်တန်နှင့်မော်စကိုတို့၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်မှာ အဆုံးသတ်ဖွယ်ရှိကြောင်း ဆော်ဒီကျောထောက်နောက်ခံ အတိုက်အခံ အဆင့်မြင့်ညှိနှိုင်းရေးကော်မတီက ပြောသည်။ စနေနေ့တွင် အတိုက်အခံတပ်များကို အစိုးရတပ်များက တိုက်ခိုက်နေကြောင်း သတင်းများထွက်ပေါ်ခဲ့သည်ဟု ပြင်သစ်တို့က ပြောသည်။

ငြိမ်းချမ်းရေးမျှော်လင့်ချက်ရှိသော်လည်း တိုက်ခိုက်မှုများပြုလုပ်နေခြင်းကြောင့် ပျက်စီးသွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောသည်။ အဆိုပါ အပစ်အခတ်ရပ်စဲမှုသည် အိုင်အက်စ်နှင့်အယ်လ်ခိုင်ဒါကဲ့သို့ ဂျီဟတ်အဖွဲ့များ ပါဝင်ခြင်းမရှိဟု ပြောသည်။ **(ရိုက်တာ)**




ဖေဖော်ဝါရီ ၂၉ ရက်က အလက်ပိုမြို့အနီးရှိ တရစ်အယ်ဘက်၌ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ဆန့်ကျင်ဆန္ဒပြနေသူများကို တွေ့ရစဉ်။

# ကမ္ဘောဒီးယားရေလုပ်သားငါးဦး ထိုင်းနိုင်ငံ၌ ပြင်သစ်ခရီးသွားများအား မုဒိန်းမှုကျူးလွန်ကြောင်း ဝန်ခံပြောကြား

**ဖနွမ်ပင် မတ် ၁**

ထိုင်းနိုင်ငံ ကမ်းခြေတစ်ခုတွင် ပြင်သစ်ခရီးသွားဧည့်သည်များအား ကမ္ဘောဒီးယားရေလုပ်သားငါးဦးက မုဒိန်းမှုနှင့် တိုက်ခိုက်မှုများကျူးလွန်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးရုံးက အင်္ဂါနေ့တွင် ထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံသားလေးဦးသည် စနေနေ့နှောင်းပိုင်းက ကမ္ဘောဒီးယားနှင့် နယ်စပ် ထိုင်းနိုင်ငံတို့ကွတ်ကွန်း၌ တိုက်ခိုက်ခံခဲ့ရကြောင်း ထိုင်းရဲအဖွဲ့က ပြောသည်။

အဆိုပါ တိုက်ခိုက်သူများသည် ငါးဖမ်းလှေများမှ ရေကူးလာပြီး ပြင်သစ်ခရီးသွားများကို တိုက်ခိုက်မှုပြုလုပ်ကာ အမျိုးသမီးနှစ်ဦးအား မုဒိန်းမှု ကျူးလွန်ခဲ့ကြောင်း ၎င်းတို့အား ထွက်ပြေးရန်ကြိုးစားစဉ် ဖမ်းဆီးနိုင်ခဲ့ ကြောင်း ထိုင်းရဲတပ်ဖွဲ့စုံစမ်းရေးမှူးများက ပြောသည်။

အဆိုပါ ရေလုပ်သားငါးဦးသည် ပြင်သစ်ခရီးသွားများအား မုဒိန်းမှုနှင့် တိုက်ခိုက်မှုများကျူးလွန်ခဲ့ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီး အီတ်ဆိုဖီးယားက ဝန်ခံပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ၎င်းတို့အား အကြမ်းဖက်မှုနှင့်မုဒိန်းမှုများဖြင့် တရားစွဲဆိုထားသည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ဇန်နဝါရီလအတွင်း ဂျပန်၏အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းကျဆင်း

**တိုကျို မတ် ၁**

ဂျပန်နိုင်ငံတွင် ဇန်နဝါရီလအတွင်း အလုပ်လက်မဲ့နှုန်း ၃ ဒသမ ၂ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ မှတ်တမ်းများ၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက ၃ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ကြောင်း အစိုးရက ထုတ်ပြန်ခဲ့သည်။

ယခင်လနှင့် နှိုင်းယှဉ်လျှင် ၃ ဒသမ ၄ ရာခိုင်နှုန်းရှိရာမှ အမျိုးသား အလုပ်လက်မဲ့နှုန်း ၀ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျသွားကြောင်း၊ အမျိုးသမီး အလုပ်လက်မဲ့နှုန်းမှာ ၂ ဒသမ ၉ ရာခိုင်နှုန်းအထိရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

အလုပ်လက်မဲ့ အရေအတွက်မှာ လူဦးရေ ၂ ဒသမ ၁၂ သန်းတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း၊ အလုပ်သမားဦးရေ ၆၄ ဒသမ ၅၈ ရာခိုင်နှုန်းတွင် ၁ ဒသမ ၀ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရသည်။

အစိုးရထုတ်ပြန်သော အချက်အလက်များ၌ နိုင်ငံ၏ အလုပ်ပေးထားနိုင်သော အရေအတွက်မှာ ဇန်နဝါရီလအတွင်း ၁ ဒသမ ၂၈ ရာခိုင်နှုန်းအထိတိုးလာကြောင်း၊ ၁၉၉၁ ခုနှစ် ဒီဇင်ဘာလကတည်းက နှိုင်းယှဉ်လျှင် အမြင့်ဆုံး အဆင့်ဖြစ်ကြောင်းသိရသည်။ **(ဆင်ဟွာ)**

# အိုဟိုင်းအိုးကျောင်းပစ်ခတ်မှုတွင် ကျောင်းသားလေးဦး ဒဏ်ရာရ

**ဝါရှင်တန် မတ် ၁**

အိုဟိုင်းအိုးရှိ ကျောင်းတစ်ကျောင်း၏ကော်ဖီဆိုင်၌ ၁၄ နှစ်အရွယ်ရှိ ကောင်လေးတစ်ဦးကသေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ကျောင်းသားလေးဦး ဒဏ်ရာ ရရှိခဲ့ကြောင်း ဒေသတွင်း မီဒီယာကဖော်ပြသည်။

ဒဏ်ရာရရှိသူထဲမှ နှစ်ဦးမှာ အိုဟိုင်းအိုးမြို့လယ် အထက်တန်းကျောင်းမှဖြစ်ပြီး အခြားနှစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်းအမေရိကန်ရုပ်မြင်သံကြား သတင်းများတွင်ဖော်ပြထားသည်။

သတင်းစာရှင်းလင်းပွဲတွင် ပြောခွင့်ရပုဂ္ဂိုလ်က အဆိုပါ သံသယရှိသူမှာ ပစ်ခတ်မှုအပြီး ၎င်း၏သေနတ်ကိုလွှတ်ချခဲ့ပြီး အခင်းဖြစ်ပွားရာနေရာမှထွက်ပြေးခဲ့ရာ ကျောင်းဝင်းအတွင်း၌ပင် ဖမ်းမိခဲ့ကြောင်း ပြောသည်။

၎င်းမှာ သေနတ်ကို မည်သည့်နေရာမှ ရရှိခဲ့ခြင်းအပေါ် အာဏာပိုင်များက စုံစမ်းဆဲနှင့် အကြောင်းအရင်းကို အသေအချာ မသိရသေးကြောင်း ပြောခွင့်ရသူ ဂျုန်းစ်ကပြောသည်။ **(ဆင်ဟွာ)**

# မက္ကဆီကို ကိုယ်ဝန်သည် အမျိုးသမီး ၁၁ ဦး ဇီကာဗိုင်းရပ်ကူးစက်ခံရ

**မက္ကဆီကိုစီးတီး မတ် ၁**

မက္ကဆီကိုရှိ ကိုယ်ဝန်သည် အမျိုးသမီး ၁၁ ဦးမှာ စုစုပေါင်း ရောဂါဖြစ်ပွားမှု ၁၂၂ ခုတွင် ဇီကာဗိုင်းရပ်ပိုး ကူးစက်ခံရကြောင်း တနင်္လာနေ့တွင် အစိုးရကအတည်ပြုပြောကြားခဲ့သည်။

မက္ကဆီကန်တောင်ပိုင်း ဒေသများရှိ ချီအာပတ်စ်နှင့် အိုအက်စကာတို့တွင် ရောဂါဖြစ်ပွားမှု အများဆုံးတွေ့ရှိရကြောင်း ကျန်းမာရေးဝန်ကြီးဌာန မှတ်တမ်းများအရ သိရသည်။

ရောဂါပိုးကူးစက်ခံရသူ ကိုယ်ဝန်သည် ရှစ်ဦးမှာ ချီအာပတ်စ်မှဖြစ်ပြီး နှစ်ဦးမှာ အိုအက်စကာမှ ဖြစ်ကာ ကျန်တစ်ဦးမှာ ပင်လယ်ကွေ့ကမ်းရိုးတန်းဒေသမှဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ဖေဖော်ဝါရီလလယ်ပိုင်းမှစ၍ ရောဂါပိုးကူးစက်ခံရသည့် ကိုယ်ဝန်သည် အရေအတွက်မှာ မြင့်မားလာပြီး အတည်ပြုထားသည့် ဇီကာရောဂါဖြစ်ပွားမှု ၈၀ တွင် ပိုးကူးစက်ခံရသူ ကိုယ်ဝန်သည် ခြောက်ဦးပါဝင်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ဇီကာဗိုင်းရပ်ပိုးမှာ ဦးခေါင်းသေးရောဂါဖြစ်ပွားစေပြီး ပုံမှန်မဟုတ်သော အဆိုပါ ဦးခေါင်းသေးရောဂါမှ တစ်ဆင့် ဖွံ့ဖြိုးကြီးထွားမှုကို အဟန့်အတားဖြစ်စေကြောင်း အပါအဝင် ဇီကာဗိုင်းရပ်အကြောင်းကို အလုံးစုံမသိရှိကြရသေးပေ။

ဘရာဇီး၌ ဦးခေါင်းသေးရောဂါဖြစ်ပွားမှုပေါင်း ၅၈၀ ကျော်တွင် အများစုမှာ ဇီကာဗိုင်းရပ် ကူးစက်ခံရသော မိခင်များနှင့် ဆက်စပ်မှုရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။ နိုင်ငံတွင်းရှိသံသယဖြစ်ဖွယ် ဦးခေါင်းသေး ရောဂါဖြစ်ပွားမှုပေါင်း ၄၁၀၀ ကျော်ကို စစ်ဆေးမှုများ ထပ်မံပြုလုပ်နေကြောင်းသိရသည်။ **(ရိုက်တာ)**



မက္ကဆီကိုရှိ မရီဒါ၌ ဇီကာဗိုင်းရပ်နှင့် အခြားခြင်အန္တရာယ်ကင်းစေရေးအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေသော ကျန်းမာရေးဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

# ကင်ညာကမ်းရိုးတန်းဒေသတွင် တရုတ်နိုင်ငံက မူလတန်းကျောင်းတည်ဆောက်ပေးခဲ့

**မွမ်ဘာဆာ (ကင်ညာ) မတ် ၁**

တရုတ်အစိုးရသည် ကင်ညာကမ်းရိုးတန်းဒေသ တိုက်တာ-တာဗီတာ စီရင်စုတွင် မိန်းကလေးမူလတန်းကျောင်းတစ်ခုကို တည်ဆောက်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနတွင်ဖော်ပြသည်။

အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ သန်းကုန်ကျသည့် အဆင့်မီ မွာတော့ ဆီနို-အာဖရိက ချစ်ကြည်ရင်းနှီးရေး မိန်းကလေးမူလတန်းကျောင်းကို တည်ဆောက်ခဲ့ကြောင်း တရုတ်သံရုံး၏ ပြောကြားချက်ကိုကိုးကား၍ ကင်ညာပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။

ကင်ညာနိုင်ငံရှိ တရုတ်သံရုံးမှ စီးပွားရေးနှင့်ကုန်သွယ်ရေးသံမှူး ဂူစီက "ကျောင်းတည်ဆောက်ဖို့ ခွင့်ပြုလိုက်တယ်ဆိုတာက တရုတ်ပြည်သူနှင့် ကင်ညာပြည်သူများကြား ရင်းနှီးဖော်ရွေမှုရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟုပြောခဲ့သည်။

ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများက "မိန်းကလေးကျောင်းအပ်တဲ့နှုန်းများပြားလာစေရန်နဲ့ လုံခြုံစိတ်ချသော သင်ကြားရေးပတ်ဝန်းကျင်ဖြစ်ပေါ်စေရန်ရည်ရွယ်၍ ဒီစီမံကိန်းကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်" ဟုပြောကြားခဲ့သည်။ ပညာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ် လီရိုတစ်က " ဒီစီမံကိန်းက တရုတ်အစိုးရနဲ့ ကင်ညာအစိုးရကြားပူးပေါင်းဆောင်ရွက်နေတဲ့ ပညာရေးစီမံကိန်း သုံးခုထဲကတစ်ခုဖြစ်ပါတယ်" ဟု ၎င်းကပြောခဲ့သည်။ **(ဆင်ဟွာ)**

# အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်ကျင့်သုံး

**ဒမတ်စကတ် မတ် ၁** ဆီးရီးယား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို တိုက်ပွဲနှင့်ပဋိပက္ခများဖြစ်ပေါ်နေသည့်ကြားက ဆက်လက်ကျင့်သုံးခဲ့သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောခဲ့သည်။ ဘန်ကီမွန်းသည် တနင်္လာနေ့က ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကိုယ်စားလှယ်နှင့်တွေ့ဆုံပြီးနောက် ဂျီနီဗာတွင် သတင်းထောက်များကို ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆက်လက်ပြုလုပ်နိုင်မည်ဟုမျှော်လင့်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီမှုများကို ထိန်းသိမ်းခံ ဆီးရီးယားဒေသသို့ရောက်ရှိရန်လည်း မျှော်လင့်ကြောင်း စသည့်ဖြင့် ပြောကြားခဲ့သည်။

ထို့အပြင် မပြီးပြတ်သေးသော ကုလသမဂ္ဂအစီအစဉ်ဖြစ်သည့် ဆီးရီးယားငြိမ်းချမ်းရေးကို ပြန်လည်စတင်မည်ဟုပြောခဲ့သည်။ သို့သော်လည်း ဆီးရီးယား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်သည်ဟုဆိုကာ ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ်အာဆတ်အစိုးရအဖွဲ့နှင့် အတိုက်အခံအုပ်စုတို့ကြား အပြန်အလှန်စွပ်စွဲမှုများဖြစ်ပေါ်လျက်ရှိသည်။ **(အင်န်အိတ်ချ်ကေ)**

## နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားမိသားစုများ၏ လူနေမှုဘဝနှင့် အကျိုးစီးပွားမြှင့်တင်ရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားဖြစ်

◆ *ရှေ့ဖုံးမှ*

မိမိဦးဆောင်သည့် အစိုးရ၏သက်တမ်းကာလ(၅)နှစ်တင်းတင်း ပြည့်မြောက်တော့မည့်အချိန်ကာလသို့ မကြာမီရက်ပိုင်းအတွင်း ရောက်ရှိတော့မည် ဖြစ်ပါသည်။ ဒုတိယအကြိမ် ပြည်သူလူထုကိုယ်တိုင် ဆန္ဒပြုပါဝင်ရွေးချယ်ခဲ့သည့် အစိုးရထံသို့ နိုင်ငံ့တာဝန်များကို စနစ်တကျချောမွေ့စွာဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေသည့် ကာလဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကြီးကို အဓိကအခြေခံ မှီခိုအားထားနေရဆဲဖြစ်သည့် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံ၏လူဦးရေ အချိုးအစား ၇၀ ရာခိုင်နှုန်းကျော်ပါဝင်သည့် တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေနိုင်မည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထားပြီး စဉ်ဆက်မပြတ် အားပေးကြိုးပမ်းလုပ်ဆောင်ပေးကြရမည် ဖြစ်ပါသည်။

နိုင်ငံ၏အခြေခံအဓိကအင်အားစုများဖြစ်သည့် တောင်သူလယ်သမားဦးကြီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်သည် **“နိုင်ငံတော်၏ အမျိုးသားကိုယ်ခံစွမ်းအား”** တောင့်တင်းခိုင်မာစေရေး တာဝန်နှင့် တိုက်ရိုက်ဆက်စပ်ဖြစ်တည်လျက်ရှိနေပါသည်။

မိမိတို့အစိုးရ၏ သက်တမ်းကာလ(၅)နှစ်အတွင်း တောင်သူလယ်သမားဦးကြီးများ၏ အခြေခံလိုအပ်ချက်များဖြစ်ကြသော စိုက်ပျိုးစရိတ် အရင်းအနှီးများ တိုးတက်ရရှိရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး၊ သမားရိုးကျစိုက်နည်းစနစ်များအစား ခေတ်မီစိုက်ပျိုးရေးနည်းပညာများပြန့်ပွားပေးနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ မိုးရေကိုသာမျှော်ကိုးပြီး စိုက်ပျိုးကြရသည့် အခြေအနေမျိုးမှ တစ်နှစ်လုံးစိုက်ပျိုးနိုင်ရန် လယ်မြေများကို မြစ်ရေတင်စီမံကိန်း၊ ဆည်တာတမံစီမံကိန်းများဆောင်ရွက်ပေးခြင်းနှင့် ခေတ်မီအဆင့်မြင့် စက်မှုလယ်ယာမြေစနစ်သို့ ကူးပြောင်းနိုင်ရေးလုပ်ငန်းများကို အုတ်မြစ်ချ ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံနှင့်အဝန်း ဆက်လက်ဆောင်ရွက်ရန်ရှိနေသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပခုံးပြောင်းတာဝန်များကို နောက်အစိုးရသက်တမ်းကာလတွင် ပို၍တိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့မည်ဖြစ်ပါသည်။

နိုင်ငံ၏ အဓိကစားသုံးသီးနှံအမယ်ဖြစ်သော ဆန်စပါးသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံသားအားလုံးအတွက် နေ့စဉ်လိုအပ်ချက်ဖြစ်သော **“စားရေရိက္ခာဖူလုံရေးတာဝန်”**နှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည့် အားလျော်စွာ တစ်ဧကအထွက်နှုန်းများ သိသိသာသာတိုးတက်စေပြီး တောင်သူလယ်သမားကြီးများအတွက် ဝင်ငွေနှစ်ဆ အမှန်တကယ်တိုးတက်ခံစားရရှိနိုင်မည့် အထွက်တိုးစပ်မျိုးစပါးမျိုးစေ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

ဆန်စပါးသီးနှံအပါအဝင် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်လိုက်သည့် ပြည်တွင်းစားသုံးမှုမှပိုလျှံသော ကောက်ပဲသီးနှံအမျိုးမျိုးတို့ကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် **“ရိတ်သိမ်းချိန်လွန်နည်းပညာ”** ဖွံ့ဖြိုးရေးနှင့်အတူ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးလုပ်ငန်းကိုလည်း အားပေးကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်များကို ဈေးနှုန်းခိုင်ခိုင်မာမာဖြင့် ပြည်တွင်းပြည်ပ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာထွက်ကုန် **“လက်ကားဈေး (Wholesale Market)”** ကြီးများ၊ ပုဂ္ဂလိက အခန်းကဏ္ဍမှ ထူထောင်အကောင်အထည်ဖော်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားများအတွက် အခြေခံလိုအပ်ချက်ရှိနေသော ခေတ်မီစိုက်ပျိုးရေးနည်းပညာများ လက်ဝယ်အရောက်အလွယ်တကူ ရောက်ရှိရေး၊ ပညာပေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် အဓိကဆက်စပ်နေသောသတင်းများဖြစ်သည့် ရာသီဥတုသတင်းအချက်အလက်များ၊ ဈေးကွက်နှင့် ဈေးနှုန်းသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ တောင်သူလယ်သမားများ သိရှိအသုံးချနိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ကိုယ်စိတ်အပန်းဖြေအနားယူမှုကို အထောက်အပံ့ဖြစ်စေမည့် **လယ်ယာကဏ္ဍသတင်းနှင့် ပညာပေးကဏ္ဍများအပြင် ဖြေဖျော်ရေးအစီအစဉ်များ၊ ကဏ္ဍစုံပါဝင်သော “တောင်သူလယ်သမား ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲများ” နှင့် “တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmers' Channel)” အစီအစဉ်များကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထုတ်လွှင့်ပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။**

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

လူသားတိုင်း၊ နိုင်ငံသားတိုင်း၏ နေ့စဉ်ဘဝအတွက် စားရေး၊ ဝတ်ရေး၊ နေရေး အခြေခံလိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ် အဓိကလိုအပ်ချက်မှာ **“စားရေရိက္ခာ”**လိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးတက်လျက်ရှိရာ လက်ရှိ ယနေ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ရှိလာမည်ဖြစ်သဖြင့် လိုအပ်လာမည့် စားရေရိက္ခာအတွက် ပိုမိုစိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ယင်းလိုအပ်ချက်အပေါ်တွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ကမ္ဘာ့ရာသီဥတု၏ ပြင်းထန်စွာပူပြင်းခြောက်သွေ့ခြင်း၊ လွန်ကဲစွာမိုးသည်းထန်ခြင်း၊ အအေးလွန်ခြင်းကြောင့် ဆီးနှင်းကျခြင်း၊ လေမုန်တိုင်းများတိုက်ခြင်း၊ လျှင်ကြီးများလှုပ်ခြင်း၊ ဆူနာမီလှိုင်းများကျရောက်ခြင်းစသည့် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့နေရခြင်းနှင့် လူသားတို့၏ လောဘ၊ ဒေါသမီးများကြောင့် ဖြစ်ပေါ်နေကြရသည့် လူ့ပယောဂ စစ်မီးအန္တရာယ်ဆိုးကြီးများကြောင့် စားရေရိက္ခာထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် ပိုမိုအလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည်လည်း နိုင်ငံ၏စဉ်ဆက်မပြတ် တိုးပွားလာမည့် လူဦးရေအတွက် စားရေရိက္ခာဖူလုံစိတ်ချရမှုရှိစေရေးအတွက်သာမက ကမ္ဘာ့ရိက္ခာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန် နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ဘက်စုံမှ အရှိန်အဟုန်မြှင့်တင် အားပေးဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝမှု၊ စိုက်ပျိုးရေးအတွက် အလွန်ကောင်းမွန်သော သဘာဝမှပေးသည့် ရာသီဥတုအခြေအနေကောင်းများကို တောင်သူလယ်သမားတို့၏ စွမ်းအားဖြင့်ပေါင်းစပ်လျက် လယ်ယာကဏ္ဍ စားနပ်ရိက္ခာထုတ်လုပ်မှုကို အရှိန်အဟုန်ဖြင့် တိုးတက်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ခြင်းလုပ်ငန်းသည် မိမိတို့ပြည်သူများနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး၏ **“စားနပ်ရိက္ခာလုံခြုံရေး (Food Security)”** လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်၍ နိုင်ငံတော်၏အမျိုးသားရေး အကျိုးစီးပွားကိုလည်း မြှင့်တင်ပေးနိုင်မည့် **“ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ”**သည့် အလွန်မွန်မြတ်သန့်စင်သော လုပ်ငန်းရပ်ပင်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-**

နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမား မိသားစုများ၏ လူနေမှုဘဝနှင့် အကျိုးစီးပွားမြှင့်တင်ရေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ **“ရေရှည်အမျိုးသားရေး အကျိုးစီးပွား”**ဖြစ်ပါသည်။ မိမိတို့ လက်ရှိအစိုးရသက်တမ်း (၅)နှစ်တာကာလအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့မှုများသည် မြန်မာနိုင်ငံ၏ တောင်သူလယ်သမား အကျိုးစီးပွားအတွက်သာမက နိုင်ငံ၏ရေရှည်အမျိုးသားရေး အကျိုးစီးပွား ကြိုးပမ်းဆောင်ရွက်မှုများဖြစ်သည့် အားလျော်စွာ မကြာတော့မည့် ကာလတွင် ဖြစ်ပေါ်လာမည့် အစိုးရအနေဖြင့်လည်း **“ဤအစဉ်အလာကောင်း၊ စံနမူနာကောင်းများ”**ကို ဆက်လက်၍ လက်ဆင့်ကမ်းသယ်ဆောင်ကြိုးပမ်းဆောင်ရွက်သွားလိမ့်မည်ဟု လေးနက်စွာယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့မင်္ဂလာရှိသော **“နေ့ထူးရက်မြတ် တောင်သူလယ်သမားနေ့”** ကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားထုကြီးအနေဖြင့် မိမိတို့၏အကျိုးစီးပွား၊ နိုင်ငံတော်၏ ရေရှည်အမျိုးသားရေး အကျိုးစီးပွားအတွက် နိုင်ငံသူ နိုင်ငံသားအားလုံးနှင့်အတူ ပူးပေါင်းပါဝင် ကြိုးပမ်းဖော်ဆောင်ပေးကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။



# ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ်အား ယနေ့ နံနက် ၉ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး မစ္စတာ ပီဆာနု ဆူဗာနာရတအား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး မစ္စတာ ဗီဂျေနမ်ဘီးယား **(အပေါ်ပုံ)**အား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ပြည်ပဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် မတ် ၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး ပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားအား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပီဆာနု ဆူဗာနာရတ အား ယနေ့ ညနေ ၃ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဒဲရစ်မစ်ချဲယ် **(အောက်ပုံ)**အား ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဒေါ်စုစုလွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ဥပဒေအတွေး ရေးပါရစေ (အပိုင်း-၈)



**ဦးဟန်ညွန့်(ဥပဒေ)**

## ဥပဒေပြုအမတ် ဦးဘဦး၏အမြင်

**ဦးဘဦး**ကငှင်းရေးသားပြုစုသော **"မြန်မာ့အုပ်ချုပ်ရေး ပညာ"** ကျမ်းစာအုပ်တွင်-

"မြန်မာ့အုပ်ချုပ်ရေးပညာရပ်သည် အနောက်ဥရောပနိုင်ငံများနှင့် လုံးဝမတူ။ ထူးခြားကွဲပြားခြားနားသည်။ မြန်မာ့အုပ်ချုပ်ရေးပညာသည် လူတို့၏ ကိုယ်ကျင့်တရားအပေါ်မှာသာ များများအခြေပြုထားကြောင်း တွေ့ရှိရသည်။" "မြန်မာ့အုပ်ချုပ်ရေးစနစ်တွင် ဘုရင်၏တာဝန်၊ ဝတ္တရားများ၊ လွှတ်တော်၏အခန်းကဏ္ဍ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ မြန်မာအမျိုးသားစီးပွားရေး၊ နိုင်ငံကာကွယ်ရေးနှင့် အထွေထွေကဏ္ဍများ ပါဝင်သည်။ တိုင်းသူပြည်သားတို့က အခွန်ပေးဆောင်ရသည်။" လွှတ်တော်နှင့်စပ်လျဉ်း၍ "ရှေ့လွှတ်တော်ဆိုင်ရာကျင့်ထုံး စည်းမျဉ်းချမှတ်ထားသည်ကို တွေ့ရသည်။"စသည်ဖြင့် မြန်မာ့အုပ်ချုပ်ရေးဥပဒေပြုကဏ္ဍကို မီးမောင်းထိုးပြသည်။

## သမိုင်းပါမောက္ခဒေါက်တာသန်းထွန်း၏အမြင်

သမိုင်းပါမောက္ခ **ဒေါက်တာသန်းထွန်း**က ငှင်းပြုစုရေးသားသော **"ခေတ်ဟောင်း မြန်မာရာဇဝင်"** စာအုပ်တွင်-

"ပြည်ရေးပြည်ရာကိစ္စရာများ၌ တရားစီရင်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုစုရေး တာဝန်များကို တွေ့မြင်ရကြောင်း၊ ကြီးသောအမှုငယ်စေ၊ ငယ်သောအမှု ပပျောက်စေ၊ စေ့စပ်ကျေအေး ဖျန်ဖြေပေးသည့်မှု သဘောပါဝင်ကြောင်း၊ တိုင်းပြည်သာယာ၍ ပြည်သူတို့၏ ချစ်ကြည်စွာပေါင်းသင်းနေထိုင်မှုကို ဖန်တီးပေးကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းအတွေးအခေါ်၊ အယူအဆခံယူချက်များကို ပြသကြောင်း၊ လူမှုဆက်ဆံရေးကိစ္စများတွင် တစ်ဦးနှင့်တစ်ဦးယုံကြည်မှု၊ နားလည်မှု၊ ထောက်ထားညှာတာမှုများကို အခြေခံဆောင်ရွက်ကြကြောင်း" စသည်ဖြင့် ထောက်ပြရေးသားခဲ့ပေသည်။

## နိုင်ငံတော်တရားဝန်ကြီးချုပ်ဦးသိမ်းမောင်၏အမြင်

ပကာသနထောင်လွှားမှုမရှိဘဲ ရိုးရိုးကုပ်ကုပ်နေတတ်သော၊ ပင်နီအပေါ်အင်္ကျီနှင့် တောင်ရှည်ပုဆိုးကိုနှစ်သက်သူဖြစ်သော၊ မြန်မာ့မျိုးချစ်ဝတ်လုံတော်ရနိုင်ငံတော် တရားဝန်ကြီးချုပ်**ဦးသိမ်းမောင်**သည် ဥပဒေအတွေးအမြင်ကောင်းများ တွေးခေါ်ကျင့်သုံးခဲ့ကြောင်း လေ့လာသိရှိရသည်။

**ဝတ်လုံတော်ရဦးသိမ်းမောင်**သည် ဆရာတော်သံဃာတော်များနှင့်တကွ မြို့မိမြို့ဖများအား လေးစားဂါရဝပြုခြင်း၊ လူကြီးသူမများ၏ အဆုံးအမကိုနာခံခြင်း၊ အတ္တဟိတ၊ ပရဟိတသဘောကိုစင်ကြယ်စွာထိထိရောက်ရောက်ကျင့်သုံးခြင်း၊ ထိုခေတ်ကပြည်မြို့၏ အသည်းစွဲဝတ်လုံတော်ရတစ်ဦးဖြစ်လာခြင်း၊ အမှုတစ်မှုအောင်မြင်ရေးအတွက် ကာယကံရှင် အမှုသည်ထက်ပင်ပိုမိုစိုးရိမ်ကြိုးပမ်းခြင်း၊ ငွေရလျှင်ပြီးရော သဘောမထားခြင်း၊ ဥပဒေအတွေးအခေါ်ထက်မြက်ခြင်း စသည့်ဥပဒေပညာရှင်တစ်ဦး၏ ဂုဏ်ဒြပ်များနှင့်ပြည့်စုံသူအဖြစ် ထင်ပေါ်လာခြင်းများ တွေ့မြင်ရပေသည်။

မြန်မာ့သမိုင်းဝင်အလုပ်ကို ဦးဆောင်ဦးရွက်လုပ်ခဲ့သည့် အချက်မှာ ဘုရားကျောင်းကန်တို့မှ ဆိုင်းဘုတ်များတွင်"မည်သူမျှ ဖိနပ်မစီးရ"ဟူသောစာသားကို ထင်ရှားစွာရေးသားလိုက်နာစေခဲ့သော မြန်မာ့ဥပဒေပညာရှင်ကြီးဖြစ်ပေသည်။ မြန်မာတစ်ပြည်လုံး ဂုဏ်သတင်းပျံ့သင်းခဲ့ပါသည်။ **"ဖိနပ်သိမ်းမောင်"** ဟူ၍ပင် အမည်တွင်ခဲ့ပါသည်။ ဥပဒေတွေးခေါ်ပညာရှင်ကြီး၏ နိုင်ငံနှင့် လူမျိုးအတွက်ဆောင်ရွက်ချက်ကို သမိုင်းမော်ကွန်းတင်အပ်ပါသည်။

## ဥပဒေပါမောက္ခများ

၁၉၂၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ် **စိန်ရတုကာလအတွင်း** ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ဥပဒေပါမောက္ခကြီးများသည်လည်း ဥပဒေအတွေး၊ ဥပဒေအရေး၊ ဥပဒေပညာပြန့်ပွားရေး၊ ဥပဒေပညာရှင်များ မွေးထုတ်ရေး စသည့် သမိုင်းပေးတာဝန်များကို ထမ်းဆောင်ခဲ့ကြပေသည်။

(၁) ဥပဒေပါမောက္ခဦးမေအောင်(M.A.LL.M. Barrister-at-Law)
(၂) ဥပဒေပါမောက္ခဆာအာသာအဂ္ဂါ M.A(cantab); Barrister-at-Law (Inner Temple)
(၃) ဥပဒေပါမောက္ခ ဒေါက်တာဘဟန် (M.A.D.Litt,Ph.D.LL.D.Bar-at-Law
(၄) ဥပဒေပါမောက္ခ ဦးကျော်မြင့် (Barrister-at-Law;LL.D)
(၅) ဥပဒေပါမောက္ခ ဒေါက်တာမြင့် (B.A;Bar-at-Law,LL.D)
(၆) ဥပဒေပါမောက္ခ ဦးအောင်ခိုင် (M.A.Bar-at-Law)
(၇) ဥပဒေပါမောက္ခ ဦးလှအောင် (B.A,B.L,M.A,LL.M)
(၈) ဥပဒေပါမောက္ခ ဦးတင်အုံး (B.A.Hons.,B.L.LL.M)
(၉) ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေး B.Sc,B.L,Dipl.Jur(LL.M), Dr.Jur(LL.D)

(ဥပဒေပါမောက္ခ ဒေါက်တာတင်အောင်အေး-ပြုစုသော "ပညာခရီးသည်စာအုပ်၊ စာ-၄၄မှ ကောက်နုတ်ဖော်ပြချက်)

## ဥပဒေပညာသင်ကြားရေး

ဥပဒေအတွေးအခေါ်ထက်မြက်ရေး၊ ဥပဒေပြုစုရေး၊ ဥပဒေကျမ်းများဖော်ထုတ် သုတေသနပြုရေး၊ မြန်မာမှကမ္ဘာသို့ ဥပဒေပညာအဆင့်မြင့်မြင့် သင်ယူတတ်မြောက်ရေး၊ မြန်မာ့တရားဥပဒေစနစ်၏ ကောင်းမြတ်သောကျင့်စဉ်များ ရေရှည်တည်တံ့ရေး၊ ဥပဒေပညာရှင် လူငယ်မျိုးဆက်သစ်များ ပေါ်ထွန်းရေး၊ မြန်မာ့ဒီမိုကရေစီခေတ်သစ်တွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များ ခိုင်မာရေး၊ ပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒအစစ်အမှန်ဖြင့် ဒီမိုကရေစီဆန်သော တရားဥပဒေများ လူထုတွင်းစိမ့်ဝင်စီးဆင်းရေး၊ အဂတိလိုက်စားမှု ပပျောက်ရေး၊ တရားဥပဒေစိုးမိုးရေးစသည့် ဥပဒေပညာအခြေခံတတ်သိနားလည်ရေးအတွက် တက္ကသိုလ်ဥပဒေပညာသင်ကြားရေးစနစ်သည် အဓိကကျလှပေသည်။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ အနာဂတ်ကိုစိုးပိုင်ကြမည့် လူငယ်ဥပဒေပညာရှင်များ အရည်အချင်းပြည့်မီရေးမှာ လွန်စွာအရေးကြီးလှပေသည်။

**ကျင့်ဝတ်နှင့်ညီသော တရားသူကြီး၊ မြင့်မြတ်သော ရှေ့နေ၊ ဘက်မလိုက်သော သက်သေများသည် တရားစီရင်ရေးစနစ်၏ ဂုဏ်အင်္ဂါများဖြစ်ပေသည်။ တရားစီရင်ရေး၏ အင်အား ဖွံ့ဖြိုးတိုးတက်ရန်မှာ ဘက်စုံ၊ ထောင့်စုံ၊ အင်္ဂါစုံမှသာ ဖြစ်ထွန်းနိုင်ပေမည်။**

## အမှုတစ်ရာ

**"အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာကြုံတတ်စမြဲ"** ဟူသောဆိုရိုးနှင့်အညီ လူ့လောကတွင် အမှုများစွာကြုံဆုံတတ်သည်။ ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ လူသတ်မှု၊ ပုန်ကန်မှု၊ လိမ်လည်မှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ ကတိပျက်ကွက်မှု၊ မြေယာအငြင်းပွားမှု စသည်စသည်ကြုံတွေ့နိုင်ပေသည်။ အဆိုပါမှုခင်းများကို တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရပေမည်။ ထိုအခါ ခုံသမာဓိ၊ တရားသူကြီး၊ တရားရုံး၊ ဥပဒေရုံး၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများပေါ်ပေါက်လာပေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များလည်း ပေါ်ထွန်းလာပေသည်။ မြန်မာ့တရားဥပဒေဓမ္မသတ်များ၏ အခန်းကဏ္ဍကို တင်ဆက်ခဲ့ပြီးဖြစ်ပါသည်။

## တရားသူကြီး၊ ရှေ့နေ၊ သက်သေများ

ကျင့်ဝတ်နှင့်ညီသောတရားသူကြီး၊ မြင့်မြတ်သော ရှေ့နေ၊ ဘက်မလိုက်သောသက်သေများသည် တရားစီရင်ရေးစနစ်၏ ဂုဏ်အင်္ဂါများဖြစ်ပေသည်။ တရားစီရင်ရေး၏အင်အား ဖွံ့ဖြိုးတိုးတက်ရန်မှာ ဘက်စုံ၊ ထောင့်စုံ၊ အင်္ဂါစုံမှသာ ဖြစ်ထွန်းနိုင်ပေမည်။ ကိုယ့်တာဝန်ကိုယ်ကျေမှဖြစ်ပေမည်။ သီလကောင်းခြင်း၊ စေတနာမှန်ခြင်း၊ အမှန်ကိုဖော်ထုတ်ခြင်းတို့သည်ကား ဥပဒေအတွေးအမြင်များ အခြေခံဝိသေသ လက္ခဏာများဖြစ်ကြပေသည်။ တစ်ဦးဦး၊ တစ်ဖက်ဖက်က ချည့်နဲ့လျော့ပါးနေလျှင် အောင်မြင်မှု နည်းပါးနိုင်ပေသည်။

## အရေးပါသော ဥပဒေအချို့

မြန်မာ့တရားစီရင်ရေးနယ်ပယ်တွင် အရေးပါသော **ဥပဒေအချို့မှာ** အောက်ပါအတိုင်းဖြစ်သည်-

(၁) ရာဇသတ်ကြီး(၁၈၆၀)
(၂) သက်သေခံအက်ဥပဒေ(၁၈၇၂)
(၃) ပဋိညာဉ်အက်ဥပဒေ(၁၈၇၂)
(၄) ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ (၁၈၈၂)
(၅) ရုံးခွန်အက်ဥပဒေ(၁၈၇၀)
(၆) သီးခြားသက်သာခွင့် အက်ဥပဒေ(၁၈၇၇)
(၇) ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ(၁၈၉၈)
(၈) တရားမကျင့်ထုံးဥပဒေ(၁၈၉၈)
(၉) အမှုတန်ဖိုးဖြတ် အက်ဥပဒေ(၁၈၈၇)
(၁၀) မှတ်ပုံတင်အက်ဥပဒေ(၁၉၀၈)
(၁၁) ကာလစည်းကမ်းသတ်အက်ဥပဒေ(၁၉၀၈)
(၁၂) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ(၁၉၁၃)

## ကာလရှည်ကြာပြင်စရာ

အထက်ဖော်ပြပါ အက်ဥပဒေများကို မြင်တွေ့ဖတ်ရှုရုံမျှဖြင့် ကာလရှည်ကြာခဲ့ပြီ။ "ဥပဒေအဟောင်းတွေပါပဲ"ဟု အပြစ်တင် မစောစေလိုပါ။ **"အသစ်တွေဘယ်လို ကောင်းကောင်း အဟောင်းကိုဖြင့် တလည်လည်"**ဟူသောဆိုရိုးစကားလည်းရှိပေသားပဲ။ အဟောင်းဆိုတိုင်း မကောင်းမပြောနှင့်။ အသစ်ဆိုတိုင်း မပြည့်စုံသေး၊ ရောသမမွှေ၍ ဥပဒေရေးကြရသည်။ ရှေ့နောက်ပြန်ကြည့်ရသည်။ မလိုတာဖျက်၊ လိုတာရွေးနုတ်၊ ရေရှည်တည်တံ့ဖို့ ကြံဆောင်ကြရသည်။ ဥပဒေအမြင်နှင့် တွေးကြရသည်။ **ဥပဒေအတွေးသည် ဥပဒေအတွေးသာဖြစ်သည်။** ဥပဒေပညာရှင်၏အတွေးသည် အခြားသူနှင့်မတူနိုင်၊ ထိုသို့ဆို၍ကြီးကျယ်သည်ဟု မယူဆစေလိုပါ။ ဥပဒေနှင့်ညီညွတ်သော၊ ဥပဒေဘောင်ရှိသော၊ အများပြည်သူ လက်ခံကျင့်သုံးသော၊ လက်တွေ့ဘဝနှင့် မကင်းကွာသော ဥပဒေအတွေးကိုသာ ဆိုလိုရင်းဖြစ်ပါသည်။ **ကာလရှည်ကြာ၍ လူထုကိုအကျိုးမပြုလျှင် ပြင်စရာဖြစ်ပါ၏။** ခေတ်နှင့်မလျော်လျှင် လျော်အောင်တွေးကြပါ။ စဉ်းစားကြပါ။ သုံးသပ်ကြပါ။ အဖြေရှာကြပါ။ ပြုပြင်ကြပါ။

## ဥပဒေအတွေး၏အကိုင်းအခက်များ

ပင်မသစ်ပင်ကြီးဖြစ်သောပင်စည်ကြီးမှ အကိုင်းအခက်များ ပြန့်ကား၊ ဝေဆာ၊ လှပစွာပေါက်ဖွားကြကုန်သည်။ ဥပဒေ ပင်မကြီး(အခြေခံဥပဒေ)မှ ဘက်စုံဥပဒေများ လူမှုကျင့်ဝတ်များ၊ ဥပဒေအတွေး၏အကိုင်းအခက်များ ပြန့်ကားထွက်ပေါက် ပြည်သူလူထု၏ ရှေ့မှောက်သို့ ရောက်ကြပါကုန်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



**မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဌာနပိုင်ရုံးအဆောက်အအုံများတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်နှင့် ပေါ့ဆမီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီလ စတုတ္ထပတ်က မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်စဉ်။**

(ခရိုင် ပြန်/ဆက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ သီပေါမြို့၌ပေးအပ်

**သီပေါ မတ် ၁**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ရာ၌ ပါဝင်ခဲ့သည့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး သီပေါမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဂုဏ်ပြုခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ခြောက်ဦးနှင့် ရပ်ကွက်



ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင် ၇၀၇ ဦးတို့ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အုပ်စုအလိုက် ချီးမြှင့်ငွေများနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **စိုင်း(သီပေါ)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့ အလိုက်အစည်းအဝေးများ စတင်ကျင်းပမည့်နေ့ရက် ပြင်ဆင်သတ်မှတ်

**နေပြည်တော် မတ် ၁**

ဒုတိယအကြိမ် ပြည်ထောင်စု လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ **(ယာပုံ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေး အစုအဖွဲ့အလိုက် အစည်းအဝေးများ စတင်ကျင်းပမည့် နေ့ရက်ပြင်ဆင်သတ်မှတ်ခြင်း၊** တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ပိုလန်သမ္မတနိုင်ငံနှင့် တူရကီသမ္မတနိုင်ငံတို့မှ ပေးပို့သည့် **သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာများ တိုးချဲ့ ပြင်ဆင်ခြင်းနှင့် ပယ်ဖျက်ခြင်း၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကော်မရှင်(၁)ခုနှင့် ကော်မတီနှစ်ခုဖွဲ့စည်းခြင်း**တို့ကို အတည်ပြုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု လွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **တရုတ်ပြည်သူ့သမ္မတနိုင်ငံ** အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန်တဲ့ကျန်း၊ **ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ** လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ ရှီရင်ရှာ မင်ချောင်ဒရီ၊ **ဗီယက်နမ်နိုင်ငံ** အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ငုယင်ဆင်ဟွန်၊ **ရုရှားဖက်ဒရေးရှင်းနိုင်ငံ** အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗလင်တီနာ အိုင်မတ်ဗီရန်ကို၊ ပိုလန်သမ္မတနိုင်ငံဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ စတန်နီစလော ကာဂျက်စ်စကီးနှင့် **တူရကီသမ္မတနိုင်ငံ** လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ အစ္စမေးလ်ခါရာမန်(န်)တို့ထံမှ ပေးပို့သည့် သဝဏ်လွှာများကို ဖတ်ကြားပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယက က ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်ကို မူလက မြို့နှစ်မြို့၊ ရပ်ကွက်(၇)ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၀ နှင့် ကျေးရွာ ၁၂၄ ရွာဖြင့် ဖွဲ့စည်းထားရှိရာ



စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စအရပ်ရပ်ကြောင့် နယ်မြေဒေသအသီးသီးမှ ပြောင်းရွှေ့နေထိုင်ခဲ့ကြသဖြင့် ဝူးကွေ့၊ မားထေး၊ ကောင်လာ၊ ရစ်ဘန်း၊ အော်ချိတ်၊ လေ့လော်၊ လီရှင်း၊ ချွတ်မော်ဇွပ်၊ ဖျင်းလော့၊ ကျင်းယော်၊ အားငွားကာ၊ လာမိုခါး၊ လာအိလို၊ ဆန်ချာ၊ ချီတီ၊ မီရှီဒီ၊ ဟီကြာပူ၊ ရားလူခါး၊ ဆင်းခုံး၊ ဆော့ဇမ်နှင့် လုတ်ဝမ် **စုစုပေါင်း ကျေးရွာ ၂၁ ရွာကို တိုးချဲ့ကျေးရွာများအဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်း၊** မွိဆမ်၊ လဇုပ်၊ ကျင်းဒေါ့၊ လခန်၊ ဆန်ယူ၊ ဖွမ်ဗျော၊ ထန့်ဗျိုင်၊ တလောမ်၊ ဂျန်ဇန်၊ ချေချင်း၊ ဖွမ်ဝေါ်၊ ဗျော်လီလီဆူ၊

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

### ပြည်ထောင်စုလွှတ်တော် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union – MPU) အဖွဲ့ဝင်များစာရင်း (၀၁ - ၀၃ -၂၀၁၆)

| စဉ် | ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုလွှတ်တော် နာယက၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ | မန်းဝင်းခိုင်သန်း | ဥက္ကဋ္ဌ |
| ၂။ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ | ဦးဝင်းမြင့် | ဒုတိယဥက္ကဋ္ဌ |
| ၃။ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ | ဦးတီခွန်မြတ် | အဖွဲ့ဝင် |
| ၄။ | ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးထွန်းတင် | ။ |
| ၅။ | ကယားပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးလှထွေး | ။ |
| ၆။ | ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးစောချစ်ခင် | ။ |
| ၇။ | ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးဇိုဘွဲ့ | ။ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးသန်း | ။ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးခင်မောင်အေး | ။ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးခင်မောင်ရင် | ။ |
| ၁၁။ | မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးတာ | ။ |
| ၁၂။ | မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ | ဦးအောင်ကျော်ဦး | ။ |
| ၁၃။ | မွန်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဒေါ်တင်အိ | ။ |
| ၁၄။ | ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးစံကျော်လှ | ။ |
| ၁၅။ | ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးတင်မောင်ထွန်း | ။ |
| ၁၆။ | ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ | ဦးစိုင်းလုံးဆိုင် | ။ |
| ၁၇။ | ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ | ဦးအောင်ကျော်ခိုင် | ။ |
| ၁၈။ | ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက | ဦးအေးသာအောင် | အတွင်းရေးမှူး |

### ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များစာရင်း - ၁ (၀၁ - ၀၃ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ်၊ ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၁။ | - | သူရဦးရွှေမန်း | ဥက္ကဋ္ဌ |
| ၂။ | ရမည်းသင်းမဲဆန္ဒနယ် | ဦးကိုကိုနိုင် | ဒုတိယဥက္ကဋ္ဌ(၁) |
| ၃။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) | ဒေါက်တာ ဝင်းမြတ်အေး | ဒုတိယဥက္ကဋ္ဌ(၂) |
| ၄။ | လမ်းမတော် မဲဆန္ဒနယ် | ဦးခင်မောင်ဝင်း | အဖွဲ့ဝင် |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) | ဦးမောင်မောင်အုန်း | ။ |
| ၆။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဦးကျင်ဖေ | ။ |
| ၇။ | ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး | ဦးဇော်မြင့်ဖေ | ။ |
| ၈။ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာ့ပုလဲလုပ်ငန်း | ဦးမောင်တိုး | ။ |
| ၉။ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်း | ဦးကြည်သာ | ။ |
| ၁၀။ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း)စက်မှုဝန်ကြီးဌာန | ဦးအေးမောက် | ။ |
| ၁၁။ | ဦးဆောင်ညွှန်ကြားရေးမှူး (ငြိမ်း) မြန်မာ့ရေနံဓာတု လုပ်ငန်း | ဦးသိန်းလွင် | ။ |
| ၁၂။ | ဗိုလ်မှူးကြီး(ငြိမ်း) | ဦးတင်မောင်ဦး | ။ |
| ၁၃။ | ဆားလင်းကြီးမြို့နယ် အများပိုင်ကုမ္ပဏီဥက္ကဋ္ဌ | ဦးစောလှထွန်း | ။ |
| ၁၄။ | မြို့နယ်ဦးစီးမှူး(ငြိမ်း) တိမွေးကုဦးစီးဌာန | ဒေါက်တာစိုးမိုးအောင် | ။ |
| ၁၅။ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) မီးသတ်ဦးစီးဌာန | ဦးမြင့်ထွန်း | ။ |
| ၁၆။ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ဦးစိုးမြင့် | ။ |
| ၁၇။ | ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)ကုန်းလမ်းပို့ဆောင် ရေးဦးစီးဌာန | ဦးဝင်းသန်း | ။ |

### ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များစာရင်း - ၂ (၀၁ - ၀၃ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ်၊ ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၁၈။ | လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)သာသနာရေးဝန်ကြီးဌာန | ဦးစိုးရယ် | အဖွဲ့ဝင် |
| ၁၉။ | သံအမတ်ကြီး(ငြိမ်း) | ဦးခင်မောင်တင် | ။ |
| ၂၀။ | သံအမတ်ကြီး(ငြိမ်း) | ဦးကျော်တင့်ဆွေ | ။ |
| ၂၁။ | အမြဲတမ်းအတွင်းဝန် (ငြိမ်း) နယ်စပ်ရေးရာ ဝန်ကြီးဌာန | ဦးစံရွှေအောင် | ။ |
| ၂၂။ | ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန | ဦးမြင့်ဆွေ | ။ |
| ၂၃။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြည်ထောင်စု ရှေ့နေချုပ်ရုံး | ဦးကျော်စိန် | ။ |
| ၂၄။ | ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ပြည်ထောင်စု ရှေ့နေချုပ်ရုံး | ဦးခင်မောင်ဦး | ။ |
| ၂၅။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စု တရားလွှတ်တော်ချုပ် | ဦးတင်ဝင်း | ။ |
| ၂၆။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးအောင်မြင့် | ။ |
| ၂၇။ | ညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးစန်းလွင် | ။ |
| ၂၈။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဦးအေးဟန် | ။ |
| ၂၉။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဦးအောင်မြင် | ။ |
| ၃၀။ | တွဲဖက်ပြည်နယ် ဥပဒေအရာရှိ(ငြိမ်း) ရှမ်းပြည်နယ် | ဦးအောင်မြင်ထွန်း | ။ |
| ၃၁။ | ညွှန်ကြားရေးမှူး(ငြိမ်း) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဦးကျော်စန်း | ။ |
| ၃၂။ | ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒေါ်သန်းသန်းရီ | ။ |

# ရွှေတောင်စားစေတီတော် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်မော်ကွန်း မဟာခေါင်းလောင်းတော်ကြီးဗိမာန်တော်ရေစက်ချမင်္ဂလာ ကျင်းပ

**နေပြည်တော် မတ် ၁**

ရွှေတောင်စားစေတီတော် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်မော်ကွန်း ဖြစ်သည့် မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ဗိမာန်တော် ရေစက်ချ ကုသိုလ်တော်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်နှင့် သောက်တော်ရေချမ်းများ ကပ်လှူပူဇော်ကြပြီး ရွှေတောင်စားစေတီတော်ကြီးနှင့် ရဟန္တာသိမ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့ နာယကတို့က မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီး ဗိမာန်တော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး



**(အပေါ်ပုံ)** ခေါင်းလောင်းတော်ကြီးကို အမွှေးနံ့သာရည်များ ပက်ဖျန်းကာ မင်္ဂလာခေါင်းလောင်းထိုး၍ ပူဇော်ကြသည်။

ယင်းနောက် ဗိမာန်တော်ကြီး ပတ္တိဒါန ရေစက်ချ ကုသိုလ်တော်မင်္ဂလာအခမ်းအနားကို လောကမာရဇိန်ဘုရားကြီး အရှေ့ဘက်မုခ်ဦးရှိ ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ထားဝယ်မြို့ ပခုက္ကူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအဂ္ဂဝံသ အမှူးပြုသော သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော အလှူရှင်များက သံဃာတော်များနှင့် သီလရှင်ဆရာကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဇေယျဝတီကျောင်းတိုက် နာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေတောင်စား စေတီတော် နှစ် (၂၅၀)ပြည့် အထိမ်းအမှတ်မော်ကွန်းအဖြစ် စေတီတော်ကြီးတွင် ထားရှိပူဇော်ရန်အတွက် အမြင့် ၁၂ ပေ၊ အချင်း ငါးပေ ခုနစ်လက်မရှိပြီး ကြေးပိဿာချိန် ၁၁၇၇၇ ဒသမ ၄ ရှိသော မဟာဝိဇယ ခေမသီတလ နိဗ္ဗုတဃောသ မဟာ ခေါင်းလောင်းတော်ကြီးကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများမှ ရရှိသည့် ကြေးစင်များဖြင့် ၂၀၁၅ ခုနှစ် မတ် ၂၀ ရက်က မန္တလေးမြို့ တမ္ပဝတီရပ်၌ စတင်သွန်းလောင်းခဲ့ပြီး ဇွန် ၄ ရက်တွင် ရွှေတောင်စားစေတီတော်၏ ရင်ပြင်တော် အရှေ့တောင်ထောင့်အရပ်တွင် ရေစက်ချလှူဒါန်းပူဇော်ခဲ့ခြင်း ဖြစ်သည်။ ရွှေတောင်စား စေတီတော်တွင် တည်ထားသည့် မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာခေါင်းလောင်းတော်ကြီးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ သာယာဝတီမင်း တည်ထားခဲ့သော ခေါင်းလောင်းတော်ကြီးနှင့် အရွယ်တူ၊ ပုံစံတူဖြစ်ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်း မြန်မာနိုင်ငံတွင် သွန်းလောင်းသည့် ခေါင်းလောင်းတော်များတွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းတစ်ခု ဖြစ်သည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရွှေတောင်စားစေတီတော်ရင်ပြင် ဘုရားကြီးပိဋကတ်တိုက်တွင် ဖွင့်လှစ်ထားသည့် e-Library ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ e-Library တွင် ရှေးဟောင်း ကျမ်းစာအုပ်များ၊ ဓမ္မစာပေများ၊ ဘာသာရေးစာပေများနှင့် သုတရသစာအုပ်စာစောင်များကို ဘုရားဖူးပရိသတ်များ အနေဖြင့် ဖတ်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

**(မြဝတီ)**

# တရားဥပဒေစိုးမိုးရေးတွင် စည်းကမ်းလိုက်နာမှုသည်အရေးကြီးသဖြင့် အခြေခံ အသိပညာ၊ အတတ်ပညာများအား စာဖတ်ခြင်းမှရရှိနိုင်

**နေပြည်တော် မတ် ၁**

မိမိတို့သွားနေသည့် ဒီမိုကရေစီစနစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ စည်းကမ်း၊ ဥပဒေဘောင်ထဲမှ အလုပ်ကို ကြိုးစားလုပ်ဆောင်ကြမည်ဆိုလျှင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ရရှိစေမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲနှင့် ထားဝယ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် လမ်းသန့်ရှင်းရေးယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။ **(ယာပုံ)**




တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားကွင်းရှိ ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်ဖွင့်ပွဲနှင့် လမ်းသန့်ရှင်းရေးယာဉ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းက ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စာကြည့်တိုက်ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ်ရန်၊ ခေတ်နှင့်အညီလိုက်နိုင်ရန် လိုကြောင်း၊ ပြည်သူတို့၏ ပကတိလိုအပ်ချက်ဆန္ဒမှာ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးတို့မှာ မရှိမဖြစ်လိုအပ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) အား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ဖြင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပခြင်း၊ ထာဝရငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် စည်းကမ်းလိုက်နာမှုသည် အရေးကြီးသဖြင့် ယင်း၏ အခြေခံဖြစ်သည့် အသိပညာ၊ အတတ်ပညာများအား စာဖတ်ခြင်းမှ ရရှိနိုင်ကြောင်း၊ မိမိဘဝတိုးတက်ရေးကိုလည်း အထောက်အကူပြုစေနိုင်ကြောင်း၊ ထားဝယ်ဒေသရှိ လူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ အသိပညာတိုးပွားစေရန် ရွှေဝယ်သီရိ ပညာဗိမာန်စာကြည့်တိုက်အား ရည်ရွယ်ချက်ကြီးမားစွာဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးလမ်းများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကောင်းမွန်မှု ရှိလာသည်ကို တွေ့မြင်ရကြောင်း၊ ထို့အတွက် မြို့သန့်ရှင်းသာယာလှပရေးအတွက် အထိုက်အလျောက်အထောက်အကူဖြစ်စေရန် လမ်းသန့်ရှင်းရေးယာဉ်တစ်စီးကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့သူမြို့သားများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးကြောင်း။

ဒီမိုကရေစီစနစ်တွင် အခြေခံဥပဒေမူဘောင်အတွင်းမှ အလုပ်ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ မိမိတို့ နေ့စဉ်စားသုံးနေသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်ပစ္စည်းများကို ကိုယ့်ဒေသ၊ ကိုယ့်တိုင်းပြည်အတွင်း ထုတ်လုပ်နိုင်အောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူရှင်များမှ စုပေါင်းလှူဒါန်းသော ရွှေဝယ်သီရိပညာဗိမာန် စာကြည့်တိုက်ဆိုင်ရာ မှတ်တမ်းနှင့် လမ်းသန့်ရှင်းရေးယာဉ်မှတ်တမ်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် စေတနာရှင် အလှူရှင်များက စာကြည့်တိုက်နှင့် လမ်းသန့်ရှင်းရေးယာဉ်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်းရှိ စာဖတ်ခန်းများ၊ e-Library နှင့် ကလေးစာဖတ်ခန်းများကိုလည်းကောင်း၊ လှူဒါန်းထားသည့် လမ်းသန့်ရှင်းရေးယာဉ်ကိုလည်းကောင်း လိုက်လံကြည့်ရှုကြသည်။

ရွှေဝယ်သီရိပညာဗိမာန်စာကြည့်တိုက်ကို ထားဝယ်မြို့ တိုင်းဒေသကြီး အားကစားဝင်းအတွင်းရှိ မြေနေရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် အလှူရှင်များ၏ စုစုပေါင်းလှူဒါန်းငွေကျပ်သိန်းပေါင်း ၂၆၀၀ ကျော်ဖြင့် ၂၀၁၅ ခုနှစ် ဇွန် ၄ ရက်တွင် ပန္နက်တော်တင် အခမ်းအနားပြုလုပ်၍ စတင်တည်ဆောက်ခဲ့ကြောင်း၊ RC သုံးထပ်ဆောင် အဆောက်အအုံဖြစ်ပြီး မြေညီထပ်တွင် ကလေးစာဖတ်ခန်းများနှင့် ရသစာအုပ်စင်များ၊ ပထမထပ်တွင် e-Library ၊ သုတစာအုပ်စင်များနှင့် စာဖတ်ခန်း၊ ဒုတိယထပ်တွင် စာကြည့်တိုက်မှူး ရုံးခန်း၊ အစည်းအဝေးခန်းနှင့် ခန်းမတို့ပါဝင်ကြောင်းနှင့် စာကြည့်တိုက်အတွင်း၌ လက်ရှိတွင် သုတ၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် ဝတ္ထုစာအုပ် စသည့် အမျိုးအစားစုံ စာအုပ် စုစုပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ထားဝယ်တပ်နယ် တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များက သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများ၊ ဆေးကုသနေမှုအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အမျိုးသမီးကုသဆောင်တွင် ကုသမှုခံယူနေကြသည့် တပ်မတော်သားမိသားစုဝင်များကို အားပေးစကားပြောကြားပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကာ ယနေ့ တပ်မတော်ဆေးရုံတွင် မွေးဖွားခဲ့သည့် မိခင်နှင့် ကလေးငယ်တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



ကျေးလက်လယ်ယာလုပ်ငန်းခွင်တစ်ခုကို ညနေ နေဝင်ဆည်းဆာနှင့်အတူ တွေ့ရစဉ်။

*** ရွှေဖုံးမှ**

**လုပ်နိုင်ပါတယ်''** ဟု သားကြီးဖြစ်သူက ဖွင့်ဟပြောဆိုလာသည်။

ခင်ပွန်း ဆုံးပါးပြီးနောက် သားကြီးဖြစ်သူ ကိုတိုးအောင်က လယ်ယာလုပ်ငန်းကို မိရိုးဖလာ လက်ဆင့်ကမ်း လုပ်ကိုင်ခဲ့သည်။ သို့သော် သားကြီးဖြစ်သူမှာ စိုက်ပျိုးရေး ဘွဲ့ရတစ်ဦးဖြစ်သည်နှင့်အညီ လက်မှုလယ်ယာကဏ္ဍမှ စက်မှုလယ်ယာကဏ္ဍသို့ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုတွင် ဒေသတွင်း၌ စံပြတောင်သူတစ်ဦး ဖြစ်လာခဲ့သည်။

သူက စံပြစက်မှုလယ်ယာစနစ် **''လယ်ယာကွက်များ''** ဖြစ်ပေါ်လာစေဖို့ ဌာနဆိုင်ရာ တောင်သူများနှင့် ဒေသခံတောင်သူလယ်သမားများကို လက်တွဲလုပ်ဆောင်ရန် ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သူလည်း ဖြစ်သည်။

သမီးလတ် မသက်ထားက မွေးမြူရေးဆေးတက္ကသိုလ် ကျောင်းဆင်းပြီး သတ္တဝါများကို ကယ်တင်ရန်၊ အန္တရာယ်ကင်းဘေးရှင်းသည့် သားငါးထုတ်လုပ်ရန် စိတ်အားထက်သန်သူဖြစ်သကဲ့သို့ သမီးထွေး မချစ်ပွင့်ကတော့ စီးပွားရေးဘွဲ့ရတစ်ဦးဖြစ်သည်နှင့်အညီ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် ထွက်ကုန်များကို ရေရှည်ခံအောင် ထုပ်ပိုးထိန်းသိမ်းပြီး ဈေးကွက် ခိုင်မာအောင်လုပ်ရန် ဆက်သွယ် လုပ်ကိုင်တတ်သူဖြစ်သည်။

သားကြီးဖြစ်သူ ကိုတိုးအောင်၏ဦးဆောင်မှုနှင့် စီမံခန့်ခွဲနိုင်မှု၊ သားသမီးသုံးဦးစလုံး အိမ်ထောင်မပြုကြသေးဘဲ စိတ်ပါဝင်စားမှုနှင့် တတ်ကျွမ်းသည့် ပညာကိုယ်စီဖြင့် ပေါင်းစည်းလုပ်ဆောင်နိုင်မှုကြောင့် မိသားစုစီးပွားရေးက တစ်ရှိန်ထိုး တိုးတက်လာခဲ့သည့်အပြင် ပတ်ဝန်းကျင်မှ မိသားစုများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ထုတ်ပေးနိုင်လာခဲ့သည်။

ယခုကဲ့သို့ ဖြစ်လာသည်မှာ ခင်ပွန်း ကိုထွန်းအောင်၏ ဆန္ဒဖြစ်သည့် **''သားသမီးများကို ပညာအမွေပေးနိုင်ရမည်''** ဆိုသည့် မှာကြားချက်ကို သူကွယ်လွန်ခဲ့သော်လည်း တစိုက်မတ်မတ် အကောင်အထည်ဖော်နိုင်မှု၏ **''ရလဒ်''** ဟု ဆိုရမည်။

ကျွန်မတို့ အညာဒေသသည် ယခင်က မိုးရေကိုသာမျှော်ကိုးပြီး မိရိုးဖလာ **''လက်မှုလယ်ယာစနစ်''** တစ်နည်းအားဖြင့် **''ခွက်ဆင့်ရေသောက်စနစ်''** ဖြင့် လုပ်ကိုင်ခဲ့ရာမှ ယခုအခါ **''ဆည်ရေသောက်ရေသွင်း၊ ရေမြောင်းများပါဝင်သော စက်မှုလယ်ယာစနစ်''**သို့ ကူးပြောင်းမှုတွင် အချိန်ကိုက်လိုက်ပါ လုပ်ဆောင်နိုင်ခဲ့ကြသည်။

ထိုသို့ လုပ်ဆောင်ခဲ့ရာတွင် နိုင်ငံတော်၏ စိုက်ပျိုးရေးရည်မှန်းချက်ဖြစ်သည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ဧကတင်း ၂၀၀ ကျော် ထွက်ရှိရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေနှစ်ဆတိုးတက်ရေး၊ **''စပ်မျိုးစပါးများ''** မျိုးစေ့များသုတေသနပြုထုတ်လုပ်ခြင်းများပါဝင်သော သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်နိုင်ငံအဝန်းသို့ သိရှိပျံ့နှံ့လုပ်ဆောင်ရေး ဆောင်ရွက်မှုများတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ချိတ်ဆက်နိုင်ခဲ့ကြပြီး လေ့လာအတုယူကျင့်သုံးနိုင်ခဲ့ကြသည်။

တောင်သူလယ်သမား ရုပ်သံလိုင်း (Farmer's channel) အစီအစဉ်ထုတ်လွှင့်လာမှုနှင့်အတူ စဉ်ဆက်မပြတ် ပြောင်းလဲနေသော ခေတ်မီစိုက်ပျိုးရေး နည်းပညာများအပြင် မိုးလေဝသသတင်းနှင့် ဈေးကွက်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်ကူစွာ ရယူအသုံးပြုနိုင်ခြင်းကလည်း များစွာအကျိုးရှိခဲ့သည်။ ထို့ကြောင့်လည်း သုတေသနပြု ထုတ်လုပ်ပေးခဲ့သည့် တင်း ၂၀၀ ကျော် ထွက်ရှိသည့် မျိုးကောင်းမျိုးသန့် စပ်မျိုးစပါးများ တစ်ဧကပိဿာ ၁၀၀၀ ကျော် ထွက်ရှိသည့် မျိုးကောင်းမျိုးသန့်၊ ချည်မျှင်ရှည်ဝါနှင့် တစ်ဧကတန် ၈၀ ကျော် ထွက်ရှိသည့် အထွက်ကောင်းကြံသီးနှံများကို စမ်းသပ်စိုက်ပျိုးနိုင်မှုနှင့်အတူ အောင်မြင်မှုများရရှိခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်မှုများတွင် စက်မှုလယ်ယာသင်တန်းများသို့ တက်ရောက်သင်ယူခွင့် ရရှိခြင်းကလည်း ကျွန်မတို့ဒေသမှ တောင်သူလယ်သမားများအတွက် အဆင့်အတန်းတစ်ခု မြင့်တက်စေခဲ့သည်။ မိတ္ထီလာ စက်မှုလယ်ယာဇဟိုသင်တန်းကျောင်း၌ပို့ချပေးခဲ့သည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုများသို့ ဒေသခံတောင်သူများ တက်ရောက်သင်ယူခွင့် ရရှိခဲ့ကြသည်။ ထို့အပြင် ကူဘိုတာ၊ နယူးဟော်လန်နှင့် ဆိုနာလီကာကုမ္ပဏီများ၏ သင်တန်းပို့ချမှုများတွင်လည်း တက်ရောက်သင်ယူခွင့် ရရှိခဲ့ခြင်းများကြောင့် ဒေသခံတောင်သူများ အသိပညာတိုးတက်ရရှိခဲ့ကြပြီး ထွန်စက်ကြီးများ ရိတ်သိမ်းခြွေလှေ့စက်များ၊ လက်တွန်းထွန်စက်များနှင့် ခြွေလှေ့စက်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ခြင်းကြောင့်လည်း ဖြစ်သည်။



ကျေးလက်လယ်ယာလုပ်ငန်းခွင်မှ နေအိမ်သို့ပြန်နေသည့် တောင်သူတစ်ဦးကို တွေ့ရစဉ်။

တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ကျေးလက်ဒေသနေပြည်သူများ၏ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန်နှင့် မျိုးဆက်သစ်လူငယ်များအတွက် ပိုမိုပြည့်စုံကောင်းမွန်သည့် အနာဂတ်နှင့် ဘဝဖန်တီးပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်(၈)ရပ် ဦးစားပေးလုပ်ငန်းတွင်လည်း ပါဝင်ဆောင်ရွက်နိုင်ခဲ့ကြသည်။

ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးစေရန်၊ မိသားစုဝင်ငွေတိုးပွားစေရန်၊ စွမ်းဆောင်ရည်မြင့်မားစေရန်နှင့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်များ လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ရည်မှန်းချက်များဖြင့် အကောင်အထည်ဖော်လာသော **''မြစိမ်းရောင်ကျေးရွာစီမံကိန်း''** တွင်လည်း အသားကဏ္ဍ၊ ငါးကဏ္ဍနှင့်ကျေးလက်ကဏ္ဍများအလိုက် ဒေသခံများက တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေမှုကြောင့် မိသားစုများ၏ဝင်ငွေလည်း သိသာစွာ တိုးတက်လာခဲ့သည်။

ကျွန်မတို့ မိသားစုကားဝိုင်းတွင် အမြဲတမ်းဆွေးနွေးဖြစ်ကြသည့် နိုင်ငံတော်သမ္မတကြီး၏ တိုက်တွန်းမှာကြားချက်ကိုလည်း မျှဝေပေးလိုသည်။

**''ကိုယ်တိုင် ကြီးပွားအောင်မြင်လိုစိတ်ဖြင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ကြရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်း၊ ခေတ်မီဆည်ရေသောက်လယ်ယာမြေစနစ်သို့ ပြောင်းလဲခြင်း၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲခြင်း၊ မိရိုးဖလာမျိုးစေ့များအစား အထွက်နှုန်းကောင်း မျိုးကောင်း မျိုးသန့်မျိုးစေ့များ ပြောင်းလဲအသုံးပြုခြင်း၊ သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရေး ပညာပေးဆောင်ရွက်ခြင်း၊ ဈေးကွက်ကို ယှဉ်ပြိုင်နိုင်မည့် အဆင့်မြင့်လယ်ယာထွက်ကုန်များ၊ အဆင့်မြင့်အရည်အသွေးကောင်း တန်းဖိုးမြင့်ထွက်ကုန်များထုတ်လုပ်ခြင်းတို့ကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ကြမှသာလျှင် လယ်ယာကဏ္ဍကြီးတစ်ခုလုံး ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။''**

သဘာဝမှ ဖန်တီးပေးသည့် မြန်မာ့ရေမြေသည် သင့်တင့်မျှတသည့်ရာသီဥတုဖြင့် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများ ရရှိပြီးဖြစ်ရာ နိုင်ငံတော်ကလည်း နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေသန်း ၁၀၀ ကျော်အတွက် နိုင်ငံ၏ **''စားရေရိက္ခာ''** လုံခြုံစိတ်ချရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပိုမိုတိုးတက်တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ကဏ္ဍပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ခဲ့ရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် နှစ်သန်းကျော်၊ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၂ သန်းကျော်နှင့် ပြောင်းတန်ချိန် ၁ ဒသမ ၂ သန်းကျော်အထိ တင်ပို့နိုင်ခဲ့မှုမှာ ထင်ရှားမြင်သာသည့်ရလဒ်များအဖြစ် တွေ့မြင်ရမည်။

ထို့ပြင် နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးချိန်လွန်နည်းပညာနှင့်အတူ တန်ဖိုးမြှင့်စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းကုန်ချောထုတ်စက်ရုံများဝင်ရောက်သကဲ့သို့ တောင်သူလယ်သမားများ၏ လယ်ယာထုတ်ကုန်များကို ဈေးနှုန်းခိုင်ခိုင်မာမာဖြင့် ပြည်တွင်းပြည်ပယှဉ်ပြိုင်တင်ပို့ ရောင်းချနိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော လယ်ယာထုတ်ကုန် လက်ကားဈေး (Wholesale Market) ကြီးများ၊ ပုဂ္ဂလိကအခန်းကဏ္ဍမှ ထူထောင်အကောင်အထည် ဖော်နိုင်ရေးကိုလည်း အားပေးဆောင်ရွက်နေသည်။

နိုင်ငံတစ်ဝန်းတွင် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့နှင့် ကျေးလက်လူထု၏ မဆုတ်မနစ် ကြိုးပမ်းအားထုတ်လုပ်ဆောင်မှုများကြောင့် ၁၈ လတာကာလအတွင်း စီမံကိန်းကျေးရွာများတွင် ငွေကျပ် ၄၆၆၈ ဒသမ ၈၀၇ သန်း တိုးပွားလာခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းဖြစ်သည့် စိမ်းလန်းအမိမြေအဖွဲ့၏ ကွင်းဆင်းစစ်တမ်းကောက်ယူချက်အရ စီမံကိန်းကျေးရွာများတွင် ရန်ပုံငွေ၏ ၉၇ ရာခိုင်နှုန်းကို မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများတွင် သုံးစွဲကြပြီး ၇၀ ရာခိုင်နှုန်းသောမိသားစုများ၏ ဝင်ငွေမှာ သိသာစွာတိုးပွားခဲ့ကြောင်း၊ စီမံကိန်းဆောင်ရွက်မှုအပေါ် ပြည်သူများ၏ စိတ်ကျေနပ်မှုမှာ ၉၅ ရာခိုင်နှုန်းရှိပြီး ကျန်ငါးရာခိုင်နှုန်းမှာ စောင့်ကြည့်ဆဲဖြစ်ကြောင်း လေ့လာဖော်ထုတ်သိရှိရသည်။

ထို့အပြင် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့သည် ပိုမိုတိကျသော လေ့လာသုံးသပ်မှုများ ဆောင်ရွက်နိုင်ရန်အတွက် Social Policy and Poverty Research Group၊ စိမ်းလန်းအမိမြေအဖွဲ့တို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၀၀၃ ရွာတွင် စစ်တမ်းများကောက်ယူလျက်ရှိပြီး မတ်လတွင် အစီရင်ခံစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်းလည်း သိရှိရသည်။

ယခုအခါ မြစိမ်းရောင်စီမံကိန်းကျေးရွာများသည် အရင်းအနှီးများရရှိလာပြီး မိသားစုဝင်ငွေတိုးပွားလာခြင်း၊ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းမှသည် ဒေသတွင်းနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ တက်လှမ်းလာနိုင်ခြင်း၊ အတိုးရငွေဖြင့် မိမိတို့လုပ်ဆောင်လိုသော ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်လာနိုင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားလာခြင်း၊ Ownership Mindset မြင့်မားလာခြင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှုအလေ့အကျင့်ကောင်းများ တိုးပွားလာကာ ဒီမိုကရေစီနည်းလမ်းကျကျ စုပေါင်းဆောင်ရွက်တတ်လာခြင်း၊ အမျိုးသမီးများ၏ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမှုနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေးလုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးနိုင်ခဲ့သည်။

တစ်နည်းအားဖြင့် နိုင်ငံတော်၏ မူဝါဒဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် နိုင်ငံတော်၏ဆင်းရဲမှုလျှော့ချရေး အကောင်အထည်ဖော် ဆောင်ရွက်မှုကို ထိရောက်စေသည့်အပြင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ အခက်အခဲများနှင့် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဖြေရှင်းပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

လူသားတို့၏ နေ့စဉ်ဘဝအတွက် စားရေး၊ ဝတ်ရေး၊ နေရေး အခြေခံ လိုအပ်ချက်များအနက် နေ့စဉ်မရှိမဖြစ် အဓိကလိုအပ်ချက်မှာ **''စားရေရိက္ခာ''** လိုအပ်ချက်ဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေမှာ နေ့စဉ်တိုးပွားလျက်ရှိရာ လက်ရှိလူဦးရေ သန်းပေါင်း ၇၀၀၀ ကျော်မှာ လာမည့် ၂၀၅၀ ပြည့်နှစ်တွင် သန်းပေါင်း ၉၀၀၀ ကျော် ရှိလာမည်ဖြစ်၍ စားရေရိက္ခာ လိုအပ်လာမှုနှင့်အတူ စိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုလုပ်ဆောင်ကြရမည်ဖြစ်သည်။

သဘာဝကပေးသည့် မြန်မာနိုင်ငံ၏ ရေ၊ မြေသယံဇာတကြွယ်ဝမှုနှင့် သင့်တင့်မျှတသည့် ရာသီဥတုကြောင့် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများ ရရှိပြီးဖြစ်ရာ တောင်သူလယ်သမားတို့၏ စွမ်းအားဖြင့်ပေါင်းစပ်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှုကို တိုးတက်မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းသည် မြန်မာပြည်သူများနှင့် ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက် စားနပ်ရိက္ခာလုံခြုံရေး (Food Security) လိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်သကဲ့သို့ **''ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ''** ဆိုသည့် အလွန် မွန်မြတ်သန့်စင်သော လုပ်ငန်းကို လုပ်ဆောင်နေကြခြင်းလည်း ဖြစ်သည်။

မြန်မာတို့၏ ကမ္ဘာကျော်သည့် မွန်မြတ်လှသည့် ဓလေ့စရိုက်တစ်ခုမှာ **''အလှူရေစက် လက်နှင့်မကွာ''** တို့သည် ပေးကမ်းစွန့်ကြဲမှု၊ လှူဒါန်းမှုအစုစု ပြုလုပ်နိုင်ဖို့ပဲဖြစ်သည်။

ထို့ကြောင့် အလှူရှင် တောင်သူ လယ်သမားများကို ဂုဏ်ပြုသည့် နေ့ထူးရက်မြတ် **''တောင်သူလယ်သမားနေ့''** တွင် ကျေးဇူးရှင်များအဖြစ် ဂုဏ်ပြုရေးသားလိုက်ရပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် မတ် ၁

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# တောရိုင်းတိရစ္ဆာန်များ၏ အနာဂတ်အရေး လူသားအပေါင်းက ကြိုးပမ်းပေး

ဝန်းကျင်/သားငှက်

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် (၆၈)ကြိမ်မြောက် United Nations General Assembly (UNGA) အစည်းအဝေးတွင် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ တရားမဝင်ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) စတင် အသက်ဝင်ခဲ့သည့် မတ်လ ၃ ရက်နေ့ကို ဂုဏ်ပြုသောအားဖြင့် World Wildlife Day အဖြစ်အတည်ပြုသတ်မှတ်ခဲ့ပြီး မတ်လ ၃ ရက်နေ့တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် World Wildlife Day အခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

ယခုနှစ်တွင် ကျရောက်သည့် World Wildlife Day အထိမ်းအမှတ် ဆောင်ပုဒ်မှာ "တောရိုင်းတိရစ္ဆာန်များ၏ အနာဂတ်လှပရေး လူသားတို့မှကြိုးပမ်းပေး" (The future of wildlife is in our hands) ဖြစ်ပြီး ယခုနှစ်ဆောင်ပုဒ်အောက်တွင် အာဖရိကနှင့် အာရှဆင်များကို တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် "The future of elephants is in our hands" ဟူ၍ အဓိကဦးစားပေးအဖြစ် သတ်မှတ်ထားပါသည်။ မိမိတို့နိုင်ငံအလိုက် နိုင်ငံအတွင်းရှိ အရေးတကြီးထိန်းသိမ်းရန်လိုအပ်သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုလည်း World Wildlife Day 2016 ဆောင်ပုဒ်ကို မှီငြမ်းကိုးကား၍ အစားထိုးထည့်သွင်းကာ World Wildlife Day 2016 အထိမ်းမှတ်အခမ်းအနားကို ဂုဏ်ပြုကျင်းပနိုင်စေရန် CITES Secretariat မှ တိုက်တွန်းနှိုးဆော်ထားပါသည်။



ကမ္ဘာတစ်ဝန်းလုံးရှိ တောရိုင်းတိရစ္ဆာန်များသည် အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးနှင့် စားကျက်မြေများ ချဲ့ထွင်ခြင်းကြောင့် နေရင်းဒေသများ ဆုံးရှုံးပျောက်ကွယ်မှု၊ တရားမဝင် ကူးသန်းရောင်းဝယ်မှုများသည် ၎င်းတို့အတွက် အကြီးမားဆုံးအန္တရာယ်များဖြစ်ပါသည်။ ဆင်များ၊ သင်းခွေချပ်များ၊ ကြံ့များ၊ ငါးမန်းများ၊ ကျားများနှင့် အခြားတန်ဖိုးမြင့်သစ်မျိုးစိတ်များကို ကမ္ဘာတစ်ဝန်းလုံးတွင် အများဆုံးတရားမဝင် ကူးသန်းရောင်းဝယ်နေကြကြောင်း တွေ့ရှိရပြီး ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၂ ခုနှစ်များအကြား ဆင်ကောင်ရေတစ်သိန်းခန့် ဆင်စွယ်များအတွက် သတ်ဖြတ်ခံခဲ့ရကြောင်း ကြေကွဲဖွယ်တွေ့ရှိခဲ့ရပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ယခုနှစ်တွင် ကျရောက်သည့် World Wildlife Day မှအစပြု၍ အစိုးရများ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် နိုင်ငံသားတိုင်းမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်တာဝန်ကိုယ်စီယူကြရန်နှင့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ၏ ကံကြမ္မာသည် လူသားတိုင်း လူသားတိုင်း၏ ဆောင်ရွက်ချက်များအပေါ်တွင် မှီတည်နေကြောင်း၊ ၎င်းတို့၏ အနာဂတ်သည်လူသားတို့၏ လက်ထဲတွင်ရှိကြောင်း တိုက်တွန်းနှိုးဆော်ထားပြီး CITES အထွေထွေအတွင်းရေးမှူးချုပ် Mr.John E. Scanlon က တောရိုင်းတိရစ္ဆာန်များ ကြုံတွေ့နေရသည့် လက်ရှိအန္တရာယ်များသည် မိုးခေါင်ရေရှားမှု၊ ရေလွှမ်းမိုးမှု နှင့် ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့ သဘာဝဘေးအန္တရာယ်များမဟုတ်ဘဲ လူသားတို့၏ လုပ်ရပ်များကြောင့် တိုက်ရိုက်ဖြစ်ပေါ်လာသည့် ရလဒ်များသာဖြစ်ကြောင်း၊ ၎င်းတို့ ကြုံတွေ့နေရသည့် ဆိုးရွားလှသောအန္တရာယ်များ၏ အကြောင်းအရင်းခံမှာ လူသားများပင်ဖြစ်ကြောင်းနှင့် အဆိုပါအန္တရာယ်များကို ဖြေရှင်းရာတွင် လူသားများသာ အခရာဖြစ်ကြောင်း နှိုးဆော်တိုက်တွန်းပြောကြားထားပါသည်။

တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များသည် ရာသီဉတုနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် အရေးပါပြီး လူသားများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော ဂေဟစနစ်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးလျက်ရှိပါသည်။ ထိုသို့အရေးပါလှသော တောရိုင်းတိရစ္ဆာန်များ ရှင်သန်ရပ်တည်နိုင်ခြင်း(သို့မဟုတ်) ဆုံးရှုံးပျောက်ကွယ်ခြင်းသည် လူသားတို့အပေါ်တွင်သာ မှီတည်နေပါသည်။

၂၀၁၆ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ကျရောက်မည့် World Wildlife Day တွင် ကမ္ဘာတစ်ဝန်းလုံးရှိ အစိုးရများ၊ ဥပဒေချမှတ်သူများ၊ တရားဥပဒေစိုးမိုးရေးအရာရှိများ၊ အကောက်ခွန်အရာရှိများနှင့် သဘာဝနယ်မြေဝန်ထမ်းများအစရှိသည့် နိုင်ငံသားတိုင်းသည် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များမျိုးသုဉ်းပျောက်ကွယ်ခြင်းမှကာကွယ်ရန် လူသားတိုင်းတွင် တာဝန်ရှိသည်ဟု ခံယူချက်ဖြင့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ၎င်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်ကြရန် World Wildlife Day 2016 အထိမ်းအမှတ် ဆောင်းပါးဖြင့်နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။

## ပြည်ထောင်စုလွှတ်တော်မှ

ဝူဇယ်၊ လာဟုတ်၊ လောက်ဂမ်၊ အောက်လောခေါင်၊ ရော့ကြူ၊ ရှီးဇော်၊ မျှော်ရောင်း၊ မောင်ရ၊ ဒင်းဒွန်၊ ငေါ့လန်၊ ရှမ်းဆီး၊ အနဆီးဖခါး၊ ရစ်ဖြူ၊ ကန်းဖန့်နှင့် လာမောင်း **စုစုပေါင်းကျေးရွာ ၂၇ ရွာကို ပယ်ဖျက်ခြင်း၊** လန်းဂျောကျေးရွာအုပ်စု၊ လုပိကျေးရွာအုပ်စု၊ ဖီမော်ကျေးရွာအုပ်စုနှင့် လုတ်နော့ဂျန်ကျေးရွာအုပ်စုများ **တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကြောင့် ချီဖွေမြို့နယ်တွင် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာ ၁၁၈ ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်ကို မူလက ပုလောနှင့် ပလောက်မြို့နှစ်မြို့၊ ရပ်ကွက်(၉)ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ အုပ်စုနှင့် ကျေးရွာ ၁၅၃ ရွာဖြင့် ဖွဲ့စည်းထားရာမှ ပလေကျေးရွာနှင့် တိုကျေးရွာတို့ကို စုစည်း၍ ရပ်ကွက်(၄)ရပ်ကွက် ပါဝင်သော ပလမြို့အဖြစ် **တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊** မင်းပြင်၊ ဘိုင်းပြင်နှင့် တလင်းမိုတောင်ကျေးရွာသုံးရွာကို ပလကျေးရွာအုပ်စုနှင့် သင်္ကန်းတော၊ တန်းရှင်းနှင့် ပိတပ်ကျေးရွာသုံးရွာကို တိုကျေးရွာအုပ်စုအဖြစ် **ပြင်ဆင်ဖွဲ့စည်းခြင်း**ကြောင့် ပုလောမြို့နယ်ကို မြို့သုံးမြို့၊ ရပ်ကွက်(၁၃)ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၆ စုနှင့် ကျေးရွာ ၁၅၁ ရွာဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က **မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့**ကို ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အတွင်းရေးမှူးအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးအေးသာအောင်တို့ အပါအဝင် အဖွဲ့ဝင် ၁၈ ဦးဖြင့်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။ ထို့ပြင် **ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏**တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ရမည်းသင်းမဲဆန္ဒနယ်မှဦးကိုကိုနိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာဝင်းမြတ်အေး၊ အတွင်းရေးမှူးအဖြစ် ဦးခင်မောင်ထွန်းတို့ အပါအဝင် အဖွဲ့ဝင် ၃၅ ဦးဖြင့် ဖွဲ့စည်းခြင်းကိုလည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ **အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီ၏** တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင်၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေတို့ အပါအဝင်အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အလားတူ **နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီ၏** တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ အတွင်းရေးမှူးအဖြစ် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးတို့အပါအဝင် အဖွဲ့ဝင် ၁၆ ဦးဖြင့် ဖွဲ့စည်းခြင်းကို လည်းကောင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများ**ကို မူလသတ်မှတ်ထားသည့် ၂၀၁၆ ခုနှစ် မတ် ၁၇ ရက် **အစား** မတ် ၁၀ ရက်သို့ ပြောင်းလဲကျင်းပသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

### ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များစာရင်း - ၃ (၀၁ - ၀၃ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ်၊ ရာထူး | အမည် | တာဝန် |
|---|---|---|---|
| ၃၃။ | ဆရာဝန်ကြီး(ငြိမ်း) | ဒေါက်တာမြင့်ထွေး | အဖွဲ့ဝင် |
| ၃၄။ | စာရင်းစစ်နှင့်ဘဏ္ဍာရေး အကြံပေးပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး | ဒေါ်ညိုညိုလှ | ။ |
| ၃၅။ | တွဲဖက်စစ်ထောက်ချုပ်(ငြိမ်း) | ဦးခင်မောင်ထွန်း | အတွင်းရေးမှူး |

### ပြည်ထောင်စုလွှတ်တော် အာဆီယံပါလီမန်များညီလာခံဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on ASEAN Inter-Parliamentary Assembly) အဖွဲ့ဝင်များစာရင်း(၀၁-၀၃ -၂၀၁၆)

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | သုံးခွ မဲဆန္ဒနယ် | ဒေါ်စုစုလွင် | ဥက္ကဋ္ဌ |
| ၂။ | ကလောမဲဆန္ဒနယ် | ဒေါ်ပြုံးကေသီနိုင် | အဖွဲ့ဝင် |
| ၃။ | နွားထိုးကြီးမဲဆန္ဒနယ် | ဦးနိုင်ထူးအောင် | ။ |
| ၄။ | ရွှေကူမဲဆန္ဒနယ် | ဦးဇာနည်မင်း | ။ |
| ၅။ | စလင်းမဲဆန္ဒနယ် | ဦးကံဦး | ။ |
| ၆။ | မိုင်းကိုင် မဲဆန္ဒနယ် | ဦးစိုင်းဆိုင်မိုင်း | ။ |
| ၇။ | ပေါင် မဲဆန္ဒနယ် | ဒေါ်မိကွန်ချမ်း | ။ |
| ၈။ | သာကေတမဲဆန္ဒနယ် | ဒေါက်တာဝေဖြိုးအောင် | ။ |
| ၉။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) | ဦးခွန်သိန်းဖေ | ။ |
| ၁၀။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဒေါ်ရွှေရွှေစိန်လတ် | ။ |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) | ဦးစခင်ဇော်လင်း | ။ |
| ၁၂။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) | ဦးနိုင်ကိုကို | ။ |
| ၁၃။ | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | ။ |
| ၁၄။ | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) | ဦးဖေတင် | ။ |
| ၁၅။ | တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ် | ဗိုလ်မှူး ဇဝန | ။ |
| ၁၆။ | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါ်ထုမေ | အတွင်းရေးမှူး |

### ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာပူးပေါင်းကော်မတီ (Joint Committee on Inter-Parliamentary Union) အဖွဲ့ဝင်များစာရင်း (၀၁ - ၀၃ -၂၀၁၆)

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးဇုန်လှယ်ထန်း | ဥက္ကဋ္ဌ |
| ၂။ | ပန်းတောင်းမဲဆန္ဒနယ် | ဒေါ်ခင်နှင်းသစ် | အဖွဲ့ဝင် |
| ၃။ | ကောလင်းမဲဆန္ဒနယ် | ဦးမျိုးဇော်အောင် | ။ |
| ၄။ | ဝါးခယ်မ မဲဆန္ဒနယ် | ဦးဇော်သိန်း | ။ |
| ၅။ | ကျောက်တော် မဲဆန္ဒနယ် | ဦးဦးထွန်းဝင်း | ။ |
| ၆။ | မန်တုံမဲဆန္ဒနယ် | ဒေါ်နန်းမိုး | ။ |
| ၇။ | မောက်မယ် မဲဆန္ဒနယ် | ဦးစိုင်းငေါင်းဆိုင်ဟိန်း | ။ |
| ၈။ | တပ်မတော်သားပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး | ။ |
| ၉။ | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးဇော်ဟိန်း | ။ |
| ၁၀။ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) | ဦးဂျေယောဝူ | ။ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) | ဦးမောင်မောင်လတ် | ။ |
| ၁၂။ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဒေါ်နန်းမိုးမိုးထွေး | ။ |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) | ဦးရဲမြင့်စိုး | ။ |
| ၁၄။ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) | ဦးစိုင်းအုန်းကျော် | ။ |
| ၁၅။ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) | ဦးချစ်ထွေး | ။ |
| ၁၆။ | စမ်းချောင်းမဲဆန္ဒနယ် | ဦးဘိုဘိုဦး | အတွင်းရေးမှူး |

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက ပြောသည်။

အဆိုပါ ၂၀၁၄ နှင့် ၂၀၁၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားကြီးကို ရန်ကုန်မြို့ ရှင်စောပုလမ်းရှိ Myanmar Event Park ၌ လာမည့် ဧပြီ ၃ ရက် ညနေ ၄ နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ရာ ပြည်တွင်း ရုပ်သံလိုင်းများဖြစ်သည့် MRTV၊ MWD၊ MWD( Documentary)၊ Sky Net၊ MRTV-4၊ MNTV၊ Channel-7၊ Channel-9နှင့် 5 Plus ရုပ်သံလိုင်းကိုးခုတို့အပြင် ပြည်တွင်းရေဒီယိုအသံလွှင့်ဌာနများ ဖြစ်သည့် MRTV၊ Mandalay FM၊ Shwe FM၊ Pyinsawadi FM၊ Cherry FM၊ Padamyar FM၊ Thazin FM နှင့် အခြား ပြည်တွင်းရေဒီယို အသံလွှင့်ဌာနများကလည်း ထုတ်လွှင့်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခမ်းအနားအစီအစဉ်တွေ၊ စီစဉ်တင်ဆက်မယ့်ပုံစံတွေသိရင် မီဒီယာတွေကို ဖိတ်ကြားပြီး စာနယ်ဇင်းရှင်းလင်းပွဲလုပ်မယ်။ ပြီးတော့ မီဒီယာတွေ သတင်းယူနိုင်ဖို့အတွက်ကိုလည်း မီဒီယာတွေနဲ့ပဲ ညှိနှိုင်းတိုင်ပင်ပြီးတော့ နေရာချထားပေးတာတွေလုပ်သွားမယ်။ နှစ်နှစ်စာကို ပေါင်းပေးမှာဖြစ်တဲ့ အတွက် ပွဲချိန်ကတော့ မနှစ်ကထက် ပိုကြာဖို့ရှိတယ်။ ဒါပေမယ့် အကြာ ကြီးလည်းဖြစ်မသွားရအောင် အစ်ကိုတို့ အခမ်းအနားအစီအစဉ်တွေကို စနစ်တကျ ဆောင်ရွက်ပါမယ်။ ဖျော်ဖြေရေးအစီအစဉ်တွေအနေနဲ့လည်း အရင်နှစ်တွေနဲ့ မတူတဲ့ ဖျော်ဖြေမှုတွေ ထပ်ထည့်ဖို့ရှိပါတယ်"ဟု ဥက္ကဋ္ဌက ဆက်လက်ပြောကြားသည်။

ပြီးခဲ့သည့်နှစ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကျင်းပခဲ့သည့် အကယ်ဒမီဆုပေးပွဲများတွင် ပြည်တွင်းရုပ်သံမီဒီယာများနှင့် ရေဒီယို အစီအစဉ်များမှ ထုတ်လွှင့်ပြသခွင့်ရရန် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှအပ ကျန်ရုပ်သံမီဒီယာများမှ ငွေကျပ် သိန်း ၁၅၀ စီနှင့် ရေဒီယိုအစီအစဉ်များမှ သုံးသိန်းစီ ပေးသွင်းရပြီး ယခုနှစ်တွင် အစည်းအရုံးအနေဖြင့် နှစ်နှစ်ပေါင်းပြုလုပ်ရသည်ဖြစ်၍ ကုန်ကျစရိတ် ပိုမိုများမည်ဖြစ်သောကြောင့် ယခင်နှစ်များပေးသွင်းမှုထက် အနည်းငယ်ပိုမိုပေးသွင်းနိုင်ရန် ယနေ့အစည်းအဝေးတွင် မြန်မာ့ရုပ်ရှင်အစည်းအရုံးမှ ပွင့်လင်းမြင်သာစွာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။

■ *ကျောဖုံးမှ*

ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"ကျွန်တော်တို့ အခု တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီအနေနဲ့က မီးပွိုင့်မှာတပ်ဆင်မယ့် ပစ္စည်းတွေကိုလည်း သယ်ယူဖို့လုပ်နေပါတယ်။ ဗဟိုထိန်းချုပ်ရေးစခန်းကြီးကိုလည်း အခု စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါပြီ။ တင်ဒါအောင်မြင်တဲ့ကုမ္ပဏီနဲ့ကပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၃ ရက်က စာချုပ်ချုပ်ဆိုခဲ့တာပါ။ စာချုပ်ချုပ်ဆိုပြီး ရက်ပေါင်း ၁၈၀ အတွင်း အပြီးတည်ဆောက်ဖို့ စာချုပ်ချုပ်ဆိုထားပါတယ်။ စာချုပ်ထဲမှာပါတဲ့အတိုင်း ရက်ပေါင်း ၁၈၀ ကျော်တာနဲ့ တင်ဒါအောင်ကုမ္ပဏီက တစ်ရက်ကို ငွေကျပ် တစ်သိန်းနှုန်း ပြန်လည်ပေးလျော်ရမှာ ဖြစ်ပါတယ်" ဟု မတ် ၁ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲ ၌ တင်ဒါရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းအောင်မြင့် (ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး)ပြောသည်။

အဆိုပါ ရန်ကုန်မြို့တွင်း ပထမဦးဆုံး အကောင်အထည်ဖော်မည့် ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေး စခန်းကြီးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြန်မာကျပ်ငွေ ဘီလီယံ ၂၀ ဖြင့် အကုန်အကျခံ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ရာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှာ Myanmar Shwe Ying + CRCC (China)တို့ ဖြစ်သည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် ယင်းလုပ်ငန်းစုကို ရရှိခြင်းမှာ Guarantee Period 3 year၊ Free Service 5 year၊ Intersection Point 154 Fully Actuated၊ Mobile Traffic Light 20 Set၊ Training 10 Person for each time Within 5 year as needed၊ Data Storage 5600 TB၊ Video Wall Display 40၊ UPS 120KVA၊ Software database Oracle၊ Mobile Traffic Light Installation Truck 2၊ ERP System 17၊ VMS 30၊ Pedestrian Signal 320၊ Fixed Dome Camear 30၊ Experts Mornitorning 5 yearနှင့် တပ်ဆင်မည့် မီးလုံးကြီးများသည် ခုနစ်နှစ်တိတိခံနိုင်သည့် မီးလုံးကြီးများစသည့် အားသာချက်များကြောင့် အဆိုပါ ကုမ္ပဏီမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ယခု စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့် ရန်ကုန်မြို့၏ ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေးစခန်းကြီးကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ နက္ခတ်တာရာပြခန်းအနီးတွင် တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော် မတ် ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

# ရန်ကုန်တိုင်းဒေသကြီး မြောင်းတကာစက်မှုဇုန် ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံမှ အလုပ်သမားများ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်အတွင်းရှိ ရာရှင်းသံမဏိ၊ သံရည်ကျိုစက်ရုံအလုပ်သမားများ တစ်နေ့ ရှစ်နာရီ အလုပ်ချိန်အစား နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ တစ်ဆက်တည်း ကိုးနာရီကြာ လုပ်ကိုင်ရခြင်း၊ အချိန်ပို လုပ်အားခကို လစာတွင် ထည့်သွင်းပေးခြင်း မရှိခြင်း၊ ယခင်အလုပ်သမား ၁၆ ဦးဖြင့် လုပ်ရသောအလုပ်ကို ယခု ရှစ်ဦးဖြင့် ခိုင်းစေခံနေရခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မှော်ဘီမြို့နယ် သံမဏိအရည်ကျို၊ ခဲ၊ သတ္တုလုပ်ငန်းဆိုင်ရာ အလုပ်သမားများအဖွဲ့အစည်းက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါ်မြမြ နှင့် ကော်မရှင်ရုံးဝန်ထမ်းများက ဖေဖော်ဝါရီ ၁၆ ရက်တွင် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များအရ တိုင်တန်းချက်များမှာ မှန်ကန်ကြောင်းတွေ့ရှိရသဖြင့် စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာစက်ရုံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရက အဆင့်မြင့်မင်္ဂလာဈေး မီးဘေးသင့်ဈေးသူ၊ ဈေးသားများအား ထောက်ပံ့ငွေများပေးအပ်

**ရန်ကုန် မတ် ၁**

နိုင်ငံတော်အစိုးရက ရန်ကုန်မြို့ အဆင့်မြင့်မင်္ဂလာဈေး မီးလောင်ရာတွင် ဆိုင်ခန်းများ မီးလောင်ဆုံးရှုံးခဲ့သည့် မီးဘေးသင့် ဈေးသူ၊ ဈေးသားများအား ယနေ့ညနေပိုင်းတွင် ထောက်ပံ့ငွေများ စတင်ပေးအပ်သည်။ **(ယာပုံ)**



"ထောက်ပံ့ငွေ ထုတ်ယူနိုင်ဖို့ လိုအပ်တဲ့ အထောက်အထားတွေကို ကြိုတင်ကြေညာထားတယ်။ ထုတ်ယူတဲ့အခါမှာလည်း မြန်ဆန်မှုရှိအောင် ဆိုင်ခန်း အမှတ်စဉ်တွေအလိုက် ခွဲထားပြီး ငွေထုတ်ကောင်တာ လေးခုနဲ့အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန တောင်ပိုင်း ခရိုင်လက်ထောက်ဌာနမှူး ဦးကျော်မြင့်က ပြောသည်။

အဆိုပါ အဆင့်မြင့်မင်္ဂလာဈေးတွင် ဆိုင်ခန်းပေါင်း ၄၀၆၇ ခန်းရှိရာ ဇန်နဝါရီ ၉ ရက် နံနက်အစောပိုင်းက မီးလောင်မှုကြောင့် ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်း မီးလောင်ဆုံးရှုံးခဲ့သည်။ မီးလောင်ဆုံးရှုံးခဲ့သည့် ဆိုင်ရှင်များအား နိုင်ငံတော်အစိုးရက မီးဘေးသင့် ဆိုင်ခန်းတစ်ခန်းလျှင် ထောက်ပံ့ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ဆိုင်ခန်းပေါင်း ၁၆၃၆ ခန်းအတွက် ငွေကျပ် ၁၁၄၅၂ သိန်းကို မတ် ၁ရက် ညနေပိုင်းကစတင်၍ ထုတ်ပေးလျက်ရှိသည်။

"ကိုယ်ဆုံးရှုံးခဲ့တဲ့ ပမာဏကို ပြန်ဖြည့်ဖို့အတွက် အထောက်အကူဖြစ်တာပေါ့။ ဒီအချိန်မှာ ဆိုင်ပြင်ဖို့နဲ့ ကုန်ပစ္စည်းပြန်လည်ဝယ်ယူဖို့ ငွေလိုနေတယ်။ နိုင်ငံတော်က စေတနာနဲ့ ထောက်ပံ့ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ထောက်ပံ့ငွေလာရောက်ထုတ်ယူသူ (စားသောက်ကုန်မျိုးစုံဆိုင်ရှင်)ဒေါ်သီသီဆွေက ပြောသည်။

စတင်ထုတ်ပေးသည့် ညနေပိုင်းတွင် လာရောက်ထုတ်ယူသူ ၂၈၀ ရှိခဲ့ပြီး ကျန်ရှိနေသူများကို မတ် ၃ ရက်တွင် နံနက် ၁၁ နာရီမှ ညနေ ၅ နာရီခွဲအတွင်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အနေဖြင့် ဖေဖော်ဝါရီလအတွင်းက စည်ပင်ဘဏ်မှ ငွေကျပ်တစ်ဘီလီယံကို မီးဘေးသင့် ဈေးသူ၊ ဈေးသားများအား ချေးငွေ ချပေးခဲ့ရာ ချေးငွေထုတ်ယူသူ ၃၂၂ ဦး ရှိခဲ့ပြီး တစ်ဦးလျှင် ငွေကျပ် ၃၁ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး(ပဏီတ)**

# တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းရွာ၌ နေအိမ်ခုနစ်လုံး မီးလောင်မှုဖြစ်ပွား

**တနင်္သာရီ မတ် ၁**



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာအုပ်စု ညောင်ပင်ကွင်းအရှေ့ရွာ နဂါးရုံဘုန်းတော်ကြီးကျောင်း အနောက်ဘက် သကျက်ချောင်းကမ်းပါးအနီး နေထိုင်သူ ဦးကျော်နိုင်(၄၂ နှစ်) ရော်ဘာခြံအလုပ်သမားနှင့် ဇနီး ဒေါ်အေးမူ(၃၈နှစ်)တို့ အလုပ်သွားနေချိန် သမီးဖြစ်သူ မဝေဇင်နွယ်(န၀မတန်း)ကျောင်းသူသည် မတ် ၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မိသားစုအတွက် ထမင်းဟင်းချက်ရာမှစ၍ မီးလောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ တာဝန်ရှိသူများ၊ ညောင်ပင်ကွင်းကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံ ရွာသူ/ရွာသားများ ပူးပေါင်း၍ ရေသယ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းစုပေါင်းမီးငြိမ်းသတ်ရာ ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး ညနေ ၅ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးကျော်နိုင်၏ နေအိမ်အပါအဝင် စုစုပေါင်း နေအိမ်ခုနစ်လုံး မီးလောင်ဆုံးရှုံးရပြီး လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း၊ အဆိုပါ မီးဘေးသင့်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီ ရဲမှူးစောမောင်က ငွေကျပ်တစ်သိန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟုန်စိုးက ငွေကျပ်တစ်သိန်း၊ လုပ်ငန်းရှင် ဦးကျင်မောင် မိသားစုက ငွေကျပ်တစ်သိန်းနှင့် နယ်မြေခံတပ်ရင်းမှ ဆန်သုံးအိတ်နှင့် ဆီ ၁၀ ပိဿာကို လည်းကောင်း ထောက်ပံ့ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မီးလောင်မှုနှင့် ပတ်သက်၍ မီးစတင်လောင်ကျွမ်းမှု ဖြစ်ခဲ့သည့် နေအိမ်ပိုင်ရှင် ဦးကျော်နိုင်အား တနင်္သာရီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**
**ဓာတ်ပုံ- မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် မတ် ၁** မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**



## အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းများအတွက် ဆန်၊ ဆီ၊ အချက်ပြမီးများ လှူဒါန်း

**နေပြည်တော် မတ် ၁**

ဖေဖော်ဝါရီလ ၂၉ ရက် မွန်းလွဲ ၁ နာရီက အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး၌ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ ကုန်းလမ်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (ITA) မှ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ အမြန်လမ်းမကြီး ရဲစခန်းများအတွက် ဆန် ၈၂ အိတ်၊ ဆီပိဿာ ၃၀၀၊ အချက်ပြမီးချောင်း ၄၀၀ လာရောက်လှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ITA အသင်း အတွင်းရေးမှူး ဦးလှိုင်ဇော်ထွန်းက အဆိုပါပစ္စည်းများမှာ အမြန်လမ်းမကြီးရဲတပ်ဖွဲ့အား ဂုဏ်ပြုလှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားပြီး အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ထွန်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **ကိုရဲ**

## မန္တလေး-လားရှိုး-မူဆယ်ကားလမ်း ဂုတ်တွင်း၌ လမ်းပိတ်မှုဖြစ်ပွား

**သီပေါ မတ် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်-လားရှိုး-မန္တလေးပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်ကြားရှိ ဂုတ်တွင်းလမ်း၌ ကုန်တင်ယာဉ်ကြီး စက်ချွတ်ယွင်း၍ မတ် ၁ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ လမ်းပိတ်ခဲ့သည်။ **(အောက်ပုံ)**

လမ်းပိတ်မှုကြောင့် မန္တလေးဘက်မှလာသော ယာဉ်များနှင့် လားရှိုး-မူဆယ်ဘက်မှလာသော ယာဉ်များ ဂုတ်တွင်း၌ ယာဉ်ကြောပိတ်မိခဲ့ရာ ယာဉ်တန်းကြီးမှာ ဂုတ်တွင်းမှ နောင်ချိုမြို့အထွက် မန္တလေးလမ်းအထိ ရောက်ရှိနေသည်ကို တွေ့ရသည်။

သက်ဆိုင်ရာယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လမ်းပိတ်နေသော ယာဉ်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## မြစ်ကြီးနားမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများမှ အိမ်ထောင်စုများအား ငွေပျော်စံပြကျေးရွာသို့ ပြောင်းရွှေ့ပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်

**မြစ်ကြီးနား မတ် ၁**

မြစ်ကြီးနားမြို့နယ်ပေါ်ရှိ ကယ်ဆယ်ရေးစခန်းခုနစ်ခုမှ အိမ်ထောင်စု ၅၉ စု၊ လူဦးရေ ၂၉၈ ဦးတို့အား ယနေ့နံနက် ၆ နာရီခွဲက စတင်၍ ၎င်းတို့၏ သက်ဆိုင်ရာစခန်းများမှ ငွေပျော်စံပြကျေးရွာသို့ ရွှေ့ပြောင်းနေရာချထားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ရွှေ့ပြောင်းမိသားစုများကို အားပေးစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်အသီးသီးမှ ပြောင်းရွှေ့လာကြသည့် မိသားစုများကို နေထိုင်မှုအဆင်ပြေစေရေးအတွက် ငွေပျော်စံပြကျေးရွာကို တည်ထောင်၍ ပြောင်းရွှေ့နေရာချထားပေးနိုင်ခဲ့မှု၊ INGO,NGO အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများရရှိအောင် စီမံဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ရွှေ့ပြောင်းမိသားစုများအား ပြည်နယ်အစိုးရအဖွဲ့မှ တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်စီနှင့် နေအိမ်များ လျှပ်စစ်မီးရရှိရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် 11KVA ဓာတ်အားလိုင်း သွယ်တန်းမှု၊ ထရန်စဖော်မာနှစ်လုံး တပ်ဆင်မှု၊ ၄၀၀ ဗို့အားလိုင်း ဆောင်ရွက်မှုတို့အတွက် စုစုပေါင်း ကုန်ကျငွေကျပ် ၁၀၅၇ ဒသမ ၈ သိန်းနှင့် မီတာဘောက် ၁၉၈ လုံး အတွက် ကုန်ကျငွေကျပ် ၄၂၈ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မိသားစုသုံး ကယ်ဆယ်ရေးပစ္စည်းများနှင့် ရိက္ခာသုံးရက်စာ၊ ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှ မိသားစုသုံး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး၊ အိမ်ထောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းများ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မိသားစုဆေးစိမ်ခြင်ထောင်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိမ်ထောင်သုံးပစ္စည်းများနှင့် အလှူရှင်များက ငွေကျပ် ၁၂ သိန်းတို့ဖြင့် စုစုပေါင်းထောက်ပံ့ ငွေကျပ် ၁၄၈၇၅၃၄၄ တို့ကို ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေ့ပြောင်းလာကြသည့် မိသားစုများ၏ နေအိမ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။ **(ဝဲပုံ)**

**(ပြည်နယ် ပြန်/ဆက်)**


ကလေးများအတွက် ပျော်ရွှင်စရာ ဂိမ်းများဖြင့်
a an the
နွေရာသီသင်တန်းများဖွင့်ပြီ
a_an_the English Language Corner
ဆရာမ ဒေါ်လှိုင်လှိုင်မိုး BA (Hons;), MA (English) Yangon University
အခြေခံမှ အဆင့်မြင့် အင်္ဂလိပ်စကားပြော သင်တန်းများ
IELTS, TOEFL, IGCSE
Cambridge Exam Series
ကုမ္ပဏီနှင့် ဌာနဆိုင်ရာများ အတွက် သင်တန်း လက်ခံပါသည်
တိုက်-၇၃(မြေညီ)၊ ၉-လမ်း၊ (Junction မော်တင်အနီး)၊ လမ်းမတော်
Tel ; 09 42 1065942 / 09 312 731 22 / 09 260 5132 59 / 09 798420176

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**တစ်ဦးတည်းဖြစ်ပါကြောင်း**
အဖ ဦးအေးလွင်(၁၂/တမန(နိုင်)၀၂၇၇၃၈)၏သမီးဖြစ်သူ မမေမိုးသူ(ခ) မမိုးမိုးသူ (၁၂/သဃက(နိုင်)၁၈၇၁၁၅)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မမေမိုးသူ(ခ)မမိုးမိုးသူ

**အမည်ပြောင်း**
မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၂နေ ဦးခင်မောင်ဇော်၏သမီး အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မခင်ဆွေသန့်အား မမြတ်ဆုစံဟု ပြောင်းလဲခေါ်ပါရန်။

**ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာ (၈)ရက်ညအိပ်တရားစခန်းပွဲ (၅-၃-၂၀၁၆) မှ (၁၂-၃-၂၀၁၆)အထိ**
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ် (၁)ကျောင်းတိုက်၊ ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်တွင် ယဉ်ကျေးလိမ္မာကလေးကမ္ဘာ (၈)ရက်အထူးတရားစခန်းပွဲကို ၅-၃-၂၀၁၆ရက်မှ ၁၂-၃-၂၀၁၆ရက်အထိ ဓမ္မကထိကဗဟုဇနဟိတရေ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု ရွှေမြင့်မိုရ်ဆရာတော်အရှင်သောဘဏ(ပိဋကတစ်ပုံအောင်)နှင့် ဒေါက်တာကိတ္တိသာရ၊ ဒေါက်တာအာသဘ၊ စာရေးဆရာကြီး (စည်သူ) လယ်တွင်းသား ဦးစောချစ်တို့မှ ဦးဆောင်လျက် အတတ်ပညာရှင်၊ အသိပညာရှင်၊ ဆရာတော်များ၊ လူပုဂ္ဂိုလ်ဆရာမကြီးများ၊ စာရေးဆရာကြီးများမှ အသက်(၁၁)နှစ်မှ (၁၄)နှစ်၊ အလယ်တန်းအဆင့် (၅/၆/၇)တန်းဖြေဆိုပြီး ကျောင်းသားကလေးလူငယ်တို့အား လက်ခံကျင်းပပြုလုပ်ပေးမည်ဖြစ်ပါသည်။
တရားစခန်းဝင်ရောက်လိုသူများသည် မတ် ၄ရက် မတိုင်မီ နံနက် ၈နာရီမှ ညနေ ၄း၀၀ နာရီအတွင်း ကလေးကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရပါမည်။ အရဏ်ဆွမ်း ၁၅၀၀၀ိ/-၊ နေ့ဆွမ်း ၂၅၀၀၀ိ/-၊ အချိုပွဲ ၁၀၀၀၀ိ/-၊ ညနေအာဟာရ ၁၀၀၀၀ိ/-တို့ကို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။
ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့ ဖုန်း-၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၂၅၀၀၂၁၄၃၄

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁) ရပ်ကွက်၊ လှော်ကားလမ်း၊ အမှတ် ၂၅၉၂ နေ ဦးစန်းဝင်း၏သမီး မမေဇွန်လင်း ၁၂/ဒဂတ(နိုင်)၀၆၉၁၇၈ သည် မိဘဆိုဆုံးမမှုကိုမနာယူဘဲ မိမိဆန္ဒသဘောအလျောက်ပြုမူပြီး မိဘအား အကြိမ်ကြိမ်အဖန်ဖန်စိတ်ဆင်းရဲအရှက်ရအောင် ပြုလုပ်နေပါသဖြင့် ၎င်းမမေဇွန်လင်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ (ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။)
ဖခင် ဦးစန်းဝင်း ၁၂/တမန(နိုင်)၀၂၅၇၃၀

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 9I/6707 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/6389 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ပျောက်ဆုံးကြောင်း**
ကျွန်တော်မောင်ကျော်သူထိုက် ကိုင်ဆောင်သော Passport No.222375 ပျောက်ဆုံးသွားပါသည်။
ဖုန်း-၀၉-၇၈၀၉၉၉၆၅၅

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7C/3688 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 5E/8970 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

# နောင်လုံလမ်းအသုံးပြုခကောက်ခံရေး တိုးဂိတ်၌ သေနတ်ပစ်ဖောက်ခြိမ်းခြောက်မှုဖြစ်ပွား

**ဘားအံ မတ် ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒုကျေးရွာနှင့် ဝဲကနင်ကျေးရွာကြား ဘားအံ-မြဝတီ ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ နောင်လုံတိုးဂိတ်၌ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၇ နာရီခန့်က လမ်းအသုံးပြုခကောက်ခံနေသည့် AK ကုမ္ပဏီမှ ဝန်ထမ်းများနှင့် ယာဉ်မောင်းတစ်ဦးတို့ အချေအတင်စကားများရာမှ ခြိမ်းခြောက်သေနတ်ပစ်ဖောက်မှု ဖြစ်ပွားခဲ့ရာ တိုးဂိတ်၌ တပ်ဆင်ထားသော စီစီတီဗွီမှတ်တမ်းများအရ သေနတ်ပစ်ဖောက်သူအား သိရှိရ၍ အမြန်ဆုံးဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၇ နာရီခန့်က ဘားအံဘက်မှ အိန္ဒုဘက်သို့ 5G/---- ယာဉ်သည် အရှိန်ဖြင့်မောင်းနှင်လာပြီး နောင်လုံတိုးဂိတ်အရောက် ဝန်ထမ်းများက မောင်းလက်တံဖွင့်နေစဉ် မောင်းတံကို တိုက်မိရာ မောင်းတံရှေ့အလွန်တွင် ကားရပ်၍ ကားပေါ်မှ ပစ္စတိုသေနတ်ဖြင့် မိုးပေါ်သို့ နှစ်ချက်ပစ်ဖောက်ပြီး ကားပေါ်မှ ဆင်းကာ မောင်းလက်တံ အဖွင့်အပိတ်လုပ်သည့် လူငယ်သုံးဦးနှင့် စကားအချေအတင်ပြောအပြီး ကားပေါ်သို့အတက်တွင် မိုးပေါ်သို့ သုံးချက်ထပ်မံပစ်ဖောက်ပြီး ယာဉ်ကို အိန္ဒုကျေးရွာဘက်သို့ မောင်းနှင်ထွက်သွားသည်ဟု သိရသည်။



သေနတ်ပစ်ဖောက် ခြိမ်းခြောက်သူအား စီစီတီဗွီ ဓာတ်ပုံမှတ်တမ်း အရ တွေ့ရစဉ် (ဝဲပုံ) နှင့် ပစ်ဖောက်သည့် ကျည်ခွံသုံးခုကို တွေ့ရစဉ်။ (အောက်ပုံ)



အခင်းဖြစ်ရပ်သို့ အိန္ဒုနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်နိုင်အောင်နှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ကျည်ခွံသုံးခုနှင့် ယင်းကားနှင့် လူဖြစ်စဉ်တို့ကို ရိုက်ကူးထားသော တိုးဂိတ်ရှိ စီစီတီဗွီ ဓာတ်ပုံမှတ်တမ်းများကို သက်သေများရှေ့၌ သိမ်းဆည်းခဲ့ပြီး စိစစ်ကြည့်ရှု၍ သေနတ်သမားအား စုံစမ်းရာ သေနတ်ပစ်ဖောက်သူမှာ မြပြည်သရက်တောကျေးရွာ နောင်လုံအရှေ့ကျေးရွာအုပ်စုတွင် နေထိုင်သူ ပုံးပုံးဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင် လက်နက်ကိုင်ဆောင်ပြီး ခြိမ်းခြောက်ပစ်ဖောက်သူ ပုံးပုံးအား ရဲအုပ်ဇော်နိုင်အောင်က တရားလိုပြုလုပ်တိုင်ကြား၍ အိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့်ပြီး သက်ဆိုင်ရာက အမြန်ဆုံးဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# စကားများငြင်းခုံရာမှ လူသတ်မှုဖြစ်ပွား

**ကျောက်ပန်းတောင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျားနေအိုင့်ကျေးရွာအုပ်စု ရုံးကျင်းကျေးရွာ၌ ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီခွဲက တစ်ရွာတည်းနေသူနှစ်ဦး အရက်သေစာအတူသောက်စားမူးယစ်ပြီး ငြင်းခုံစကားများကြရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျားနေအိုင့်ကျေးရွာအုပ်စု ရုံးကျင်းကျေးရွာနေ အောင်နိုင်ဦး (၄၁ နှစ်)နှင့် ရွှေသန်း(၄၀ နှစ်)တို့သည် ညနေ ၃ နာရီခွဲခန့်တွင် အောင်နိုင်ဦး၏ နေအိမ်၌ အရက်သေစာသောက်စားမူးယစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်း ပဌာန်းသိမ်းပွဲတွင် ပုံ့သကူပစ်သည့်ကိစ္စနှင့်ပတ်သက်၍ ငြင်းခုံစကားများရန်ဖြစ်ရာမှ စိတ်မထိန်းနိုင်ဘဲ အောင်နိုင်ဦးက ၎င်း၏နေအိမ်အတွင်းမှ အရိုးအသွား ၁၅ လက်မခန့်ရှိ ဝါးရိုးတပ်ဓားဦးချွန်ကိုယူ၍ ရွှေသန်း၏ ဝဲဘက်ရင်အုံအား တစ်ချက်ထိုးသွင်းခဲ့ရာ ရွှေသန်းမှာ ရရှိဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ သေဆုံးသူ ရွှေသန်း၏ ညီမဖြစ်သူ မရီချိုက ဥပဒေအရအရေးယူဆောင်ရွက်ပေးပါရန် တရားလိုပြုတိုင်တန်းသဖြင့် ပုပ္ပားရဲစခန်းမှ ရဲအုပ်သူရက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးထိန်းသိမ်း၍ သက်သေခံပစ္စည်းကို သိမ်းဆည်းပြီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ခိုးမှုဖြင့် မသင်္ကာသူအားစစ်ဆေးရာ ဆိုင်ကယ်ခိုးမှုပေါ်ပေါက်

**နေပြည်တော် မတ် ၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာအောင်မြေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၆ နာရီက မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးထားသူ ဝက်လက်မြို့နယ် ကဒူးကျေးရွာနေ ဖြိုးသူရ (၁၉နှစ်)အား သက်သေများနှင့်အတူ စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ လွန်ခဲ့သော သုံးလခန့်က မဟာအောင်မြေမြို့နယ် (၃၅×၈၉)လမ်းထောင့်ရှိ စည်တော်ဟိန်း လက်ဖက်ရည်ဆိုင်အနီး၌ ရပ်ထားသည့် Honda Click ဆိုင်ကယ်ကို ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဆိုင်ကယ်သိမ်းဆည်းပြီး ၎င်းအား မဟာအောင်မြေမြို့မရဲစခန်းက ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေတွင်းဖြူကျေးရွာ၌ ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်

**သုဝဏ္ဏဝတီ မတ် ၁**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ဝင်းပကျေးရွာအုပ်စု ရေတွင်းဖြူကျေးရွာ၌ မတ် ၁ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က သိမ်ဆိပ်-ဝီယော် ကားလမ်းမဘေးရှိ ဦးညီညီထွေး၏ နေအိမ်မှ မီးစတင်လောင်ရာ **(အောက်ပုံ)** အဆိုပါနေရာသို့ ပြည်သူများနှင့် သိမ်ဆိပ်မီးသတ်ယာဉ်နှင့် ကျိုက္ကော်မီးသတ်ယာဉ်တို့ ရောက်ရှိငြိမ်းသတ်မှုကြောင့် မီးထိန်းနိုင်ပြီး ခရိုင်မီးသတ်ဦးစီးမှူး လ/ထ ညွှန်မှူး ဦးအောင်ကြင်ထွန်း ဦးဆောင်သော သထုံခရိုင်မှ သန္ဓေမီးသတ်ယာဉ်နှစ်စီး၊ တံတားဦးကျေးရွာ မီးသတ်ယာဉ် တစ်စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ပတ်ဝန်းကျင်အိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ နံနက် ၈ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။



မီးလောင်မှုဖြစ်စဉ်တွင် ယင်းအိမ်၌ ရောင်းချရန် လောင်စာဆီများ သိုလှောင်ထားရှိသည့်အတွက် ဦးညီညီထွေး၏ နှစ်ထပ်အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း မီးကိုပေါ့ဆစွာသုံးစွဲသူ ဦးညီညီထွေးအား သိမ်ဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# ကန့်ဘလူမြို့၌ မီးလောင်မှုဖြစ်ပွား


**ကန့်ဘလူ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက် မှန်နီကုန်းရပ်အစွန်ရှိ ဦးချော(၃၁ နှစ်)၏ နေအိမ်၌ မတ် ၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်ခန့်က ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်ကော်မတီသုံးရပ်မှ ဥက္ကဋ္ဌများ၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးနှင့် မြို့နယ်သန္ဓေမီးသတ်၊ အရန်မီးသတ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၁ နာရီ ၃၂ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုတွင် အိမ်ရှင်ဒေါ်မြင့်မြင့်သန်း (၃၃ နှစ်)အား ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ စခန်းကြီးကျေးရွာနေ ဦးဟန်မြင့်၏သမီး ဒေါ်အောင်အောင် ၁၄/ဟသတ(နိုင်) ၀၂၆၅၃၃၈၏ အမည်မှန်မှာ ဒေါ်တင်အောင် ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးခင်ဝင်း၏သား မောင်သူရအောင်အား ယနေ့မှစ၍ မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းထက်ဇော်**

## အမည်မှန်

ဦးဇော်ဦး ၁၀/သထန(နိုင်)၀၀၀၂၃၉၏သမီး သထုံမြို့၊ အထက(၂)၊ သတ္တမတန်း(A)မှ မဝင့်နဒီထွန်းအား မဝင့်နဒီဦးဟု ပြောင်းလဲခေါ်ပါရန်။

**မဝင့်နဒီဦး**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ဦးဇော်နိုင် ၁၄/ဇလန(နိုင်) ၀၈၇၇၃၃ ပိုင်ဆိုင်သော မော်တော်ယာဉ်၏ သွင်းကုန်ပါမစ်အမှတ် (ISP IDV8 14-15 65724 26-12-14) ID, No (853227) ID,Date(18-3-15) ၏ CUSTOMS STATEMENT၊ ယာဉ်ဓာတ်ပုံတို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၂၄၂၂၇၇**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၈၅၅၅ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွဲ့နွဲ့စန်း ၅/ကလထ(နိုင်)၀၃၂၂၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၁၈၅၁၈ Hero Honda ယာဉ်လက်ဝယ်ရှိသူ ဦးဒိုဇကပ် ၄/တတန(နိုင်)၀၀၈၉၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၉၁၃၃ Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဦးတလန်မန်း ၅/ကလထ(နိုင်)၀၁၂၀၉၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

# ကက်ပီတယ်ဝမ်းဖလားရှုံးကြွေး အန်းဖီးကွင်း၌ တွေ့ဆုံ

အင်္ဂလန် ပရီမီယာလိဂ်၏ ပွဲကောင်းတစ်ပွဲဖြစ်သည့် လီဗာပူးနှင့် မန်စီးတီးတို့ပွဲသည် မတ် ၃ ရက် (ကြာသပတေးနေ့) နံနက်ပိုင်းတွင် အန်းဖီးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းနှစ်သင်းသည် ကက်ပီတယ်ဝမ်း ဖလားဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့စဉ်က ပယ်နယ်တီအဆုံးအဖြတ်ဖြင့် မန်စီးတီးအသင်း အနိုင်ရထားသည်။ နည်းပြဂျာဂျန်ကလော့သည် အန်းဖီးကွင်း၌ ရှုံးကြွေးပြန်ဆပ်နိုင်ရန် ပြင်ဆင်ထားပြီး ၄-၃-၃ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ကော်တင်ဟို၊ ဖာမီနို၊ လယ်လာနာတို့ တိုက်စစ်အတွဲသာ ထုတ်သုံးနိုင်သည်။ လီဗာပူးအသင်းတွင် ဒန်နီအင့်စ်၊ ဆာခို၊ စကာတယ်၊ ရော့စစ်တာ၊ ဂိုမက်စ်တို့ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ပေ။ လီဗာပူးအသင်းသည် အဆင့်ကိုးတွင် ရမှတ် ၃၈ မှတ်ဖြင့် ပွဲစဉ်တစ်ပွဲလျော့ကာ ယူရိုပါလိဂ်အဆင့်ဝင်နိုင်ရန် ရုန်းကန်နေရပြီး မတ် ၁၀ ရက်တွင်လည်း ၁၆ သင်းအဆင့် ယူရိုပါလိဂ် ရှုံးထွက်ပွဲစဉ်တွင် ပရီမီယာလိဂ်အသင်း မန်ယူနှင့် ယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

နည်းပြ ပယ်လီဂရီနီသည် ရာသီကုန်တွင် မန်စီးတီးမှ ထွက်ခွာရမည်ဖြစ်ပြီး ၎င်းနေရာတွင် ဘိုင်ယန်မြူးနစ်နည်းပြ ဂွာဒီယိုလာနှင့် အစားထိုးမည်ဖြစ်သည်။ ပယ်လီဂရီနီသည် မထွက်ခွာမီ မန်စီးတီးအတွက် ကက်ပီတယ်ဝမ်းဖလားတစ်လုံးရယူပေးခဲ့ပြီး ပရီမီယာလိဂ်ပွဲတွင်လည်း ချန်ပီယံလိဂ်အဆင့်ဝင်နိုင်ရန် ရုန်းကန်ဦးမည်ဖြစ်သည်။ လက်ရှိအချိန်တွင် မန်စီးတီးအသင်းသည် တစ်ပွဲလျော့ဖြင့် အဆင့်လေးတွင် ရပ်တည်နေသော်လည်း ဇယားထိပ်မှ လက်စတာနှင့် ကိုးမှတ်ကွာနေသည်။ ပယ်လီဂရီနီသည် လီဗာပူးနှင့်ပွဲတွင် ၄-၂-၃-၁ ပုံစံဖြင့်သာ အဂူရိုကို အထောင်ထားပြီး ပွဲထွက်လာမည်ဖြစ်သည်။ ဒီဘရိုင်း၊ နာဆရီ၊ ဖာဘီယန်တို့မှာ ဒဏ်ရာပြဿနာကြောင့် ပါဝင်လာနိုင်မည်မဟုတ်ပေ။

ဆယ်စုနှစ်အတွင်း ကြိုးကြာနီတို့၏ အန်းဖီးကွင်း၌ မန်စီးတီးအနိုင်မရဖူးပေ။ ယင်းပွဲတွင်လည်း ဂျာဂျန်ကလော့၏ လီဗာပူးအသင်း ရှုံးကြွေးပြန်ဆပ်နိုင်မည်ဖြစ်ရာ ပရိသတ်အကြိုက်ကြည့်ကောင်းမည့် ပွဲတစ်ပွဲဖြစ်သည်။

**သီဟ**



# တနင်္သာရီတိုင်းဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ထားဝယ် မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တနင်္သာရီတိုင်းဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် နံနက် ၈ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ သစ်တောနှင့် သတ္တုဝန်ကြီး ဦးတင်စိုးက အမှာစကားပြောကြားရာတွင် နွေရာသီအားကစားသင်တန်းများအနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ကရာတေးဒို၊ ဂျူဒို၊ ဝူရှူး၊ တင်းနစ်၊ စားပွဲတင်တင်းနစ်၊ လက်ဝှေ့၊ အေရိုးဗစ်၊ မြန်မာ့သိုင်း၊ ခရစ်ကတ် စသည့် အားကစားနည်း ၁၄ မျိုးကို ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်ကြားမည့်သင်တန်းများအားလုံးသည်လည်း အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူဖြစ်ကြောင်း ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအဆင့် နွေရာသီအားကစားသင်တန်းများကို မတ် ၁ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၈၄ ဦး တက်ရောက်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# နွေရာသီအခြေခံ မြန်မာ့ရိုးရာလက်ဝှေ့ အခမဲ့သင်တန်းဖွင့်

**မန္တလေး မတ် ၁**



မြန်မာ့ရိုးရာ လက်ဝှေ့အားကစားသမားများနှင့် ရိုးရာလက်ဝှေ့ အားကစားဝါသနာရှင်များ မြန်မာ့ရိုးရာလက်ဝှေ့ အားကစားလောက ဦးမော့လာရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ ဆပ်ကော်မတီမှ မတ် ၁ ရက်က မန္တလေး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက် တာရိန်းလမ်း ရွှေတိုးကုန်းရပ် (၃၈) လမ်းရှိ ရိုးရာလက်ဝှေ့လေ့ကျင့်ရေးကွင်း၌ နွေရာသီအခြေခံ မြန်မာ့ရိုးရာလက်ဝှေ့ အားကစား အခမဲ့သင်တန်းဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီနာယက ဦးသာဒေါ်၊ ရိုးရာလက်ဝှေ့ ဆပ်ကော်မတီဥက္ကဋ္ဌကိုယ်စား မန္တလေးခရိုင်ရဲတပ်ဖွဲ့ ခရိုင်လုံခြုံရေး ရဲအကူတပ်ဖွဲ့ခွဲမှူး ရဲမှူးသက်ဝင်းနှင့် ခရိုင် အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ အခြေခံအခမဲ့သင်တန်းကို နည်းပြဆရာများက နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီခွဲအထိ အလှည့်ကျ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် ကျားသစ်ရဲအောင် ၀၉-၄၀၂၅၈၉၈၆၂၊ မိုးလေး ၀၉-၂၀၀၁၈၅၊ ဦးဒသ ၀၉-၄၃၀၇၃၀၉၆ တို့အပြင် တိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေး (ဗထူးအားကစားခန်းမအနီး) တို့ထံသို့လည်း ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၂-၃-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၅ | - ပြည်သူတို့ရဲ့စကားသံများ |
| ၉း၃၅ | - ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (ဇီဝဗေဒဘာသာရပ်) |
| ၁၁း၃၅ | - မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၄း၀၅ | - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း (ဆက်သွယ်ရေးကဏ္ဍ အပြောင်းအလဲနှင့် တိုးတက်လာမည့် စီးပွားရေးလုပ်ငန်းများ) (အပိုင်း-၂) |
| ၁၄း၃၅ | - မြန်မာ့ဝလေ့ရိုးရာလက်ဝှေ့ (ကျားပေါက်နှင့် ထက်အောင်ဦး) |

**ညပိုင်း**

| | |
|---|---|
| ၁၅း၃၀ | - ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာများ (သမိုင်းဘာသာရပ်) |
| ၁၆း၃၅ | - Football Magazine (ရန်ကုန်ယူနိုက်တက်) |
| ၁၇း၅၀ | - **ရောဝတီလင်းပိုင် မျိုးသုဉ်းမည့်အန္တရာယ် ပြည်သူများ ဝိုင်းဝန်းကာကွယ်** |
| ၁၉း၁၅ | - နိုင်ငံခြားဇာတ်လမ်းတွဲ မြစိမ်းရောင်သံစဉ် (အပိုင်း-၁၄) |
| ၂၀း၀၀ | - ပြည်တွင်းသတင်း |
| | - နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ**(အပိုင်း-၂) |
| | - မှတ်မှတ်သားသားပုံပြင်များ **ကောက်ပင်ရိတ်လှီး** (ဖူးပြည့်စည်သူ၊ အောင်မင်းဆွေ) (ဒါရိုက်တာ-သီတာလင်း) |
| | - ဂီတသမား၊ ဂီတစကား၊ အလင်္ကာကျော်စွာ မြို့မငြိမ်း၏ **ကသစ်ပန်း** (ဂီတစာဆို မောင်မောင်လတ်၊ ဦးဝင့်အောင်) |

**မှတ်ချက်** ။ ။ **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ် (၁၀၄/၁၀၈)၊ ကမ်းနားလမ်း၊ မော်တော်ယာဉ် စတိုအဆောက်အအုံ တစ်လုံး၊ (အလျား ၁၂၀'×အနံ ၈၀')နှင့် (အင်္ဂတေ၊ သွပ်၊ အင်္ဂတေ)အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း(၆)လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

| | |
|---|---|
| **(က) တင်ဒါပုံစံရောင်းချမည့်ရက်** | - ၃-၃-၂၀၁၆ရက်မှ ၈-၃-၂၀၁၆ရက်ထိ |
| **အချိန်** | - နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ |
| **(ခ) တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** | - ၁၀-၃-၂၀၁၆ရက် ၁၂း၀၀နာရီ |
| **(ဂ) တင်ဒါပိတ်မည့်ရက်/အချိန်** | - ၁၀-၃-၂၀၁၆ရက် မွန်းလွဲ ၁၃း၀၀နာရီ |
| **(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ** | - ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့ |
| **(င) Depositပေးသွင်းရမည့်နေရာ** | - Deposit ငွေများကို တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ Deposit ငွေများကိုဌာန၏ ငွေသွင်းချလန်ဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ပေးသွင်းရမည်ဖြစ်ပါသည်။ |
| **(စ) စာရင်းပေးသွင်းရမည့်နေရာ** | - ရုံးအမှတ်(၅၂)၊ နေပြည်တော် |
| **(ဆ) တင်ဒါတင်သွင်းရမည့်နေရာ** | - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)၊ နေပြည်တော် |

၂။ အဆိုပါရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အမှတ်(၁၀၄/၁၀၈)၊ ကမ်းနားလမ်း၊ မော်တော်ယာဉ်စတိုအဆောက်အအုံတစ်လုံး၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ၊ ဖုန်း-၀၁-၂၅၀၄၃၂၊ ၂၅၁၈၂၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်စောနု ၁၁/စတန(နိုင်)၀၃၅၄၃၅ ၏ Passport (NO. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၄၂၉၄၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ခင်နုရီ ၁၁/စတန(နိုင်)၀၁၅၀၄၂ ၏ Passport (NO. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၄၂၉၄၅**

★ နေမင်းခြင်္ကာ ★
ရာထူးဝင်သင်တန်းကြီး
★ ပြည်တွင်းအခွန်ဦးစီးဌာန
သင်တန်းကြေး - ၁ရ၀၀ဝိ/ကျပ် / စာအုပ်သီးသန့်ဝယ် - ၈၀၀ဝိ/ ကျပ်
★ PGDMA ဝင်ခွင့်
❖ ရရှိနိုင်သောစာအုပ်ဆိုင်များ
- (ရွှေမင်းသား၊ ရွှေရည်ဝင်းနှင့် လမင်းဝင်းဝင်းစာပေ) (နေပြည်တော်)
- (ညိုစာပေနှင့်ခေတ်မီစာပေ) (မန္တလေး)
- (ကျော်ကျော်စာပေ) (မော်လမြိုင်)
- (နေမင်းခြင်္ကာမိတ္တူဆိုင်) (ပြည်မြို့)
စုံစမ်းရန် ။ ။ အနော်ရထာအိမ်ရာဝင်းအတွင်း၊ လှည်းတန်းမှတ်တိုင်နှင့်ကပ်လျက်၊ Ice Berry ရှေ့မျက်နှာ ချင်းဆိုင်လှည်းတန်း၊ ကမာရွတ်မြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀ ၄၂၂၀၀၊ ၀၉ ၂၅၃၀ ၃၃၉၂၄။

7Stars (ရာထူးဝင်သင်တန်းကြီး)
☆ PGDMA - 17 (ပုံမှန်တန်းခွဲ / အနီးကပ်)
☆ ပြည်တွင်းအခွန် (အငယ်တန်းစာရေး ၊ ရုံးအကူ)
အပြည့်စုံဆုံးမှတ်စုများကို ရောင်းချပေးနေပါပြီ။ နယ်သို့ပို့ပေးသည် ။
တိုက်(18 / 3B) ၊ သမြေညီကွန်ဒို(၁)၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
09.789107733, 09.799860155, 09421052736, 09.780080052

## ကန့်ကွက်နိုင်ကြောင်း

ပြည်မြို့ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ် ၁၅-E ရှမ်းစု၊ ဦးပိုင်အမှတ် ၁၃၀မှ မြေဧရိယာ ၀ ဒသမ ၀၅၅၈ ဧကကို ကျွန်တော် ဦးမျိုးဇော်ဦး ၇/ပခတ(နိုင်)၀၀၆၀၄၀မှ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် မြေငှားဂရန်လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးဇော်ဦး ၇/ပခတ(နိုင်)၀၀၆၀၄၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ယ/၈၁၀၈၄၊ Honda Wave Alpha 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်မွှေး ၆/ရဖန(နိုင်)၀၂၃၆၄၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၂-၂၀၁၆ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၄ တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အိမ်အမှတ်(၁)၊ မြေကွက်အမှတ် ၁၅၂/၁၅၃၊ အကျယ်အဝန်း (၅၄'×၄၀')အစား အကျယ်အဝန်း (၄၅'×၄၀')ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## သွာနုတ္တသမီးအဖြစ်သတ်မှတ်ကြောင်းနှင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာ၊ ရပ်ကွက်(၂)၊ အမှတ် ၁၅၂နေ ကျွန်မ ဒေါ်စောတင် ၁/ဝမန(နိုင်)၀၁၇၅၃၉၏သမီး မနန်းထွေး (ဘ)ဦးမောင်ပိန် ၁/ဝမန(နိုင်)၀၈၀၉၈၃သည် မိခင်ဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်ဖြစ်သူ ကျွန်မဒေါ်စောတင်အား တရားစွဲဆိုသည်အထိ ရန်ရှာပြုမူပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသမီးအဖြစ် သတ်မှတ်ကြောင်းနှင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စောတင်**
**၁/ဝမန(နိုင်)၀၁၇၅၃၉**

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၇)သတ္တမတန်းမှ မောင်ထန်ဟောမ်ကိမ်အား မောင်ထန်ဟွမ်းကိမ်းဟု လည်းကောင်း၊ စတုတ္ထတန်းမှ မဒိမ်နွန့်နဲင်မ်အား မဒိမ်နွန်နဲမ်ဟု လည်းကောင်းပြောင်းလဲခေါ်ဆိုပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးလျန်ခိုခိုင် ၄/တဇန(နိုင်)၀၀၈၈၈၁ ဖြစ်ပါကြောင်း။ **မောင်ထန်ဟွမ်းကိမ်း၊ မဒိမ်နွန်နဲမ်၊ ဦးလျန်ခိုခိုင် ၄/တဇန(နိုင်)၀၀၈၈၈၁**

# ခြေနင်းတုံကင်တွင်းရေကို သောက်သုံးရေအတွက်အားထား

**သာစည် မတ် ၁**

သာစည်မြို့နယ်တွင် နေ့အပူချိန်များ တစ်နေ့ထက်တစ်နေ့ မြင့်တက်လာမှုကြောင့် ပူပြင်းခြောက်သွေ့မှုများဖြစ်ပေါ်လာကာ မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေတွင်း၊ ရေကန်များ ခန်းခြောက်ပြီး ရေရှားပါးမှုကြုံတွေ့ရာ ကျေးရွာများအနက် သဲပုတ်ကုန်းကျေးရွာလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် အိမ်ထောင်စု ၁၄၀၊ လူဦးရေ ၃၀၀၀ ခန့်ရှိသော ကျေးရွာဖြစ်ကာ သာစည်မြို့၏ အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင်ရှိ၍ ကျေးရွာနေသူအများစုမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြကြောင်း သိရသည်။

"ကျွန်တော်တို့တစ်ရွာလုံး ဒီခြေနင်းတုံကင်တွင်းလေးကိုပဲ သောက်သုံးရေအဖြစ် အားကိုးနေရတာပါ။ ဒီရေတွင်းကလေးက သာစည်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးညွန့်ငွေမိသားစုက လှူဒါန်းထားတာပါ။ ရေထွက်အားလည်းကောင်းပြီး ရေကလည်းရေချိုပါ။ ရွာထဲက စက်ရေတွင်းတွေကလည်း အပူရှိန်ကြောင့် ရေထွက်အားသိပ်မရှိတော့ဘူး။ ရှေ့ဆက် ဒီလိုသာ ဆက်လက်ပူပြင်းနေမယ်ဆိုရင် ကျွန်တော်တို့ရွာမှာ သောက်သုံးရေ အခက်အခဲဖြစ်နိုင်ပါတယ်" ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးဖိုးလုံးက ပြောပြသည်။

ယခုအခါ သဲပုတ်ကုန်းကျေးရွာမှ အိမ်ထောင်စုအများစုမှာ အဆိုပါ ခြေနင်းတုံကင်တွင်းမှ ရေကိုရရှိနေကြသဖြင့် သောက်သုံးရေအတွက်ကိုမူ ယခုလောလောဆယ်တွင် အဆင်ပြေမှုများရှိနေကြကြောင်း သိရသည်။



**မောင်ကို(သာစည်)**

# ကြံတစ်ဧက တန် ၈၀ အထက် ထွက်ရှိမည့် နည်းပညာများဖြန့်ဝေ

**ပေါက်ခေါင်း မတ် ၁**

ကြံတစ်ဧက တန် ၈၀ အထက် ထွက်ရှိမည့် နည်းပညာအား ကြံစိုက်တောင်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ကြံသီးနှံ တစ်ဆစ်ချင်း ပျိုးထောင်စိုက်ပျိုးနည်း စနစ်သရုပ်ပြပွဲကို ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ဇရပ်ကုန်းကျေးရွာ တောင်သူဒေါ်စမ်းမြိုင်၏ယာမြေလေးဧက၌ ဖေဖော်ဝါရီ ၂၃ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး (ညွှန်ကြားရေးမှူး)ဦးလှမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဦး၊ ခရိုင်ဦးစီးမှူး ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိ ဆောင်ရွက်နေသော လုပ်ငန်းများ အခြေအနေနှင့် ရေရှည်ဆောင်ရွက်သွားမည့် လုပ်ငန်းများအခြေအနေ၊ ကြံတစ်ဧက တန် ၈၀ နှင့်အထက်ထွက်ရှိနိုင်မည့်နည်းပညာများ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများ၏ မေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက ပျိုးထောင်ထားသော ကြံတစ်ဆစ်ချင်းပျိုးခင်းအား လေ့လာကြပြီး တစ်ဆစ်ချင်းပျိုးပင်များနှင့် လက်တွေ့ ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# အင်းတော်မြို့နယ် တံတားသစ်တည်ဆောက်နေ၍ လမ်းလွှဲသွားလာရေးအဆင်ပြေစေချင်



**အင်းတော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးအုပ်စု ဟဲနုရွာဟဲနုချောင်း အာရ်စီကွန်ကရစ်တံတားအသစ် တည်ဆောက်လျက်ရှိရာ ခရီးသွားမော်တော်ယာဉ်များ ယာယီကွင်းလမ်းမှ သွားလာရာတွင် နေ့စဉ်အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် အဆိုပါ ချောင်းအတက်အဆင်း ကွင်းလမ်းကို ပြုပြင်ပေးရန်နှင့် ယာယီကွင်းလမ်းတံတား ဆောက်ရွက်ပေးပါက ဆက်သွယ်သွားလာရေး အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာက အခုအသစ်ဆောက်လုပ်နေတဲ့ အာရ်စီကွန်ကရစ်တံတားဘေး ချောင်းအတက်အဆင်း ယာယီကွင်းလမ်းမှာ နေ့စဉ်ဖြတ်သန်းနေကြတဲ့ မော်တော်ယာဉ်တွေ၊ ဆိုင်ကယ်တွေ၊ နွားလှည်းတွေအတွက် သွားလာရတာ အခက်အခဲဖြစ်နေပါတယ်။

"တစ်ခါတစ်ရံ ချောင်းထဲမှာ ကားပျက်နေရင် အတက်အဆင်း ယာဉ်တွေ လမ်းပိတ်မိနေတဲ့အခါမျိုးမှာ အားလုံးအတွက် အခက်အခဲကြုံရပါတယ်။ ကားကြီးတွေဖြတ်ရင် ရေကပါလာတော့ လမ်းအတက်အဆင်းတွေ ခဏခဏပျက်ပါတယ်။

"ဒါကြောင့် ယာယီကွင်းလမ်းကို တံတားခင်းလိုက်ရင် လမ်းလည်း မပျက်နိုင်သလို ယာဉ်အတက်အဆင်းနှင့် ခရီးသွားလာသူတွေ အားလုံး အဆင်ပြေသွားမှာပါ"ဟု ဟဲနုရွာနေသူတစ်ဦးက ပြောပြသည်။

အဆိုပါတံတားကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အလျားပေ ၁၂၀၊ အကျယ် ၃၁ ပေ၊ အမြင့် ၂၃ ပေရှိကာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားအမှတ်(၅/၁၆၃)တွင် တည်ရှိကြောင်း သိရသည်။

**နီတိုး**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်

**မော်လမြိုင် မတ် ၁**

မော်လမြိုင်မြို့နယ် ဖဲထော် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်နှင့်အဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်းစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ စီမံကိန်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ ဖဲထော် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ စိုက်ပျိုးရေး ၂၃ ဦး၊ ကုန်ထုတ်လုပ်ငန်း ၂၃ ဦး စုစုပေါင်း ၆၅ ဦးရှိကြောင်း သိရသည်။

**ဝေဝေ**

# အယ်နီညိုရာသီဥတု အရေးပေါ်အခြေအနေ အတွက် ဖြေရှင်းနိုင်ရန်စီစဉ်

**မုဒုံ မတ် ၁**

ယခုနှစ်နွေရာသီတွင် အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုအပေါ် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း အပူချိန်ပြင်းထန်ပြီး ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများ ယခင်နှစ်များကထက် ပိုလာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ထိခိုက်လာခြင်းနှင့် အခြား သောအန္တရာယ်များ ပေါ်ပေါက်လာပါက ပြည်သူများအား အမြန်ဆုံးကူညီနိုင်ရန် စီမံချက်များဆောင်ရွက်ထားသည့်အပြင် အရေးပေါ်အခြေအနေပေါ်ပေါက်လာပါက အမြန်ဆုံးဖြေရှင်းနိုင်အောင် စီစဉ်ဆောင်ရွက်ထားကြောင်း မုဒုံမြို့စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်မူမူဟန်က နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် သက်တမ်းတိုအထွက်ကောင်းမျိုးများ ရွေးချယ်အသုံးပြုရန်နှင့် မြေဆီလွှာပိုင်းဆိုင်ရာ လုပ်ဆောင်ရမည့် နည်းစနစ်များကို ဆွေးနွေးပြီး မြေနမူနာတွင် အာဟာရဓာတ် ပါဝင်မှုစစ်ဆေးခြင်းကို လက်တွေ့သရုပ်ပြသခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ် ဦးစီးမှူး ဦးမြင့်ဦးက ယင်းဖြစ်စဉ်ကြောင့် ရေရှားပါးမှုများ ကြုံတွေ့နိုင်သဖြင့် ရေရရှိနိုင်မည့်နေရာများကို ကြိုတင်ရှာဖွေထားကာ မီးဘေးအန္တရာယ်များဖြစ်ပေါ်လာပါက နီးစပ်ရာနေရာများမှရေကန်များကို ရေဖြည့်တင်းထားကြောင်း၊ ရေကိုအမြန်ဆုံးရနိုင်အောင် ရေသယ်ယာဉ်များ၊ အကူယာဉ်များဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များ၊ သက်ဆိုင်ရာ မြို့နယ်အာဏာပိုင်အဖွဲ့များ၊ ရပ်ကွက်လူမှုရေးအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မုဒုံမောင်မောင်**

# မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ မတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မီးသတ်တပ်ဖွဲ့က နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ပြည်သူလူထု၏ အသက်နှင့် ဥစ္စာပစ္စည်းများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်အသိပညာပေးလုပ်ငန်းများကို မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများပူးပေါင်းကာ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းများကို နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်မြေနေရာ ခြံစည်းရိုးကာ

**ကျွန်းလှ မတ် ၁**

ကျွန်းလှဒေသ ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်မြေနေရာ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၇ ရက်က ယင်းမြေဧရိယာ၌ စတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတ၏ ဦးဆောင်မှုဖြင့် ကန့်ဘလူမြို့နယ် ပေကုန်းကျေးရွာမှမြေအလှူရှင်များ၊ ပေကုန်းရွာသူရွာသားများ၊ စစ်ကိုင်းမြို့ IBEC မှ သံဃာတော်များ၊ ကျွန်းလှမြို့ပေါ်မှ ဒေသခံပြည်သူများကဝိုင်းဝန်း၍ လုပ်အားဒါနပေးလှူကုသိုလ်ယူခဲ့ကြကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကောလင်းမြို့နယ်ရှိ ကျေးရွာ ၁၂၇ ရွာ လျှပ်စစ်မီးလင်း

**ကောလင်း မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှစတင်၍ ကျေးရွာ ၂၁၀ တွင် ၁၂၇ ရွာ လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးစီမံချက်အရ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသော ကျေးရွာ ၁၆ ရွာတွင် ဆိုလာလျှပ်စစ်မီးများ ထောက်ပံ့ဆောင်ရွက်နိုင်ခဲ့သည်။

သဖန်းဆိပ်ဆည်တည်ဆောက်ရေးကြောင့် ပြောင်းရွှေ့ကျေးရွာများဖြစ်သော ရွာသစ်၊ ပန်းမရဲ၊ အောင်ချမ်းသာ၊ ပေတပင်၊ ခနွဲစင်ကျေးရွာများတွင် ၂၄ နာရီမီးလင်းရေး ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၄၄၃ ဒသမ ၉ သန်းဖြင့် ကောလင်းမြို့နယ် ခေါင်းဖြူ၊ ဇမ္ဗူရာဇ်၊ ယင်းတိုက်၊ သစ်ဆိမ့်ကုန်း၊ ကြာအင်းကျေးရွာများ၌ ၁၀ ကေဗွီလိုင်း၊ ၂၀၀ ကေဗွီအေခွဲရုံတစ်ရုံစီနှင့် ၄၀၀ ဗို့အားလိုင်းများကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ ''မန္တလေးမျဉ်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ ''မန္တလေးမျဉ်းဖြောင့်များ'' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် '' ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း'' အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော ''မန္တလေးမျဉ်းဖြောင့်များ''ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သခင်္ချာပုစ္ဆာဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော '' ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း'' ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း ဇွန်ပန်းတွေနဲ့ဝေ

ဆူးငှက်



အရှေ့ကျုံးလမ်းအကြောင်း ပြောဖြစ်တော့ ကျွန်တော့်မှာ ပန်တျာကျောင်းဝင်းထဲမှာပဲ တဝဲလည်လည်ဖြစ်နေကာ ရှေ့ခရီးမဆက်နိုင် ဖြစ်နေရတော့သည်။

ကျွန်တော့်မှာ ပန်တျာကျောင်းဝင်းအကြောင်း သတိတရပြောဖြစ်နေတော့ မန္တလေးလူရွှင်တော်ကြီးတွေ၏ပြက်လုံးတစ်ခုကို သတိရမိသေးတော့ "ဟ. . . ပေါစိန်ရ၊ ဒီကောင်က မန္တလေးပန်တျာ ကျောင်းထွက်ကွ"

"အံမာ . . . ကိုယ့်လူကို သာမညောင်ည ထင်နေတာ၊ ရွှေဒေါင်းညိုတပည့်လား၊ စိန်မြသွင်တပည့်လား၊ ပန်တျာကျော်ဝင်းတို့နဲ့ တစ်နှစ်တည်း ကျောင်းဆင်းတာလား"

"မဟုတ်ပေါင်ကွယ်၊ ပန်တျာကျောင်းကို အရှေ့ပေါက်ကဝင်ပြီး အနောက်ပေါက်က ထွက်လာတယ် ပြောတာပါ" ဟူ၍။

တကယ်တော့ ကျွန်တော်ကလည်း ပန်တျာကျောင်းကို အရှေ့ပေါက်ကဝင်ပြီး အနောက်ပေါက်က ထွက်ဖူးရုံမျှပဲဖြစ်ပါသည်။

သို့သော်ငယ်စဉ်က အမေ့လက်ဆွဲပြီး မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၏ အရှေ့ဘက်က ဒေါ်ဩဘာသောင်း၏ တိုက်သို့အကြိမ်ကြိမ်ရောက်ဖူးသည်။ ဖခင်ဖြစ်သူက ဆိုင်းပွဲရှိလျှင် လက်ဆွဲပြီး ဆိုင်းနောက်မှာ ယိုးဒယားရိုက်သည်မှအစ ပျောတီးဆိုင်းသိမ်းသည်အထိ ဆိုင်းနားထောင်လိုက်ပါလေ့ရှိ၏။ အနောက်ပြင် ဘုန်းကြီးကျောင်းဝင်းကြီးတွေ အနားမှာနေရလို့လည်း အလှူအတန်းနှင့် မပြတ်ဘဲရှိသည့်အပြင် အလှူတိုင်း ဆိုင်းထည့်ကြလေတော့ ဆိုင်းနှင့်မပြတ်တော့။

ထို့အပြင် ဖခင်သည် ဇာတ်ပွဲကြည့်လည်း ဝါသနာပါလှ၏။ ဖခင်ဇာတ်ပွဲကြည့်တာကလည်း အစအဆုံးကြည့်တာမျိုးမဟုတ်။ တစ်ရေးနိုးချိန် နာရီပြန် ၂ ချက်လောက်ဆိုလျှင် ဇာတ်အဖွဲ့များက နှစ်ပါးသွားဖို့ စခန်းချပြီ။ ထိုအချိန်မှ ကျွန်တော့်ကို အိပ်ရာမှနှိုးပြီး သားအဖနှစ်ယောက် ဆိုင်းသံဗုံသံကြားရာ ဇာတ်ပွဲဆီသို့သွားကြခြင်းဖြစ်၏။ ဇာတ်ကို နှစ်ပါးသွားနှင့် နောက်ပိုင်းအပူတိုက်ကိုကြည့်ပြီး လက်ဖက်ရည်သောက်ကာ အိမ်ပြန်ကြခြင်းဖြစ်သည်။ အိပ်ရေးလည်းမပျက်၊ ဇာတ်ပွဲလည်းကြည့်ရရော၊ ဖခင်ကြီးကဆိုင်းဆိုလျှင် စိန်ဘညို၊ ရွှေဒေါင်းမြိုင်ကြိုက်သည်။ စိန်ဘညိုကိုတော့ အသည်းစွဲ။ ဟို. . . ဘုတလင်အရှေ့ဘက် ဝေးသီလံရွာကလေးမှာပြန်၍ ကျွန်တော့်ကိုလှူတော့ စိန်ဘညိုဆိုင်းပါသည်။

ကျွန်တော်မွေးသည့်နှစ်မှာ မန္တလေးအိမ်တော်ရာဘုရားက ထီးတင်တော့ ထီးတင်မှာ မြို့ခံနာမည်ကျော်ဆိုင်းအဖွဲ့နှင့် ယှဉ်ပြိုင်တီးရန် ဖခင်သည် မုံရွာကံပြားရွာမှ စိန်ဘညိုဆိုင်းအဖွဲ့ကို မန္တလေးသို့ခေါ်ကာ တီးစေခဲ့သည်။ စိန်ဘညိုသည်လည်း အိမ်တော်ရာထီးတင်မှစ၍ မန္တလေးမှာ အခြေချကာ နာမည်ကျော်ဆိုင်း ဖြစ်သွားတော့သည်။ ထို့ကြောင့် စိန်ဘညိုဆိုင်းအဖွဲ့ဆိုလျှင် ကျွန်တော်တို့သားအဖမှာ တီးရာနောက်လိုက်ပြီး ဆိုင်းဝိုင်းနောက်ဝင်ထိုင်ကာ အလှူကဧည့်ခံသော လက်ဖက်ရည်တွေ၊ ထိုးမုန့်၊ နနွင်းမကင်းတွေထိ စားရတာ မှတ်မိနေသည်။

ကျွန်တော်ကား ဆိုင်းအဖွဲ့မှ ကနဦး ယိုးဒယားကရောင်းရိုက်နေလျှင် ကြေးနောင်သမားကို သဘောကျနေမိ၏။ လက်ကိုင်ဖုကလေးက ကြေးနောင်ဘုကလေးပေါ် ပွတ်ကာသပ်ကာ၊ ဖိကာ၊ လက်သန်းလေးနဲ့ထိန်းကာ တီးသည်ကို ငေးမိနေသည်။ သာမန်သိသည်က ကြေးနောင်ကို လက်ခတ်နှင့် ရိုက်တီး၍ အသံထွက်သည်ဟုပဲဖြစ်၏။ တကယ်တမ်းသေချာကြည့်တော့ အဲသည်လိုမဟုတ်၊ အပွတ်အသပ်၊ အဖိအဖော့၊ အထိန်းအကွပ်လေးတွေမြင်ရသည်။ယိုးဒယားရိုက်နေစဉ် ရှာစားက ဆိုင်းဝိုင်းထဲဝင်ပြီး ပတ်စာကပ်ကာ အသံစမ်းသည်။ ထို့နောက် အုံနှင့်ကျင်းနှင့် တီးလုံးတစ်ပုဒ်တီးသည်။ တီးလုံးအပြီး တူရိယာအားလုံးအသံ ငြိမ်သက်သွား၏။

ထိုအခါ နောက်ထ ပေါက်စနှင့် နီလာသည် ဆိုင်းဝိုင်းကိုကွယ်၍ တောင်ရှည်ပုဆိုးဝတ်သည်။ လက်စကစွပ်ကျယ်မှ လက်ကိုလိပ်၍ ပခုံးအထိ တင်သည်။ အနားမှာထိုင်နေသော ကျွန်တော့်ကို လေသံတိုးတိုးဖြင့်-

"မင်း နောက်နားနည်းနည်းတိုးဦး၊ ငါတို့က ဆော့ရမှာ ဆိုတော့ နေရာကျယ်မှ ဖြစ်မှာ"ဟုဆိုသည်။

နောက်ထ ဦးပေါက်၏ အသံခပ်အက်အက်မှာ ကျွန်တော်က ဒီလူကြီးတွေ ဘယ်လိုဆော့မှာပါလိမ့်ဆိုပြီး စိတ်ဝင်တစားဖြစ်နေမိသည်။

နေရာကို ရှင်းလင်းပြီးနောက် မုဆိုးထိုင် ထိုင်ကြပြီး နှစ်ယောက်သားအချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ဝါးလက်ခုပ်ကိုင်ကာ ထိုင်လျက် "ဟေး" ခနဲ အော်ကာ ခုန်လိုက်ကြသည်မှာ ဆိုင်းဝိုင်းကိုပင် ကျော်သွားပါသည်။ ပရိသတ်အားလုံးသည် ဟာခနဲ လန့်သွားသည်။ ထို့နောက် ခုန်ရာမှ မတ်တတ်အကျတွင်-

"အသရေမညှိုးသပ၊ အခြေတန်ခိုးကြွလိုက်တာက
နေမျိုးဗလကျော်သူ အဘစိန်ဗေဒါကို ဦးထိပ်ထားတဲ့ ဆိုင်း၊
တိုင်းအသိ၊ ပြည်အသိ၊ အများသိကြပါပေါ့. . .
ကြွားမဝိအပိုမမောက်ခဲ့ပါပဲ၊
ဗဟိုတစ်လျှောက် နဂရာဇမ္ဗူပေါ်တွင် အဆိုသွင်းကာ
အပိုအဖျင်းတွေဖြင့် ကျုပ်တို့ဆရာ ဝါမကြွားပါဘူး
ရှာစားရေ. . .
ဆရာ့ကရမက်သားလေး
လက်ဖျားနဲ့ တောက်တော်မူစမ်းပါဦးခင်ဗျာ. . ."

ဟူ၍ ဆိုင်းဆင့်သည်။

ထိုအခါမှ ဆိုင်းနောက်ထတွေ "ဆော့သည်" ဟူသော ဝေါဟာရကို နားလည်တော့သည်။

ကျွန်တော်သည် ကံကောင်းထောက်မစွာဖြင့် ဆိုင်းဝါသနာအိုး၊ ဇာတ်ဝါသနာအိုး ဖခင်နှင့် ဆိုင်းတကာဇာတ်တကာကို ငယ်စဉ်ကတည်းက ကြည့်ဖူးခဲ့ခြင်း၊ ဖခင်နှင့် ဝါသနာတူသူများ၏ အိမ်ရှေ့ လက်ဖက်ရည်ကြမ်းဝိုင်းမှ ဇာတ်အကြောင်း၊ ဆိုင်းအကြောင်း တဝတပြနားထောင်ရခြင်းတို့ကြောင့် အနုသုခုမကို အနည်းငယ် တီးမိခေါက်မိခြင်းလောက်သာ ဖြစ်သည်။

ကျွန်တော်သည် ဆိုင်းနှင့်ဇာတ်နှင့် ဝေးခဲ့ရသည်မှာ နှစ်(၂၀) ကျော်ပြီပေါ့။ အငြိမ့်နှင့်ဝေးခဲ့ရတာလည်း ဆယ်စုနှစ်တိုင်ပြီပေါ့။ အခုတော့ အနီးအနားမှာ အငြိမ့်ရှိရင်တော့ ခဏတစ်ဖြုတ် ငေးမောကြည့်မိသည်။ သို့သော် စတိတ်ရှိုးဆိုနေတာ ၁၀ နာရီ၊ ၁၁ နာရီအထိ မပြီးနိုင်တော့ စိတ်မရှည်တော့။

ထို့ကြောင့် အရှေ့ကျုံးလမ်းအကြောင်းပြောရင်း ပန်တျာကျောင်းအကြောင်းရောက်သွားတော့ ငယ်ဘဝလွမ်းဆွတ်လာကာ သဘင်မှုတွေအကြောင်း တခုတ်တရ ပြောဖြစ်နေခြင်းဖြစ်ပါ၏။

တကယ်တော့ "မန္တလေးမျဉ်းဖြောင့်များ" မှာ လမ်းတွေ အကြောင်းပြောရင်း ယနေ့မေ့လျော့နေကြပြီဖြစ်သည့် မန္တလေးမှု၊ မန္တလေးဟန်လေးတွေ တူးဆွကြည့်ခြင်းဖြစ်ပါသည်။ ဖတ်မိသူ မန္တလေးသားတွေ ငယ်မူပြန်နုပျိုကာ မန္တလေးစိတ်ဓာတ်လေးတွေ နိုးကြွလာစေချင်သည့် စေတနာလည်း ပါပါသည်။

မန္တလေးပန်တျာအကြောင်းပြောရင်း တလောကပဲ မိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ဖြစ်ကြတော့ အကယ်၍ မြန်မာ့ဇာတ်သဘင် အရှိန်ကောင်းနေချိန် ၁၉၇၀ နှင့် ၁၉၈၀ တစ်ဝိုက်တွင် ရန်ကုန်-မန္တလေးအပါအဝင် မြန်မာပြည်ရှိ မြို့ကြီးများ၌ ခေတ်မီအမြဲတမ်း ဇာတ်ရုံကြီးတွေရှိခဲ့လျှင် ယခုလောက် ရုပ်ပျက်ဆင်းပျက်ကျဆင်းသွားမှာမဟုတ်ဆိုသည့်အကြောင်း ဖြစ်သည်။

အရင်ကတော့ မြန်မာလူမျိုးအများစုသည် ဝါးကပ်ကာ၊ ဝါးကပ်မိုး မြေစိုက်တဲဖြင့်နေကြကာ ကန်သင်းရိုးက ဇာတ်စင်ရှေ့တွင် ဖိနပ်ဖင်ခုထိုင် ဇာတ်ပွဲကြည့်ခဲ့ကြသည်။ မြို့ပြအများစုမှာလည်း တောရွာများနှင့်မကွာသော လူနေမှုအဆင့်အတန်းပဲ ရှိသည် မဟုတ်ပါလား။

ထို့နောက် လူနေမှုအဆင့်အတန်းတွေ ပြောင်းလဲလာသည်။ လူမှုအသုံးအဆောင် ပစ္စည်းတွေလည်း ခေတ်မီတိုးတက်လာသည်။ ကျယ်ပြန့်လာသော အမြင်များအရလည်း ယာယီဇာတ်ရုံတွေမှ ကသိကအောက်ဒုက္ခများ၊ မလုံခြုံမှုများ၊ မီးဘေးအန္တရာယ် စသည်တို့အပြင် ကိုယ်လက်သန့်စင်စရာ အခက်အခဲများအထိ ဂရုပြုမိလာကြသည်။ ထိုအချိန်တွင် ဇာတ်ပွဲကြည့်ပရိသတ်များက ခေတ်မီသော အမြဲတမ်းဇာတ်ရုံကြီးတွေကို တောင့်တနေကြသည်။ မျှော်သာမျှော် ပေါ်မလာတော့ စိတ်ပျက်ကြသည်။

တကယ်တော့ ခေတ်၏ တောင်းဆိုချက်အရ လိုအပ်ချက်နှင့်အညီ ထိုအချိန်ကတည်းက အမြဲတမ်းဇာတ်ရုံကြီးတွေ ပေါ်လာဖို့ကောင်းပါသည်။

ထိုအချိန်က မန္တလေးမှာ ယာယီဇာတ်ရုံများအဖြစ် ဘုရားကြီး ၄၅ တာမှာ ရှိသည်။ နောက် တရုတ်တန်း။

တရုတ်တန်း ရတနာပုံဝင်း(ယခု ကြည်တင်ဟိုတယ်ရှိရာဝင်း)အတွင်း ဇာတ်ရုံလည်း အသွားအလာလွယ်ကူ၍ အကွက်အကွင်းကောင်းလှသည်။ နောက် စီလမ်း၊ အောင်မြေသာစံ၊ ဒေးဝန်းမြသီတာ၊ မြောက်ပြင်ဆရာစံ၊ နန်းရှေ့စသည့်ဖြင့် ယာယီဇာတ်ရုံများ ရှိခဲ့ပါ၏။

ကျောက်တော်ကြီးကုသိုလ်တော်ဘုရားပွဲခင်းလည်း ပါတာပေါ့။ တဖြည်းဖြည်းနှင့် တိုးတက်လာသော မြို့ပြအနေအထား၊ ၁၉၈၄ ခုနှစ် မန္တလေးမီးကြီးလောင်ပြီးနောက် ပြောင်းလဲလာသော မြို့နေလူတန်းစား၊ မြို့ပြပိုင်ဆိုင်မှုများကြောင့် နေရာများစွာယူကာ မီးဘေးအတွက် စိုးရိမ်ဖွယ်ရှိသော သက်ငယ်မိုး၊ သက်ငယ်ကာ ယာယီဇာတ်ရုံကြီးများ မြို့ပြင်သို့ တဖြည်းဖြည်းရောက်ကုန်တော့သည်။ ၁၉၈၀ ပတ်ဝန်းကျင်မှ ၁၉၉၉ သက္ကရာဇ် ၂၀၀၀ နှစ်(၂၀) သက်တမ်းတွင် နောက်ဆုံးမျိုးဆက်သည် ဇာတ်ရုံရသ၊ ဇာတ်ပွဲကြည့်ရသနှင့် ဘယ်လိုမျှ မနီးစပ်နိုင်တော့။

အဲယားကွန်းတပ်ရုံကြီးဝယ် ဆိုဖာခုံဖြင့်ဆိုလျှင် အပျိုတော်အကကို ခံစားနိုင်ကြပေမည်။ ခေတ်မီအပြ၊ ဆက်တင်များဖြင့် ပြဇာတ်များကိုလည်း သူတို့လက်လှမ်းမီနိုင်ပါလိမ့်မည်။

သူတို့ကား တောဘုန်းကြီးပျံပွဲရှိမှသာ ဇာတ်ပွဲကြည့် ဖျော်ဖြေမှုရှိသော လူတန်းစားမဟုတ်တော့။ ဇိမ်ခံဖျော်ဖြေမှုပေါင်းများစွာနှင့် မွေ့ပျော်နေကြသူများချည်း ဖြစ်သည်။ အသစ်အဆန်းမဟုတ်လျှင် စိတ်ဝင်စားမှာမဟုတ်။

ဇာတ်ပွဲများ အရှိန်ရနေစဉ် ကာလက မန္တလေးပန်တျာမှာ လဟာပြင်ဇာတ်ရုံကြီးရှိသည်။ ခေတ်မီဆက်တင်၊ မီးစသည်တို့မပါ။ ခိုင်ခံ့သော သွပ်မိုးအသားက ဇာတ်ရုံကြီးပဲဖြစ်ပါသည်။ ပွဲကြည့်ပရိသတ်က အမိုးမဲ့ လဟာပြင်မှာ ခေါက်ကုလားထိုင်နှင့် ကြည့်ရုံပါပဲ။ ထိုအဆင့်အတန်းမျှသာရှိသော ဇာတ်ရုံများပင် ပုဂ္ဂလိကဇာတ်ကြီးတွေ ကပြနိုင်ခြင်းမရှိခဲ့။ ယဉ်ကျေးမှုကဇာတ်လို၊ နိုင်ငံတော် ဂီတပဒေသာပွဲတွေလိုပဲ ကပြကြသည်။ ၁၉၇၅ ခုနှစ်တွင် ရုပ်ရှင်မင်းသား ဝင်းဦး ဦးဆောင်ပြီး မြို့မတူရိယာအသင်း၊ ရွှေရတုပဒေသာကပွဲကြီး ကပြခဲ့သည်။ လွတ်လပ်ရေးနေ့ ပဒေသာကပွဲတွေ ကပြခဲ့သည်။ ဒီလိုကပွဲတွေမှာလည်း ကြည့်ရှုခွင့် လူတန်းစားတစ်ရပ်အတွက်သာ သီးခြားသဘောဆောင်နေခဲ့သည်။

ကျွန်တော်သည် ပန်တျာလဟာပြင်ဇာတ်ရုံမှာ အစ်မဖြစ်သူရရှိသော မေတ္တာလက်မှတ်ဖြင့် ၂ိ/ တန်းမှ ဂီတပဒေသာကပွဲနှင့် ယဉ်ကျေးမှုကဇာတ် ဝက်ထီးကန်တိုက်ပွဲဇာတ်တော်ကြီးများကို ကြည့်ရှုဖူးပါ၏။

ဆိုရှယ်လစ်နိုင်ငံတော် တည်ထောင်နေသည့်ကာလဖြစ်သော်လည်း ဆိုရှယ်လစ်နိုင်ငံကြီးများ၏ ယဉ်ကျေးမှုဆိုင်ရာ ဇာတ်ရုံတော်ကြီးကို အတုမယူခဲ့သည်မှာ အဘယ်ကြောင့်လေမသိ။

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း အခန်းဆက် ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# မြင်းမူမြို့နယ်တွင် ကျွဲနွားကောင်ရေ တစ်သောင်းကျော်ကို ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေး



**မြင်းမူ မတ် ၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)တို့ ပူးပေါင်းပြီး FMD Campaign Vaccination အစီအစဉ်အရ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ကျွဲနွားများအား ခွာနာလျှာနာရောဂါကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၅ ရက်အထိ အခမဲ့ထိုးနှံပေးခဲ့ရာ ကျေးရွာ ၇၃ ရွာမှ ဒေသခံတောင်သူများ၏ ကျွဲနွားကောင်ရေ ၁၁၇၃၁ ကောင်ကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျွဲနွားများအား ခွာနာလျှာနာရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးရာတွင် မြင်းမူမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဒေါ်မြင့်မြင့်ဌေး၊ တိရစ္ဆာန် ဆေးကုဆရာဝန်ငါးဦးနှင့် ကျေးလက်လုပ်သား ၄၈ ဦးဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အဖွဲ့ရှစ်ဖွဲ့ခွဲ၍ ကျေးရွာများအရောက်ကွင်းဆင်းပြီး ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

"ကျွဲနွား ခွာနာလျှာနာရောဂါကာကွယ်ဆေးရဲ့ အာနိသင်က ခြောက်လ ကာကွယ်ပေးနိုင်ပါတယ်။ ကျွဲနွား ခွာနာလျှာနာရောဂါကာကွယ်ဆေး ထိုးပေးတဲ့အတွက် တောင်သူများအနေနဲ့ လယ်ယာလုပ်ငန်းခွင်မှာ ကျွဲနွားများရဲ့ လုပ်အားကို အပြည့်အဝ ရရှိမှာဖြစ်ပါတယ်။ ခွာနာလျှာနာကာကွယ်ဆေးကို ကျေးရွာထဲမှာရှိတဲ့ ကျွဲနွားတွေအပြင် ယာတဲတောတိုက်တွေ၊ လယ်ယာလုပ်ငန်းခွင်တွေမှာရှိတဲ့ ကျွဲနွားတွေကိုလည်း သွားရောက်ထိုးနှံပေးခဲ့ပါတယ်"ဟု မြင်းမူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးက ပြောသည်။

ကျွဲနွား ခွာနာလျှာနာရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းလုပ်ငန်းများကို မြင်းမူ မြို့နယ်တွင် ၂၀၁၅ ခုနှစ်ကလည်း ဆောင်ရွက်ခဲ့ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျွဲနွားကောင်ရေ ၂၆၆၀၂ ကောင်ကို ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

## သတင်းတိုများ

### အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် အတွင်းမှ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီနှင့် ရွှေဘိုတပ်နယ်ဆေးမှူးတို့ ဦးဆောင်သောအဖွဲ့များက ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ဝင်း၌ ဖေဖော်ဝါရီ ၂၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအေးချို(ငြိမ်း)နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တပ်နယ်ဆေးမှူး ဗိုလ်ကြီးချမ်းငြိမ်းဟန်နှင့် အဖွဲ့များက ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အမှတ်(၁)ရပ်ကွက်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မိသားစုများနှင့် ပြည်သူ ၄၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

### ဆံတော်ရှင်ကျိုက်ထီးရိုးရင်ပြင်တော်ရှိ အောင်မြေနေရာ ပြန်လည်ဖော်ထုတ်ထားရှိမည်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်တွင် ယခင်က ရှိခဲ့သည့် အောင်မြေနေရာကို ပြန်လည်ဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အောင်မြေနေရာ ပြန်လည်ဖော်ထုတ်ခြင်းအတွက် ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် အလှူရှင် ဦးမျိုးဇင်မိသားစုက လိုအပ်သည်များကို မတည်လှူဒါန်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်တွင် ယခင်က အောင်မြေနေရာရှိခဲ့ကြောင်း၊ ထိုအောင်မြေနေရာတွင် ဒေါင်းရုပ်၊ ကြက်ရုပ်၊ ခြင်္သေ့ရုပ် အစရှိသည်များဖြင့် အကွက်ချနင်းရကြောင်း၊ ယခုအခါ ထိုအောင်မြေနေရာ ပျောက်ကွယ်နေသဖြင့် ပြန်လည်ဖော်ထုတ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ဆိပ်ဖြူမြို့နယ်တွင် တက္ကသိုလ်ဝင်တန်း စာဖြေဌာနနှစ်ခု တိုးချဲ့ဖွင့်လှစ်ပေး

**ဆိပ်ဖြူ မတ် ၁**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရေးအတွက် စာဖြေဌာနနှစ်ခုကို ပညာရေးဝန်ကြီးဌာနက ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အတွင်း ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်က စာဖြေဌာနငါးခု ဖွင့်လှစ်ပေးခဲ့ရာမှ ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန်အတွက် ဒေသခံပြည်သူတို့၏ တင်ပြချက်၊ မြို့နယ်သက်ဆိုင်ရာဌာနများ၏ ထောက်ခံတင်ပြချက်ဖြင့် စာဖြေဌာနသစ်နှစ်ခုကို ထပ်တိုးဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စာဖြေဌာနသစ်နှစ်ခုမှာ အောက်ဆိပ်(အထက)နှင့် ကဇွန်းမ(အထကခွဲ) စာဖြေဌာနများ ဖြစ်သည်။

ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ စာဖြေဌာနခုနစ်ခု၌ တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၂၇၀၁ ဦးရှိပြီး ဖြေဆိုခွင့်ကတ်ပြားများကို ဖေဖော်ဝါရီ ၂၂ ရက်မှစ၍ စာဖြေဌာနအသီးသီးတွင် စတင်ထုတ်ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

## သွားနှင့်ခံတွင်းရောဂါစစ်ဆေးကုသမှု အမေရိကန်သွားအထူးကုပါရဂူများ အခမဲ့ဆောင်ရွက်ပေး

**မင်းတပ် မတ် ၁**

မင်းတပ်မြို့မှ ပြည်သူများအား အမေရိကန်နိုင်ငံမှ သွားအထူးကုဆရာဝန်များ၊ ပါရဂူများနှင့် နေပြည်တော်မှ သွားအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ သွားနှင့်ခံတွင်းရောဂါများ ကုသပေးခြင်း၊ သွားစိုက်ခြင်းနှင့် အံကပ်ပြုလုပ်ခြင်းများကို မင်းတပ်မြို့အနောက်ရပ်ကွက်ရှိ တောင်ပုလုပရိယတ္တိ၊ ပဋိပတ္တိကျောင်းတိုက်ခွဲ၌ ဖေဖော်ဝါရီ ၂၉ ရက်မှ စတင်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

အခမဲ့ကုသပေးခြင်းကို ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၃ ရက်အထိ ပြုလုပ်ကြမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်များကို ထူးဖောင်ဒေးရှင်းမှ တာဝန်ယူကာ တောင်ပုလုကျောင်းထိုင်ဆရာတော်က ကူညီပေးခြင်းဖြစ်ကြောင်း၊ မင်းတပ်မြို့နယ်သာမက မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ပြည်သူများလည်း လာရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထို့အပြင် မင်းတပ်မြို့ စည်ပင်သာယာဈေးမီးလောင်မှုမှ မီးဘေးသင့်ပြည်သူများကိုလည်း ထူးဖောင်ဒေးရှင်းက ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပေးအပ်ကာ မီးဘေးသင့်ပြည်သူများကိုယ်စား တောင်ပုလုကျောင်းဆရာတော်နှင့် မီးဘေးသင့်အိမ်ထောင်စုတစ်စုက လက်ခံခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နေပြည်တော်တွင် ယာဉ်စည်းကမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁**

နေပြည်တော်တွင် မြို့နေလူဦးရေ များပြားလာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများလည်း ယခင်ကထက် ပိုမိုများပြားလာလျက်ရှိရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း လမ်းမကြီးပေါ်၌ ယာဉ်များလိုင်စင်ပါရှိမှု၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာမှုရှိမရှိ စသည်တို့ကို နေပြည်တော် အမှတ်(၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဇေယျာသီရိမြို့နယ်)မှ တပ်ဖွဲ့စုမှူးနှင့် တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ကြောင်း သိရသည်။

နေပြည်တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေး၏ လမ်းညွှန်မှုဖြင့် ယာဉ်စည်းကမ်းစစ်ဆေးခြင်းနှင့် အရေးယူမှုများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**



## အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာများ ဆွေးနွေး

**တောင်တွင်းကြီး မတ် ၁**

ယခုနှစ်အတွင်း ကြုံတွေ့နိုင်သည့် အယ်နီညိုရာသီဥတုနှင့်ပတ်သက်၍ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း၌ လိုက်နာဆောင်ရွက်ရန် ပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း လက်တွေ့ပျိုးထောင်ပြသပွဲကို တောင်တွင်းကြီးမြို့နယ် ရန်ပယ်ဆည်ရေသောက် ပရပ်ကြယ်ကျေးရွာအုပ်စု ကံကြီးကုန်းကျေးရွာမှ ဒေသခံတောင်သူများ၏ နွေစပါး ၁၀၅ ဧကေ စံပြစိုက်ခင်း၌ ဖေဖော်ဝါရီ ၂၉ ရက်က ပြုလုပ်သည်။

ပျိုးထောင်ပြသပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမြင့်က အယ်နီညိုရာသီဥတု ဖြစ်ပေါ်နိုင်မှုနှင့်ပတ်သက်၍ ဒေသခံတောင်သူများအနေဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများကို စနစ်တကျချွေတာသုံးစွဲရေး၊ နွေစပါးစိုက်ပျိုးရာတွင် ရေလိုအပ်ချက်နည်းသည့် အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း ၁၀ ဧကတွင် မျိုးစေ့ချပျိုးထောင်ခြင်းကို စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများအား လက်တွေ့သရုပ်ပြခဲ့သည်။

**(၀၈၅)**

# သစ်သားတိုင်သုံးရာကျော်ဖြင့် တည်ဆောက်ထားသော နှစ် ၁၆၀ ကျော်သက်တမ်းရှိ မအူတံတား

ဆောင်းပါး
ပေထွက်ဇော်(ရေစကြို)



ကျေးလက်ပြည်သူများ မအူပင်တံတား ဖြတ်သန်းသွားကြစဉ်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ တောင်သမန်အင်းအတွင်း တည်ဆောက်ထားသော ဦးပိန်တံတားသည် နေ့စဉ်နှင့်အမျှ ပြည်တွင်း ပြည်ပ ခရီးသွားများဖြင့် စည်ကားလျက်ရှိပြီး မြန်မာပြည်တွင် ထင်ပေါ်ကျော်ကြားသော တံတားတစ်စင်းဖြစ်ပါသည်။ အထူးသဖြင့် ပြည်ပခရီးသွားနိုင်ငံခြားသားများ အထူးသဘောကျ နှစ်ခြိုက်ကြလျက် မြန်မာကို ကမ္ဘာကသိစေသော ကျော်ကြားသည့် တံတားတစ်စင်းလည်းဖြစ်သည်။ သို့အတွက် မြန်မာပြည်သူများကလည်း လူတိုင်းမရောက်ဖူးကြသော်လည်း လူတိုင်းတော့ ကြားဖူးကြမည်ဖြစ်သည်။

သို့သော် လူတိုင်းလည်း မကြားဖူး၊ လူတိုင်းလည်းမရောက်ဖူးသော မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှာ မအူအင်းကိုဖြတ်၍ မအူငယ်ရွာနှင့် မအူအလယ်ရွာကို ဆက်သွယ်တည်ဆောက်ထားသည့် ဦးပိန်တံတားကဲ့သို့သော တံတားတစ်စင်းတည်ရှိနေပါသည်။

အဆိုပါ မအူရွာတံတားသည် ဦးပိန်တံတားနှင့် မည်သည့်တံတားကစောသည်၊ မည်သည့်တံတားက နောက်ကျသည်ကိုတော့ စာရေးသူလက်လှမ်းမမီ၍ မသိသော်ငြားလည်း ရေစကြိုမြို့နယ်အတွင်းမှ မအူအင်းကိုဖြတ်၍ တည်ဆောက်ထားသော မအူရွာတံတားမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၆၀ ကျော်က တည်ဆောက်ထားခဲ့သော သစ်သားတံတားတစ်စင်းဖြစ်ကြောင်း ကမ္ပည်းရေးထိုးထားသော မှတ်တမ်းကျောက်တိုင်ပါစာအရ သိရှိရသည်။



မအူရွာတံတားတည်ဆောက်ထားပုံမှာလည်း ဦးပိန်တံတားနှင့် ခပ်ဆင်ဆင်တူ၍ တံတားပေါ်တွင် ခေတ္တနားနေဆောင် သုံးဆောင်ကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိပြီး တိုင်ပေါင်း ၃၄၄ တိုင်ဖြင့် တည်ဆောက်ထားကြောင်း တံတားတိုင်အရေအတွက်ကို မှတ်သားထားသည် (တံတားတိုင်ပေါင်း "ညောင်ရေလောင်း")ဟူသော သင်္ချာနည်းဖြင့် ရေးသားထားသော မှတ်တမ်းစာအရ သိရှိရပါသည်။

အဆိုပါ မအူရွာသစ်သားတံတားမှာ နှစ်ပေါင်းကြာညောင်းလာသည်နှင့် အမျှ သဘာဝရာသီဥတု၏ ရေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့နှင့်အတူ အခြားသော အကြောင်းများကြောင့် ၁၃၁၀ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက် တနင်္ဂနွေနေ့တွင် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း မှတ်တမ်းကျောက်စာတိုင်ပါ ကမ္ပည်းကျောက်စာအရ လေ့လာသိရှိရသည်။

ထို့နောက် ဝန်ကြီးချုပ် ဦးနုလက်ထက်တွင် ပြည်တော်သာစီမံကိန်းအရ ရန်ပုံငွေကျပ် သိန်း ၂၀ ဖြင့် တစ်ကြိမ်၊ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးသိုက်ထွန်း (ငြိမ်း)က တံတားကြီးရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ကျွန်းတိုင်များ လှူဒါန်းမှုဖြင့် ဒေသခံများ ပူးပေါင်း၍ ပြုပြင်မွမ်းမံခဲ့ကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်များ အုပ်စိုးခဲ့စဉ်ကာလက မအူရွာတွင် အင်္ဂလိပ်ရုံးစိုက်ခဲ့ပြီး ရိက္ခာနှင့် လက်နက်များကို သင်္ဘောဖြင့်သယ်ယူ၍ မအူလယ်ရွာ ဆိပ်ကမ်းမှ သယ်ယူသဖြင့် မအူလယ်ရွာသည် သင်္ဘောဆိပ်ကမ်းလည်းဖြစ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ထို့အပြင် မအူရွာများသည် ရှေးယခင်ကတည်းကရှိခဲ့သော ရွာများဖြစ်ပြီး မဥ ဟူသော မိဖုရားအပိုင်စားရသော မအူလေးရွာဟု မှတ်သားရပါသည်။ ထိုမအူလေးရွာမှာ မအူအလယ်ရွာ၊ မအူငယ်ရွာ(ယခု မအူအောက်ဆိပ်ရွာ)၊ မအူတောင်ရွာ၊ မအူမြောက်ရွာတို့ဖြစ်ကြသည်။

ချင်းတွင်းမြစ်ရေကြီးချိန်ကာလတွင် မအူအင်းကိုဖြတ်၍ တည်ဆောက်ထားသော ပန်းတင့်ရွာ သာယာလှပသလို ချင်းတွင်းမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကို ရှူရှိုက်ရင်း တံတားကြီးပေါ် ဖြတ်သန်းရသည်မှာလည်း အရသာရှိလှသည်မို့ တစ်ခါတစ်ခေါက် လာရောက်ဖို့ ဖိတ်ခေါ်ရေးသားအပ်ပါသည်။ ။



## မြေကြီးတူးရာမှ ထွက်ပေါ်လာသော ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို လာရောက်ဖူးမြော်သူများ စည်ကား

**မော်လမြိုင်ကျွန်း မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကြောင်ထောင့်ကျေးရွာ၌ ဖေဖော်ဝါရီ ၁၆ ရက်က မြေကြီးတူးဖော်စဉ် ထွက်ပေါ်လာသော ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ**(အပေါ်ပုံ)**ကို လာရောက်ဖူးမြော်သူများလာကြောင်း သိရသည်။

ကြောင်ထောင့်ကျေးရွာ ရာဇူဒိုင်မြစ်ကမ်းစပ်အနီးရှိ ရွာဦးနတ်ကွန်းရှေ့တွင် ရှင်းပြင်ခင်းရန် မြေကြီးတူးဖော်စဉ် ရုပ်ပွားတော်နှစ်ဆူ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရုပ်ပွားတော်နှစ်ဆူမှာ လျောင်းတော်မူရုပ်ပွားတော်များဖြစ်ပြီး စကျင်ကျောက် သို့မဟုတ် ကြွေသားဖြင့် ထုလုပ်ပူဇော်ထားခြင်းဖြစ်နိုင်ကြောင်း ပေါ်တော်မူရုပ်ပွားတော် အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်နေသူတစ်ဦးက ပြောသည်။

ရုပ်ပွားတော်နှစ်ဆူကို အများပြည်သူဖူးမြော်နိုင်ရန် နတ်ကွန်းအနီး၌ပင် ယာယီမဏ္ဍပ်ထိုး၍ အပူဇော်ခံထားရှိရာ ယခုအခါ မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် မြို့ပေါ်မှ ဘုရားဖူးပြည်သူများ၊ အခြားမြို့နယ်များမှ ဘုရားဖူးပြည်သူများပါ လာရောက်ဖူးမြော်နေကြပြီး စည်ကားလျက်ရှိသည်ကို တွေ့ရသည်။ **မော်ကျွန်းမြင့်အောင်**

## အယ်နီညိုဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရေးဆွေးနွေး

**ကျောင်းကုန်း မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်း အယ်နီညိုရာသီဥတု သက်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား တုံ့ပြန်ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အေးချမ်းသာယာခန်းမ၌ ဖေဖော်ဝါရီ ၂၉ရက်ကပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်အတွင်း သမိုင်းတွင် အားအကောင်းဆုံး အယ်နီညိုရာသီဥတုနှင့် ကြုံတွေ့နိုင်ကြောင်း၊ ကမ္ဘာ့မိုးလေဝသစောင့်ကြည့်ခန့်မှန်းရေးအဖွဲ့များက ခန့်မှန်းထားကြကြောင်း၊ မြန်မာနိုင်ငံသည်လည်း အဆိုပါ အယ်နီညိုရာသီဥတု ရိုက်ခတ်မှုဒဏ် ခံစားရနိုင်သည်ဟု မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားကြောင်းနှင့် အယ်နီညိုရာသီဥတု ကြုံတွေ့ပါက တုံ့ပြန်ဆောင်ရွက်ရမည့်ကိစ္စများကို ဆွေးနွေးသည်။

အယ်နီညိုရိုက်ခတ်မှုကြောင့် နွေရာသီကာလတွင် အပူချိန်မြင့်မားခြင်း၊ မုတ်သုံလေဝင်ရောက်မှု နောက်ကျခြင်း၊ မိုးတွင်းကာလများတွင် မုတ်သုံလေအားမမှန်ခြင်းများကြောင့် စိုက်ပျိုးရေးအတွက် အခက်အခဲများရှိနိုင်ပြီး သောက်သုံးရေရရှိမှုလည်း ခက်ခဲလာနိုင်ကြောင်း၊ ရေလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများစသည့် အသက်မွေးဝမ်းကျောင်း ကဏ္ဍများတွင်လည်း ထိခိုက်လာခြင်း၊ မီးဘေးအန္တရာယ်များ ကြုံတွေ့လာခြင်းတို့ကိုလည်း ကြုံတွေ့နိုင်သည့်အပြင် ကျန်းမာရေးဆိုင်ရာပြဿနာလည်း ဖြစ်ပွားနိုင်ပြီး သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ အသက်ဆုံးရှုံးစေနိုင်သည်အထိ ဆိုးရွားစွာထိခိုက်နိုင်ခြင်းများကြောင့် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်း၍ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ ဆပ်ကော်မတီများ၏ ပြန်လည်ဆွေးနွေးချက်များအရ သိရသည်။

အစည်းအဝေးသို့ ကျောင်းကုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု (၆၈)အုပ်စုမှအုပ်ချုပ်ရေးမှူးများ၊ စာရေးများနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ရေကြီးရေလျှံမှုမှကာကွယ်ရန် ချောင်းရေလမ်းကြောင်း ချဲ့ထွင်



**ကျွန်းလှ မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ မြို့ပေါ်ရပ်ကွက်များ ရေကြီးရေလျှံခြင်းမှ ကာကွယ်နိုင်ရန်အတွက် မြို့အတွင်း ဖြတ်သန်းစီးဆင်းနေသည့် မကျီးလျှိုချောင်း ရေလမ်းကြောင်း ချဲ့ထွင်ခြင်းနှင့် ချောင်းပေါင်မြှင့်တင်ခြင်း လုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် တာဝန်ရှိ ဌာနဆိုင်ရာများ ပူးပေါင်း၍ စက်ယန္တရားများ အသုံးပြုကာ ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ယင်းချောင်းရိုးတစ်လျှောက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

မကျီးလျှိုချောင်းသည် ကျွန်းလှမြို့ပေါ်ရှိ အင်ကြင်းမြိုင်ရပ်ကွက်၊ ပိတောက်မြိုင်ရပ်ကွက်၊ ပျဉ်းမမြိုင်ရပ်ကွက်၊ သစ်ရာမြိုင်ရပ်ကွက် စသည့် မြို့ပေါ်ရပ်ကွက်များကို ဖြတ်သန်းစီးဆင်းနေသည့်ချောင်းဖြစ်ရာ ချောင်းရေလမ်းကြောင်း ချဲ့ထွင်ခြင်းနှင့် ချောင်းပေါင်မြှင့်တင်ခြင်းများကြောင့် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံခဲ့စဉ်က ပျက်စီးမှုများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရန် စေတနာရှင်ပြည်သူများက လှူဒါန်းသည့်ရန်ပုံငွေဖြင့် ချောင်းရေလမ်းကြောင်း ချဲ့ထွင်ခြင်းလုပ်ငန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က စီမံကြီးကြပ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသင်းကြီးတွေအတွက် နိုင်ပွဲစောင့်ကြိုနေဦးမယ့် လာလီဂါပွဲစဉ်(၂၇)

မိုးမြင့်လင်းလက်



လာလီဂါပွဲစဉ်(၂၇)ကို မတ် ၃ ရက် ညပိုင်းမှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ အမှတ်ပြည့်ရရှိရေး ခြေကုန်ထုတ်ကြမယ့် အသင်းတွေချည်းဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့် ပွဲတွေပဲဖြစ်ပါတယ်။ ဘာစီလိုနာတို့ကတော့ ဗယ်လီကာနိုနဲ့ ကစားရမှာဖြစ်သလို ရီးရဲမက်ဒရစ်တို့က လီဗန်တေးကွင်းမှာ သွားကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် အသင်းကြီးတွေရဲ့အားထုတ်မှုကိုကြည့်ရမှာဖြစ်သလို နိုင်ပွဲတွေ ရယူနိုင်မလားဆိုတာလည်း သုံးသပ်အားပေးခွင့်ရဦးမှာ ဖြစ်ပါတယ်။

**ဗယ်လီကာနိုနှင့် ဘာစီလိုနာ**

ဘာစီလိုနာတို့ကတော့ ဗယ်လီကာနိုနဲ့ဆုံတိုင်း ဂိုးပြတ်သွင်းနိုင်ပွဲရယူခဲ့တာ များပါတယ်။ ဒီနှစ်သင်းရဲ့ ဘာစီလိုနာသမိုင်းမှာ တွေ့ဆုံခဲ့မှု ရလဒ်တွေကိုကြည့်ရင် ဘာစီလိုနာက ၂၁ ပွဲနိုင်ပြီး ဗယ်လီကာနိုတို့က လေးပွဲနိုင်ကာ ရှစ်ပွဲသရေဖြစ်ထားခဲ့ပါတယ်။ ဗယ်လီကာနိုရဲ့ နောက်ဆုံး သုံးပွဲကစားခဲ့တဲ့ ရလဒ်တွေကို ကြည့်ရင် သရေပွဲတွေ ဆက်တိုက်ကြုံထားရတာမို့ ဒီပွဲမှာ အဲဒီရလဒ်ပေါ်ထွက်ဖို့တောင် မလွယ်ပါဘူး။ ဘာစီလိုနာတို့ကတော့ တိုက်စစ် ရဲရဲဖွင့်ပြီး ကစားမှာမို့ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့ ဂိုးတွေ ဘယ်လောက်သွင်းယူပြီး အောင်ပွဲခံမလဲ ကြည့်ရမှာ ဖြစ်ပါတယ်။

**လီဗန်တေးနှင့် ရီးရဲမက်ဒရစ်**

ရလဒ်ဆိုးတွေနဲ့ လွတ်ကင်းအောင် ကြိုးစားနေတဲ့ ရီးရဲမက်ဒရစ်တို့က အခုပွဲမှာ နိုင်ပွဲရအောင် ပြန်ကြိုးစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့က နည်းပြသစ် ဇီဒန်းလက်ထက်မှာ ရလဒ်တွေကောင်းနေပြီးမှ အက်သလက်တီကိုအသင်းကို ရှုံးပွဲကြုံခဲ့ရတာမို့ ဒီပွဲမှာ အနိုင်ရယူရေး ဦးတည်ကစားပါလိမ့်မယ်။ ရီးရဲမက်ဒရစ်တို့က လီဗန်တေးနဲ့ဆုံတိုင်း နိုင်ပွဲရခဲ့တာများတာမို့ အဲဒီမှတ်တမ်းကောင်းကို ဒီပွဲမှာလည်း ဆက်လက်ထိန်းသိမ်းမှာဖြစ်ပါတယ်။ ဒီပွဲမှာ ရီးရဲမက်ဒရစ်တို့ အောင်ပွဲခံနိုင်မယ့် ပွဲပါပဲ။

**ဆဲလ်တာဗီဂိုနှင့် ဗီလာရီးရဲ**

ဒီနှစ်သင်းက ခြေရည်တူပြီး တစ်လှည့်စီ အနိုင်ယူနေကြတဲ့အသင်းတွေဖြစ်တာမို့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ လာလီဂါသမိုင်းမှာတော့ ဒီနှစ်သင်းဆုံတွေ့ခဲ့မှု မှတ်တမ်းကိုကြည့်ရင် ဆဲလ်တာဗီဂိုတို့က ကိုးပွဲနိုင်ပြီး ဗီလာရီးရဲက ခြောက်ပွဲနိုင်ကာ သရေပွဲ လေးပွဲဖြစ်ထားပါတယ်။ လက်ရှိ အနေအထားမှာလည်း ယူရိုပါလိဂ်ဝင်ခွင့် တစ်နေရာအတွက် ကြိုးစားနေတဲ့ ဆဲလ်တာဗီဂိုဟာ ဗီလာရီးရဲကို အနိမ့်ဆုံး သရေပွဲဖြစ်အောင် ကစားပါလိမ့်မယ်။

**ဆီဗီလာနှင့် အီဘာ**

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ကြိုးစားနေတဲ့ ဆီဗီလာတို့ဟာ အီဘာကို ကျော်ဖြတ်နိုင်ရေး ဒီပွဲမှာ အားထည့်ကစားပါလိမ့်မယ်။ ဆီဗီလာတို့က လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေပြီး ပုံမှန်ခြေစွမ်းရအောင် ကြိုးစားနေပါတယ်။ အီဘာတို့ကတော့ အဝေးကွင်းမှာ ခြေစွမ်းမှာ ရလဒ်မကောင်းတတ်တာကြောင့် အိမ်ရှင်တို့ အခွင့်အရေးကောင်းတွေရသွားနိုင်ပါတယ်။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

**မာလာဂါနှင့် ဗလင်စီယာ**

ဒီပွဲကတော့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ပွဲကောင်း တစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဒီနှစ်သင်း ဆုံတွေ့တိုင်း ဗလင်စီယာတို့ နိုင်ပွဲတွေရရှိခဲ့တာများပြီး တချို့ပွဲတွေ ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ပါတယ်။ ဗလင်စီယာရဲ့ အားသာချက်က ကွင်းလယ်ပိုင်းဖြစ်ပြီး မာလာဂါကစားအားကို ထိန်းချုပ်သွားပါလိမ့်မယ်။ ဗလင်စီယာတို့ နိုင်ပွဲရသွားနိုင်တဲ့ ပွဲပါပဲ။

**ဘီလ်ဘာအိုနှင့် ဒီပို့တီဗို**

ဒီနှစ်သင်းရဲ့ နောက်ဆုံး ငါးပွဲတွေ့ဆုံခဲ့မှုကို ကြည့်ရင် သရေ လေးပွဲဖြစ်ခဲ့ပြီး ဒီပို့တီဗိုက တစ်ပွဲနိုင်ထားပါတယ်။ ဘီလ်ဘာအိုတို့က အိမ်ကွင်းမှာဆိုရင် ခြေစွာတတ်တဲ့အပြင် စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်တာမို့ ဒီပို့တီဗိုတို့ မလွယ်ပါဘူး။ ဒါ့အပြင် နောက်ဆုံး ကိုးပွဲ ဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ ဒီပို့တီဗိုဟာ ဒီပွဲက အဝေးကွင်းဖြစ်တာမို့ ဘီလ်ဘာအိုရဲ့ ဖိအားပေး ကစားမှုအောက်မှာ အမှတ်စုဆောင်းနိုင်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ။


## ခြေစွမ်းပြနေတဲ့ မန်ယူလူငယ်ကစားသမား တင်မိုသီ ဖိုဆု-မန်ဆက်



ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေရတဲ့ နည်းပြ ဗန်ဟားလ်ဟာ အိုးထရက်ဖို့ကွင်းမှာ ဖလားမျှော်လင့်နေတဲ့ အာဆင်နယ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရလိုက်လို့ ဝေဖန်မှုတွေ လျော့ကျခဲ့ပါတယ်။ ဒီပွဲမှာ ထူးခြားတာကတော့ မန်ယူရဲ့ ငယ်မွေးခြံပေါက်လူငယ်ကစားသမား တင်မိုသီ ဖိုဆု-မန်ဆက်ကို စတင်ထည့်သွင်းကစားခဲ့ရာမှာ အတော်လေး ခြေစွမ်းပြကစားလာတာကို တွေ့ရပါတယ်။ နည်းပြ ဗန်ဟားလ်အနေနဲ့ ဒီနှစ်ရာသီမှာ မန်ယူကစားသမားအဖြစ် ၃၁ ဦးမြောက် ကစားသမားကို အသုံးပြုခဲ့ခြင်းလည်းဖြစ်ပါတယ်။ လူသိနည်းနေသေးတဲ့ဒတ်ချ်လူငယ်ကစားသမား မန်ဆက်ကို ပွဲချိန် ၅၅ မိနစ်မှာ ရိုဂျိုရဲ့ အစားဝင်ရောက်ကစားခွင့်ပြုရာမှာ ခြေစွမ်းပြကစားခဲ့တာဖြစ်ပါတယ်။ သူဟာ အိုးထရက်ဖို့ဒ် ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းကနေ မန်ယူအသင်းကြီးမှာ ပုံမှန်ကစားခွင့်ရလာဖို့ ရှိနေပါတယ်။ အသက် ၁၈ နှစ်အရွယ်သာရှိသေးတဲ့ မန်ဆက်ဟာ နောက်တန်းကစားသမားကနေ ကွင်းလယ်ကစားသမားအဖြစ် မန်ယူမှာ နေရာရလာဖို့ ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ရီးရဲမက်ဒရစ်ကို မသွားဘူးဆိုတဲ့ ဘာစီလိုနာ တိုက်စစ်မှူးနေမာ



ဘာစီလိုနာ တိုက်စစ်မှူး နေမာဟာ ပြိုင်ဘက် ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့မှာမဟုတ်ဘူးလို့ ယုံကြည်နေတဲ့အကြောင်း ဂျရတ်ပီကေးက ဆိုပါတယ်။ ဘရာဇီး တိုက်စစ်မှူး နေမာဟာ ၂၀၁၃ ခုနှစ်က ရောက်လာပြီး ငါးနှစ်စာချုပ်ပြီးနောက် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း မရှိပါဘူး။ လက်ရှိစာချုပ်အရ နေမာဟာ ၂၀၁၈ ခုနှစ်အထိ ကစားဖို့ရှိနေပါတယ်။ အသက် ၂၄ နှစ်သာ အရွယ်သာရှိသေးတဲ့ နေမာဟာ လက်ရှိအခြေအနေမှာ ခြေစွမ်းပြကစားနေပါတယ်။ ဒီနှစ်ထဲမှာ ၃၃ ပွဲမှာ ၂၃ ဂိုး သွင်းယူထားပါတယ်။

အက်သလက်တီကို အသင်းက ရီးရဲမက်ဒရစ်ကို အနိုင်ကစားပြီးနောက် လူးဝစ်အန်းနရစ်ရဲ့ ဘာစီလိုနာအသင်းဟာ ရှစ်မှတ်အသာနဲ့ ရပ်တည်လျက်ရှိပါတယ်။

နေမာဟာ ပွဲတိုင်းအချိန်ပြည့် ကစားနေတဲ့ ကစားသမားဖြစ်ပါတယ်။ နေမာဟာ ရီးရဲမက်ဒရစ်ကို ဘယ်တော့မှပြောင်းမှာ မဟုတ်ဘူးလို့ ဂျရတ်ပီကေးက ဆိုပါတယ်။ နေမာဟာ ဘာစီလိုနာအသင်းရဲ့ တိုက်စစ်မှာ မက်ဆီ၊ ဆွာရက်ဇ်တို့နဲ့အတူ ခြေစွမ်းပြကစားနေတာဖြစ်ပါတယ်။ သူတို့ သုံးဦးရဲ့ တိုက်စစ်ဟာ ဥရောပရဲ့ အကောင်းဆုံး တိုက်စစ်အတွဲလို့ ဆိုကြပါတယ်။

## ဂရိစူပါလိဂ်ကို (၄၃)ကြိမ်မြောက် ဆွတ်ခူးသွားတဲ့ အိုလံပီယာကော့စ်



အိုလံပီယာကော့စ်အသင်းဟာ တနင်္ဂနွေနေ့က ဗီယာရီယာအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရပြီး ဂရိစူပါဖလားကို ဆွတ်ခူးသွားပါတယ်။ အိုလံပီယာကော့စ်က နောက်ဆုံး အကြိမ် ၂၀ မြောက် ဆွတ်ခူးခဲ့ရာမှာ နည်းပြ မာကိုဆေးလ်ဗားလက်ထက်မှာ ၁၈ လုံးမြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။ အိုလံပီယာကော့စ်အသင်းဟာ ရာသီမကုန်မီ ခြောက်ပွဲအလိုမှာ ဒီဖလားကို ဆွတ်ခူးခဲ့တာဖြစ်ပါတယ်။ အိုလံပီယာကော့စ်အသင်းဟာ ဂရိဖလားရဖို့လည်း ရှိနေပါတယ်။ ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် PAOK ဆာလိုနီကာ အသင်းနဲ့ ဗုဒ္ဓဟူးနေ့မှာ ကစားဖို့ရှိနေပါတယ်။

အိုလံပီယာကော့စ်အသင်းဟာ ဒီနှစ် စူပါလိဂ်ကို ဆွတ်ခူးလိုက်ခြင်းဟာ ၄၃ ကြိမ်မြောက် ဆွတ်ခူးခြင်းဖြစ်ပြီး အသင်းရဲ့ စံချိန်တင်ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။ အိုလံပီယာကော့စ် အသင်းဟာ ဒုတိယနေရာမှ AEK အေသင်အသင်းကို ၁၈ မှတ် အမှတ်ဖြတ်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်ပါတယ်။

# သောက်သုံးရေပြတ်လပ်ပါက ရေသယ်ယာဉ်များဖြင့် ပို့ဆောင်ဖြန့်ဝေရန် စီစဉ်ထား



ကျေးရွာတစ်ရွာသို့ ရေဖြန့်ဝေပေးနေစဉ်။

**မြိတ် မတ် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ကျေးရွာများတွင် အယ်နီညိုသက်ရောက်မှုကြောင့် အပူချိန်မြင့်မား၍ ရေတွင်းရေကန်များ ရေခန်းခြောက်မှုများဖြစ်ပေါ်လာပါက ရေပြတ်လပ်သော မြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများသို့ ရေသယ်ယာဉ်များဖြင့် ရေပို့ဆောင်ဖြန့်ဝေပေးသည့်လုပ်ငန်းများကို အဓိကထား လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အယ်နီညိုသက်ရောက်မှု ကြုံတွေ့ကာ ခရိုင်အတွင်းရှိ မြို့နယ်လေးခု၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရန် ညှိနှိုင်း ဆွေးနွေးပွဲကို မြိတ်မြို့ ကန်ကြီးနယ်မြေရှိ ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခန်းမ၌ ဖေဖော်ဝါရီ ၂၉ ရက်က ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက ကျေးရွာများတွင် ရေပြတ်လပ်မှုများ ဖြစ်လာပါက ရေသယ်ယာဉ်များဖြင့် ရေပို့ဆောင်ဖြန့်ဝေပေးသည့်လုပ်ငန်းများကို အဓိကထား လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သောစက်သုံးဆီများကို စီမံထားရှိနိုင်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ကျွန်းစု၊ ပုလောနှင့် တနင်္သာရီမြို့နယ်များမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးများက မိမိတို့မြို့နယ်အတွင်းရှိ ရပ်ကွက်၊ကျေးရွာများတွင် သောက်သုံးရေရှားပါးမှုမဖြစ်ပေါ်စေရေးအတွက် သဘာဝစိမ့်စမ်းရေ သွယ်တန်းခြင်း၊ တွင်းတိမ်၊ တွင်းနက်နှင့် စက်ရေတွင်းများ တူးဖော်ပေးခြင်း၊ လက်ယက်တွင်းများ တူးဖော်ပေးခြင်းစသည့် ရေရရှိမှုလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဖေဖော်ဝါရီလမှ ဇွန်လဆန်းအထိ အယ်နီညိုသက်ရောက်မှုကြောင့် ရေပြတ်လပ်မှု၊ ရေခန်းခြောက်မှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် စီမံချက်ချပြီး ကွင်းဆင်းစစ်ဆေးမှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေပြတ်လပ်မှုဖြစ်ပေါ်လာပါက ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် အလှူရှင်များပူးပေါင်း၍ အမှန်တကယ်ရေလိုအပ်သည့် ကျေးလက်ဒေသများသို့ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားကြောင်း ဆွေးနွေးကြသည်။

မြိတ်မြို့နယ်အတွင်း ရေပြတ်လပ်မှု ဖြစ်ပေါ်လေ့ရှိသော ကျေးရွာများမှာ တောထွင်ကြီးကျေးရွာ အိမ်ခြေ ၃၁၉ အိမ်၊ လူဦးရေ ၇၀၅ ဦး၊ ကျွဲကူးကျေးရွာ အိမ်ခြေ ၁၁၉၀၊ လူဦးရေ ၆၆၇၂ ဦး၊ မော်စုန်းကျေးရွာ အိမ်ခြေ ၁၃၈ အိမ်၊ လူဦးရေ ၆၆၅ ဦး၊ ဝါကုန်းကျေးရွာ အိမ်ခြေ ၇၄ အိမ်၊ လူဦးရေ ၃၅၄ ဦး၊ ပဂျီရှောင်ကျေးရွာ အိမ်ခြေ ၃၀၀၊ လူဦးရေ ၁၄၉၅ ဦး၊ ဝန်မယ်ကျေးရွာ အိမ်ခြေ ၂၆၄ အိမ်၊ လူဦးရေ ၁၅၁၇ ဦး၊ ပင်းအိုကျေးရွာ အိမ်ခြေ ၂၀၆ အိမ်၊ လူဦးရေ ၂၅၆ ဦး၊ ရင်းတောင်ကျေးရွာ အိမ်ခြေ ၅၃ အိမ်၊ လူဦးရေ ၁၃၃ ဦး၊ ကျောင်းတောင်ကျေးရွာ အိမ်ခြေ ၄၅ အိမ်၊ လူဦးရေ ၃၀၆ ဦး၊ မော်တောင်ကျေးရွာ အိမ်ခြေ ၁၄၁ အိမ်၊ လူဦးရေ ၈၅၉ ဦးနှင့် သကန်တောင်ပု ကျေးရွာ အိမ်ခြေ ၂၅၀၊ လူဦးရေ ၈၀၀ တို့ဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်သည် တနင်္သာရီ ကမ်းရိုးတန်းဒေသတွင် ပါဝင်ပြီး မုတ်သုံမိုးကောင်းသည့် ဒေသတစ်ခုဖြစ်ရာ ရေပြတ်လပ်မှု ကြုံတွေ့ရသော်လည်း ခဏသာဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ဖုန်ကန်ရာဇီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိကျေးရွာများသို့ Landscape Journey သွားရောက်လေ့လာ

**ပူတာအို မတ် ၁**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ သစ်တောဦးစီးဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS)၊ မြန်မာနိုင်ငံအစီအစဉ် အပြည်ပြည်ဆိုင်ရာတောင်တန်းဒေသဘက်စုံဖွံ့ဖြိုးရေးဗဟိုဌာန (ICIMOD) မှ ကျွမ်းကျင်ပညာရှင် Ms. Badana Shakya ၊ Mr. Ghulam Ali နှင့် ခရိုင်/မြို့နယ် သက်ဆိုင်ရာဌာနများ ပူးပေါင်း၍ အိန္ဒိယ၊ တရုတ်၊ မြန်မာနိုင်ငံတို့ပါဝင် လျက်ရှိသည့် Landscape Journey ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိကျေးရွာများသို့ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ရက်အထိ ကွင်းဆင်းလေ့လာခဲ့ကြောင်းသိရသည်။

Landscape Journey ခရီးစဉ် ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာသတ်မှတ်ရေးတွင် ထည့်သွင်းမည့် ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်တောင်ဘက်တိုးချဲ့တို့အကြားရှိ ရေဝေရေလဲဒေသဖြစ်သည့် နမ်ရူ၊ ဆော်လော်ဒီ၊ နမ်မရူထု၊ ဝါဆန်ဒမ်း၊ ဝမ်လိုင်ဒမ်းနှင့် လုံးနဒမ်းကျေးရွာများသို့ အဖွဲ့နှစ်ဖွဲ့ခွဲကာ ထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါကွင်းဆင်းလေ့လာရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ ထိန်းသိမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဂေဟစနစ်၊ ကျေးလက်ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေး၊ ခရီးသွားလုပ်ငန်း၊ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍများကို ယခင်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ယခုလက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် လက်ရှိအခြေအနေများကို အသေးစိတ်လေ့လာခဲ့ကြပြီး သဘာဝသယံဇာတများ မပျက်စီးနိုင်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်များ ရေးဆွဲပေးနိုင်ရန်အတွက် ပဏာမခြေလှမ်းအနေဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသော ခရီးစဉ်ဖြစ်ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**



# နွေစပါးအထွက်နှုန်းယှဉ်ပြိုင်ကွက်နှင့် မျိုးသန့်ထုတ်စိုက်ခင်းများကြည့်ရှု

**တပ်ကုန်း မတ် ၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ နွေစပါး တစ်ဧကတင်း ၂၀၀ အထက် အထွက်နှုန်းယှဉ်ပြိုင်ကွက်၊ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးသန့်မျိုးပွား၊ မျိုးစေ့ (RS) မျိုးသန့်ထုတ်စိုက်ခင်းများသို့ ဖေဖော်ဝါရီ ၂၈ ရက်က နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ဦးကြိုင်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုသည်။

နေပြည်တော်စိုက်ပျိုးရေးဦးစီးမှူးက တောင်သူများအား အယ်နီညိုဖြစ်ပေါ်နိုင်၍ စိုက်ပျိုးရေးကို အကျိုးရှိစွာသုံးစွဲနိုင်ရေးနှင့်ရာသီဥတုနှင့်ကိုက်ညီပြီး သင့်တော်ဖြစ်ထွန်းနိုင်မည့် သက်တမ်းတိုအထွက်နှုန်းကောင်းမျိုးစပါးများကို ရွေးချယ်စိုက်ပျိုးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

တပ်ကုန်းမြို့နယ်၌ ၂၀၁၅-၂၀၁၆ နွေစပါးရာသီ၌ ကင်းသာဆည်ရေသောက် ၈၅ ဒသမ ၀၀ နှင့် မုန်ဆည်ရေသောက်ဧက ၁၀၀ ဒသမ ၀၀ လျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

## သတင်းတိုများ

### ကျေးရွာမီးလင်းရေး တွေ့ဆုံဆွေးနွေး

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်အတွင်းမှ သဘာဝဘေးသင့်ခဲ့သော တွီးခိန်ဇန်(က)နှင့် တွီးခိန်ဇန်(ခ)ကျေးရွာများတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တွီးခိန်ဇန်(ခ)ကျေးရွာရှိ ပြန်လည်ထူထောင်ရေးစခန်း၌ ဖေဖော်ဝါရီ ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများနှင့် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးများက သဘာဝဘေးဒဏ်ခံရသော အဆိုပါကျေးရွာများ၏ ကျေးလက်မီးလင်းရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးတို့အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

### ကုလားပဲမျိုးစမ်းသပ်စိုက်ကွက်တောင်သူများအား ရှင်းလင်းပညာပေး

ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာရှိ အကျိုးဆောင်တောင်သူတစ်ဦး၏ လယ်တစ်ဧက၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် ကုလားပဲမျိုးစမ်းသပ်ယှဉ်ပြိုင်စိုက်ကွက် အောင်မြင်ဖြစ်ထွန်းမှုကို ဒေသခံတောင်သူများအား ဖေဖော်ဝါရီ ၂၈ ရက်က ပြသ၍ ရှင်းလင်းဆွေးနွေး ပညာပေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စိုက်ကွက်တွင် Dar အမျိုးအနွယ်နှင့် ACIAR အမျိုးအနွယ် ကုလားပဲမျိုးများ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခဲ့ပြီး သီးနှံနှုန်းနှင့် အထွက်နှုန်းအခြေအနေများကို တောင်သူများအား ပြသကာ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းတို့က ဒေသခံတောင်သူဦးကြီးများအား စိုက်ခင်းနှင့်ပတ်သက်၍ ရှင်းလင်းပညာပေး ဆွေးနွေးခဲ့သည်။

**တင်ထွန်းဦး(မင်းဘူး)**

### မူလတန်းကျောင်း စာသင်ဆောင်သစ်ဖွင့်လှစ်

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်ထုမြို့ မြို့မရပ်ကွက်၌ တိုးချဲ့ဆောက်လုပ်သည့် မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ ကျောက်ထုမြို့ အုပ်ချုပ်ရေးမှူး ဦးသူရိန်အောင်၊ ကျောက်ထုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေတိုး၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် Save the Children မှ တာဝန်ခံအရာရှိ ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။

အဆိုပါ မူလတန်းကျောင်းဆောင် အဆောက်အအုံသစ်ကို NGO အဖွဲ့အစည်း တစ်ခုဖြစ်သည့် Save the Children အဖွဲ့၏ မတည်လှူဒါန်းငွေကျပ် ၉၉ သိန်း ခြောက်သောင်းနှင့်ဒေသနေပြည်သူများ ထည့်ဝင်ငွေ ကျပ်သိန်း ၄၀ တို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

### တက္ကသိုလ်ဝင်တန်းစာစစ်ဌာနများ မီးဘေးလုံခြုံရေးဆောင်ရွက်

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ဦး၊ တပ်ကြပ်ကြီး ဦးအေးမင်းထွန်းနှင့် မီးသတ်ဝန်ထမ်းများ၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်သန်းထွန်း၊ စာစစ်ဌာနကြီးကြပ်ရေးမှူးများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများက တက္ကသိုလ်ဝင်တန်းစာစစ်ဌာနများ မီးဘေးလုံခြုံရေးအတွက် ဖေဖော်ဝါရီ ၂၈ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တက္ကသိုလ်ဝင်တန်းစာစစ်ဌာနများသို့ သွားရောက်၍ စာစစ်ဌာန မီးဘေးလုံခြုံရေးအတွက် ဆွေးနွေးအကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများဖြစ်သည့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများ ထားရှိမှုအားလည်းကောင်း၊ စာဖြေခန်းအတွင်း မီးသတ်ဆေးဘူးထားရှိမှုနှင့် မီးဘေးလုံခြုံမှုအားလည်းကောင်း စစ်ဆေး ဆောင်ရွက်ခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ပန်းတနော်မြို့နယ်၌ တက္ကသိုလ်ဝင်တန်းစာစစ်ဌာန ရှစ်ခုရှိပြီး တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူ ၂၁၆၆ ဦးဖြေဆိုမည်ဖြစ်ကြောင်းသိရသည်။

**ဖြိုးထက်နိုင်(ပြန်/ဆက်)**

**MTSH Myanmar Thilawa SEZ Holdings Public Limited**

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

## အစုရှယ်ယာ သက်သေခံလက်မှတ်မလိုသော စနစ်သို့ ပြောင်းလဲရန်အတွက် ဝန်ဆောင်မှုပေးမည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ အမည်စာရင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) သည် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် အစုရှယ်ယာ အရောင်း၊ အဝယ်ပြုနိုင်ရန်နှင့် နောက်နောင် အမြတ်ဝေစုလက်ခံရရှိစေနိုင်ရန်အတွက် YSX မှ သတ်မှတ်ထားသည့် လိုင်စင်ရ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုတွင် ငွေချေးသက်သေခံလက်မှတ် စာရင်း (Securities Account) ဖွင့်လှစ်ရန်လိုအပ်ပြီး Scripless Electronic System (အစုရှယ်ယာ သက်သေခံလက်မှတ် မလိုသောစနစ်) သို့ ပြောင်းလဲရမည် ဖြစ်ပါသည်။

၃။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများအား အောက်ဖော်ပြပါ လိုင်စင်ရငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများမှ Scripless Electronic System (အစုရှယ်ယာ သက်သေခံ လက်မှတ် မလိုသောစနစ်) သို့ ပြောင်းလဲရန် ဝန်ဆောင်မှုပေးနေပြီ ဖြစ်ပါသည် -

(က) CB Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - CB Securities Limited ရုံးချုပ်၊ CB Bank ရုံးချုပ်၊ သိမ်ဖြူဘဏ်ခွဲ၊ မြန်မာပလာဇာဘဏ်ခွဲ၊ ဆရာစံဘဏ်ခွဲ၊ ရွှေပုန်းညက်ဘဏ်ခွဲ၊ လမ်းမတော် (၆)လမ်းဘဏ်ခွဲ၊ သင်္ဃန်းကျွန်း ဘဏ်ခွဲ၊ စမ်းချောင်းဘဏ်ခွဲ၊ သန်လျင်ဘဏ်ခွဲ၊ ကျိုက်ဝိုင်းဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး (၂၆) လမ်းဘဏ်ခွဲ၊ မနော်ဟရီဘဏ်ခွဲ၊ ပြင်ဦးလွင်ဘဏ်ခွဲ၊ မိုးကုတ်ဘဏ်ခွဲ။

(၃) နေပြည်တော် - နေပြည်တော် (ဥတ္တရသီရိဘဏ်ခွဲ)၊ လယ်ဝေးဘဏ်ခွဲ။

(၄) မကွေးတိုင်း - ပခုက္ကူဘဏ်ခွဲ၊ မကွေးဘဏ်ခွဲ။

(၅) ပဲခူးတိုင်း - ဖြူးဘဏ်ခွဲ၊ ညောင်လေးပင်ဘဏ်ခွဲ၊ တောင်ငူဘဏ်ခွဲ။

(၆) စစ်ကိုင်းတိုင်း - မုံရွာဘဏ်ခွဲ၊ စစ်ကိုင်းဘဏ်ခွဲ၊ ကလေးဘဏ်ခွဲ။

(၇) ဧရာဝတီတိုင်း - မြောင်းမြဘဏ်ခွဲ၊ မအူပင်ဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ။

(၈) တနင်္သာရီတိုင်း - မြိတ်ဘဏ်ခွဲ၊ ထားဝယ်ဘဏ်ခွဲ။

(၉) ကချင်ပြည်နယ် - ဗန်းမော်ဘဏ်ခွဲ။

(၁၀) ကယားပြည်နယ် - လွိုင်ကော်ဘဏ်ခွဲ။

(၁၁) ကရင်ပြည်နယ် - ဘားအံဘဏ်ခွဲ၊ မြဝတီဘဏ်ခွဲ။

(၁၂) ရှမ်းပြည်နယ် - လားရှိုးဘဏ်ခွဲ၊ မူဆည်ဘဏ်ခွဲ၊ တောင်ကြီးဘဏ်ခွဲ။

(ခ) Myanmar Securities Exchange Centre

ဝန်ဆောင်မှုပေးမည့် နေရာ

အမှတ် ၂၁-၂၅၊ ပထမထပ်၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) KBZ Stiriling Coleman Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - KBZ SC ရုံးချုပ်၊ မြန်မာစင်တာ ဘဏ်ခွဲ၊ အင်းယားလမ်း ဘဏ်ခွဲ၊ ရန်ကင်း ဘဏ်ခွဲ၊ တက္ကသိုလ်လမ်း ဘဏ်ခွဲ - ၂၊ ဗိုလ်မြတ်ထွန်းလမ်း ဘဏ်ခွဲ၊ လှိုင်သာယာ ဘဏ်ခွဲ - ၄၊ ၉ မိုင် ဘဏ်ခွဲ၊ အုံစင်တာ ဘဏ်ခွဲ၊ လမင်းသာယာကွန်ဒို ဘဏ်ခွဲ၊ စံပြဈေး ဘဏ်ခွဲ၊ သစ္စာလမ်း ဘဏ်ခွဲ၊ ထီးတန်း ဘဏ်ခွဲ၊ အလုံ-ထော်လီကွေ့ ဘဏ်ခွဲ၊ လှိုင်သာယာ ဘဏ်ခွဲ - ၅၊ ၇ မိုင် ဘဏ်ခွဲ၊ ဗိုလ်အောင်ကျော်လမ်း ဘဏ်ခွဲ၊ မြောက်ဒဂုံ ဘဏ်ခွဲ - ၃၊ ခိုင်ရွှေဝါလမ်း ဘဏ်ခွဲ၊ မြောက်ဥက္ကလာပ ဘဏ်ခွဲ - ၂၊ သုမင်္ဂလာလမ်း ဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး ဘဏ်ခွဲ - ၁၊ မန္တလေး ဘဏ်ခွဲ - ၂၊ မန္တလေး ဘဏ်ခွဲ - ၃ (ရတနာပုံဈေး ဘဏ်ခွဲ)၊ မန္တလေး ဘဏ်ခွဲ - ၄၊ မန္တလေးဘဏ်ခွဲ - ၇ (လမ်း (၈၀) ဘဏ်ခွဲ)၊ မန္တလေး ဘဏ်ခွဲ - ၈၊ မန္တလေး ဘဏ်ခွဲ - ၉၊ မန္တလေး ဘဏ်ခွဲ - ၁၀၊ မန္တလေး မင်္ဂလာဈေး ဘဏ်ခွဲ၊ ပြည်ကြီးတံခွန်ဘဏ်ခွဲ။

(ဃ) AYAtrust Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

(၁) ရန်ကုန်တိုင်း - လှိုင်ဘဏ်ခွဲ၊ မြောက်ဒဂုံဘဏ်ခွဲ၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ၊ ဝါးတန်းဘဏ်ခွဲ၊ ရွှေဂုံတိုင်ဘဏ်ခွဲ၊ စမ်းချောင်းဘဏ်ခွဲ၊ ကျောက်မြောင်းဘဏ်ခွဲ၊ ကျောက်တံတားဘဏ်ခွဲ၊ တံတားဖြူ (လှိုင် - ၂)ဘဏ်ခွဲ၊ မြန်မာပလာဇာဘဏ်ခွဲ။

(၂) မန္တလေးတိုင်း - မန္တလေး (၃၀) လမ်းဘဏ်ခွဲ၊ မန္တလေး (၁၉) လမ်းဘဏ်ခွဲ၊ မန္တလေးလမ်း (၈၀) ဘဏ်ခွဲ၊ မန္တလေး (၂၆) လမ်းနှင့် လမ်း(၈၀) ကြားဘဏ်ခွဲ၊ မနော်ဟရီဘဏ်ခွဲ။

(၃) နေပြည်တော် - နေပြည်တော်ဘဏ်ခွဲ။

(င) KTzRH Securities

ဝန်ဆောင်မှုပေးမည့် နေရာများ

အခန်းအမှတ် (ဂ၇ဂ၆)၊ (၇) လွှာ၊ UFC Building၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက်


VIETJET ဖြင့်လည်ပတ်ရန် အချိန်ကျရောက်လို့လာပါပြီ
ရန်ကုန်မြို့ ✈ ဟိုချီမင်းမြို့
၁၉၀၀၀ကျပ် (*) မှစတင်၍
ပရိုမိုးရှင်းကာလ : မနက် ၁၁ နာရီခွဲမှ နေ့လည် ၁ နာရီခွဲထိ
၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၈ရက်နေ့ထိ
www.vietjetair.com
Everyday Promotion
* NEWEST FLEET
* FRIENDLY FLIGHT ATTENDANT
* DELICIOUS MEALS
ပျော်ရွှင်ချစ်ကြည်စွာပျံသန်းကြပါစို့။
ဝိုး ... လာမယ့် နှစ်သစ်ကူးပွဲတော်ကိုဆင်နွှဲနိုင်ရန် Vietjetအနေဖြင့်
ရန်ကုန်- ဟိုချီမင်းအပါအဝင် တခြားသောဗီယက်နမ် ဒေသတွင်းခရီးစဉ်များအား နေ့စဉ် မနက် ၁၁:၃၀
မှ နေ့လည် ၁:၃၀ အတွင်း မြန်မာကျပ်ငွေ ၁၉၀၀၀ ကျပ်ဖြင့်ဝယ်ယူ ရရှိနိုင်မည့် တပတ်တာ
ပရိုမိုးရှင်းအစီအစဉ်ကို www.vietjetair.com ၌
စတင်လိုက်ပါသည်။
ခရီးစဉ်ကာလနေဖြင့် ၁၅/၀၃/၂၀၁၆ မှ ၃၁/၁၂/၂၀၁၆ အတွင်း အကျုံးဝင်နိုင်ပါသည်။
အရမ်းအံ့အားသင့်စရာကောင်းတဲ့ ကမ္ဘာ့အကြီးဆုံးလိုဏ်ဂူကြီးဖြစ်တဲ့ Son Doong နှင့်
အရမ်းလှပသည့် Ha Long Bay သို့မဟုတ်
Da Nang, Nha Trang, Phu Quoc ပျော်ရွှင်စရာကမ်းခြေများ
အစရှိသည့် တိုင်းပြည်၏ အမွေအနှစ်တွေကို လေ့လာရှာဖွေရင်း Vietname လူမျိုးများ၏
နွေးထွေးတဲ့ကြိုဆိုမှုများ၊ ရင်းနှီးနွေးထွေးသော အပြုံးများဖြင့် လှပသည့် နိုင်ငံဖြစ်သည့်
သင်၏နှစ်သစ်အား Vietnam ၌ပျော်ရွှင်ကြည်နူးလိုက်ကြပါစို့။
11:30 AM Vietjetရဲ့ အချိန်ကျရောက်လို့လာပါပြီ
သင့် စိတ်ကူးနှင့်ထပ်တူထပ်ကျဖြစ်သော Vietjet လေယာဉ်များသည် လုံခြုံစိတ်အချရဆုံး
နောက်ဆုံးပေါ် လေယာဉ်များ ဖြစ်၍ ခေတ်မီလှသောကြောင့် Vietjet ၏အတွေ့အကြုံများကိုခံစားရင်း
ပျံသန်းကြရအောင်... ပျံသန်းစဉ်ကာလအတွင်း နူးညံ့လှတဲ့ ဗိမ်ခံသားရေထိုင်ခုံမှာထိုင်၍
နွေးထွေးပျူငှာသော လေယာဉ်ဝန်ထမ်းများ၊ လေယာဉ်ပေါ်ကဖျော်ဖြေပေးများနှင့်အတူ
အရသာရှိပြီးပူပူနွေးနွေးအစားအသောက်များကို လည်းမှာယူစားသုံးနိုင်မည်ဖြစ်သည်။
ကျွန်ုပ်တို့၏ အံ့သြဖွယ်ကောင်းသော နေ့စဉ် ပရိုမိုးရှင်းများအား Vietjet ဖြင့်ပျော်ရွှင်စွာ ပျံသန်းနိုင်ရန်
www.vietjetair.com တွင်ရယူကြရအောင်
vietjetAir.com
လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
-Mobile: http://m.vietjetair.com
-Facebook: www.facebook.com/vietjetglobal
Tab "Booking"
AVIAREPS Myanmar
အခန်း(၁၀၆)၊ ပထမထပ်၊ယုဇနစီးပွားရေးတာဝါ၊ အမှတ် ၂၅၊
ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်၊ မြန်မာ။
Tel : (+95-1) 53 94 84
Fax : (+95-1) 53 94 84
Hotline: (+95-9) 789 323 828
ငွေပေးချေနိုင်သည့် နည်းလမ်း: Visa/ Master/AMEX/JCB
* Terms & conditions
ဟိုချီမင်းမြို့ ✈ ကန်တို ✈ ဒါလတ် ✈ နာတရန် ✈ ဖူကျို ✈ ဘွန်မသွတ် ✈ ကွေနွံ ✈ ဒါနန်း ✈ စပ ✈ ဗင် ✈ ဟိုက်ဖွန်း ✈ ဟန္နိုင်း ✈ ထိုင်းလန် ✈ စင်ကာပူ ✈ ထိုင်ဝမ် ✈ ကိုရီးယား ✈ ရန်ကုန်


တောင်သူလယ်သမားနေ့ကို
ဂုဏ်ပြုသောအားဖြင့် “စိုက်ပျိုး” ကို
မိတ်ဆက်လိုက်ပါပြီ။
အင်တာနက်ဖိုးမကုန်ဘဲအခမဲ့ အသုံးပြုနိုင်သည့် “စိုက်ပျိုး” ဆိုတာကတော့
မိုးလေဝသခန့်မှန်းချက်၊ အရေးပေါ် သတိပေးချက်၊ သီးနှံဖျက်ပိုးနှင့် ရောဂါ
ကာကွယ်ရေးတို့ အပါအဝင် လယ်ယာအထွက်တိုးရေး သတင်းအချက်အလက်များကို
ဖြည့်ဆည်းပေးမယ့် မိုဘိုင်း အက်ပလီကေးရှင်းတစ်ခု ဖြစ်ပါတယ်။
ooredoo
အခုပဲ
“စိုက်ပျိုး”ကို အခမဲ့
ဒေါင်းလုတ်ရယူဖို့
*900# သို့ ခေါ်ဆိုပါ။

# နွေရာသီပန်တျာသင်တန်းသားနှင့် ပန်းချီသင်တန်းသားခေါ်ယူခြင်း

၁။ **သင်တန်းဖွင့်မည့်နေရာ**
(က) အနုပညာအထက်တန်းကျောင်း၊ ရန်ကုန်မြို့။
(ခ) အနုပညာအထက်တန်းကျောင်း၊ မန္တလေးမြို့။
၂။ **အသက်** — အသက်(၅)နှစ်ပြည့်ပြီးသူ ဖြစ်ရပါမည်။
၃။ **သင်တန်းသားခေါ်ယူခြင်း** — ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၄ ရက်အထိ
၄။ **သင်တန်းစတင်ဖွင့်မည့်ရက်** — ၂၀၁၆ ခုနှစ် မတ် ၇ ရက်
၅။ **သင်တန်းကာလ** — ရက်သတ္တပတ် (၄)ပတ်
၆။ **တက်ရောက်လိုသောသင်တန်း** (က) ပန်တျာ(အဆို/အက)
(ခ) ပန်းချီ
(အခြေခံအဆင့်သင်တန်းတက်ရောက်ပြီးသူများ တန်းမြင့်သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
(တန်းမြင့်သင်တန်းပြီးဆုံးပါက သင်ရိုးကုန် သင်တန်းသို့ တက်ရောက်နိုင်ပါသည်။)
၇။ **သင်တန်းအချိန်** — နံနက်(၀၉း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ
၈။ **သင်တန်းကြေး** — ကျပ်-၁၅၀၀၀ိ/-
၉။ **လျှောက်လွှာ** — သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ကျောင်းများတွင် ရယူလျှောက်ထားနိုင်ပါသည်။
(က) အနုပညာအထက်တန်းကျောင်း(ရန်ကုန်)။
ဖုန်း-၀၁-၅၅၅၆၄၂
အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
(ခ) အနုပညာအထက်တန်းကျောင်း(မန္တလေး)။
ဖုန်း-၀၂-၆၁၁၆၉၊
၆၆လမ်း၊ ၂၀-၂၂လမ်းကြား၊ မန္တလေး

# ဈေးပြိုင်(အိတ်ပိတ်)လေလံခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်(အင်းလေးဒေသ) နိုင်ငံခြားသား ခရီးသွားဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်(အိတ်ပိတ်)လေလံစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုသွားမည်ဖြစ်ပါသဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများ လေလံတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မှတ်ချက်** - ယခင်ဘဏ္ဍာရေးနှစ်များတွင် ငွေပေးသွင်းရန် ပျက်ကွက်ခဲ့သော လုပ်ငန်းရှင်များအား လေလံတင်သွင်းခြင်း လုံးဝခွင့်မပြု။

**လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၁-၃-၂၀၁၆ ရက်မှ ၁၅-၃-၂၀၁၆ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူရန်)
**လေလံဖွင့်လှစ်မည့်ရက်** - ၂၀-၃-၂၀၁၆ ရက်
**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀း၀၀ နာရီ
**လေလံဖွင့်မည့်နေရာ** - တောင်ကြီးမြို့၊ မြို့တော်ခန်းမ

အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဖုန်း-၀၈၁-၂၀၀၉၀၄ နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံး ဖုန်း-၀၈၁-၂၀၁၈၆၆တို့သို့ ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံခေါ်ယူရေးကော်မတီ**

# CLAIMS DAY NOTICE

## M.V CITY OF MUMBAI VOY:NO(28)

Consignees of cargo carried by M.V. CITY OF MUMBAI VOY:NO(28) are here by notified that the vessel will arrive on about 3-3-16 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဒေါ်ခင်မေခိုင် ၁၂/ဗဟန(နိုင်)၀၇၃၄၀၉၏**
**၄-၂-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား**

# ပြန်လှန်အသိပေးကြေညာခြင်း

ဒေါ်မဋ္ဌုအောင် ၁၂/ဗဟန(နိုင်)၀၄၈၉၅၃နှင့် ဦးစန္ဒာထူးမင်းဝင်း ၁၂/တမန(နိုင်)၀၉၈၁၅၁ တို့၏ ညွှန်ကြားချက်အရ-

လူကြီးမင်း၏ အထက်ခေါင်းစီးကြေညာချက်ပါ စိန်ဖိုးငွေဆိုသည်မှာ မဟုတ်ပါ။ ငွေ ၇၀၁၂၅၆၂၅/-မှာလည်း အရေအတွက်များစွာပိုနေပါသည်။ ၁၀-၁၂-၂၀၁၃ ရက်တွင် ပေးဆပ်ပါမည်ဟုလည်း ကတိမပြုခဲ့ပါ။ တောင်းခံသည့်ငွေများမှာ ငွေတိုးဖြင့် ငွေချေးခြင်းသာဖြစ်ပြီး လူကြီးမင်းက စိန်ရောင်းရန်ယူသည်ဟု ပြောင်းလဲပြီး စာချုပ်အား ဒေါ်မဋ္ဌုအောင်သို့ အတင်းအကျပ်တောင်းဆို၍ စာချုပ်(၃)စောင်အား လက်မှတ်ရေးထိုးပေးခဲ့ရပါသည်။ ဦးစန္ဒာထူးမင်းဝင်းမှာ ပါဝင်ပတ်သက်သူမဟုတ်ပါ။ ငွေချေးစဉ်ကတည်းက အတိုးများကို မပျက်မကွက်ပေးနေပြီး စိန်လုပ်ငန်းနှင့်မပတ်သက်ဘဲ အတိုးနှင့် ချေးငွေများသာဖြစ်၍ အတိုးမှန်မှန်ပေးဆပ်ရန် စီစဉ်ဆောင်ရွက်နေဆဲဖြစ်ကြောင်း ပြန်လည်ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မိ တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၄)**
**အမှတ်(၇၅)၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၂၉၆၀၅၅၊ ၀၉-၅၁၈၃၀၄၃**

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မော်လမြိုင်ခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၀ နှင့်ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၂၈**

မဝင်းသန္တာဦး (၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝင်းမြင့်) **နှင့်** (၁) ဦးထွန်းရီ (၂) ဒေါ်ခင်ညွန့်(ခ)ဒေါ်တွတ်
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

သံဖြူဇရပ်မြို့နယ်၊ ဝဲရတ်ကျေးရွာအုပ်စု၊ ဝယ်သွန်ချောင်ရွာအပေါ်ပိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၀တွင် ကျရှိသည့်ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် မတ်၁၅ ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချယ်ရီခင်)**
**ခရိုင်တရားသူကြီး (၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**အမရပူရမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၁**

ဒေါ်ဝင်းဝင်း (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်ရီ) **နှင့်** ဦးထွေးမြင့်
**တရားလို** **တရားပြိုင်**

ပုံစံပါအမှုမှ တရားပြိုင် ဦးထွေးမြင့် ၉/အမရ(နိုင်)၀၅၂၉၈၁ စိတ္တမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ဝင်းဝင်း (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်တင်ရီ)က "အမရပူရမြို့ နန်းတော်ရာမှန်တန်းရပ်ကွက်၊ နယ်မြေ(၁)၊ အကွက်အမှတ်(၆၀၃-က)၊ ဦးပိုင်အမှတ်(၄၀/၆၂၆) မြေကွက်၏ အရှေ့ဘက်ခြမ်း ၃၈ပေ× အရှည်ပေ ၉၀ အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု" စွဲဆိုထားပါသည်။ ထို့ကြောင့် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်စာရသူ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် အမှုနှင့်သက်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် သင်၏ရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၁၁ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၃ရက်) နံနက် ၁၀း၀၀ နာရီတွင် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရမည်။ ထို့ပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်နုတ်ပေးမည်ဖြစ်ပါသည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာရွက်စာတမ်းတို့ကို သင်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုးပေးလိုက်သည်။

**ခင်မြင့်လွင်**
**မြို့နယ်တရားသူကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၁)၊ ဦးပိုင်အမှတ်(၃၃)၊ ၅၃လမ်း၊ မြတ်လေးလမ်းနှင့် နှင်းဆီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းလင်းထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၂၉၀၅/၂၀၁၅)ဖြင့် ဝယ်ယူခဲ့သူ မောင်ဝေလင်းနိုင် ၁၃/လရန(နိုင်)၁၆၈၀၁၀မှ တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဥယျာဉ်တန်း-ဂ)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၃၆×၃၇လမ်းကြား၊ ၆၄×၆၅ လမ်းကြားရှိ ဒေါ်ဝင်းတင်၊ ဦးသောင်းတင်၊ ဦးလေးနိုင် အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးစိုးဝင်း ၉/မကန(နိုင်)၀၈၅၉၆၈၊ ဒေါ်ဖြူဖြူစိုး ၉/မကန(နိုင်)၀၈၆၀၈၅တို့မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲ ဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်အမှတ်(၈၉)၊ ၇၁လမ်း၊ စိန်ပန်းလမ်းနှင့် မနော်ဟရီလမ်းကြားရှိ ဦးဝေလှအမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်အာဂျစ် ၉/မရတ(နိုင်)၀၉၆၅၀၇မှ ဦးပိုင် ၈၉(ခဲစင်း) မြောက်ဘက်ခြမ်းအား မြို့ကွက်သစ် နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်း ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၁၈၈)၊ ၆၂×၆၄ လမ်းကြား၊ စိန်ပန်း×အောင်မင်္ဂလာလမ်းကြားရှိ ဒေါ်ကြည်အမည်ဖြင့်ချထားပေးသော မြေကွက်အား ဒေါ်ဂျာဒွဲ ၁/ကမန(နိုင်)၀၀၀၁၆၆မှ ဦးပိုင်-၁၈၈(ခဲစင်း)တောင်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မြေဖိုး၊ လမ်းဖိုးပေးသွင်းခြင်းငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း ဦးပိုင်းခွဲအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပန်းချီသင်လိုပါသလား

အိမ်တိုင်ရာရောက်/အခြေခံ/အဆင့်မြင့် သင်ပေးသည်။ **ဦးအေးမြင့် B.A,B.Ed, T.E.F.L,P.A.T.C (Fine Arts)**
**တိုက် ၁၀၂၊ အခန်း ၁၊ လမ်းသွယ် ၅၊ ရွှေရန်ကင်း၊ ဖုန်း-၀၉-၃၁၀၄၇၅၆၃**

## အိမ်ရောင်းမည်

ဒဂုံအရှေ့
၂၀'×၆၀'ခြံနှင့် အိမ်
ရေမီးစုံ သိန်း ၄၉၀
**ဖုန်း-၀၉-၂၅၀၀၀၈၀၅၃**

## တိုက်ခန်းကျယ်ရောင်းမည်

သုံးထပ်၊ ၁၈ပေ×ပေ၆၀၊ ကိုယ်ပိုင် ရေမီး၊ ကြွေပြား၊ ပါကေးခင်း ပြင်ဆင်ပြီး၊ အိပ်ခန်းနှစ်ခန်း၊ အသင့်နေနိုင်၊ လမ်းသန့်အီဒင်လမ်း (ဗိုလ်တထောင်ဈေးလမ်း)။

**ဖုန်း-၀၉-၄၅၀၀၀၁၈၁၉**

## ဝန်ထမ်းအလိုရှိသည်

၁။ **ကြီးကြပ်ရေးမှူး** (မ) - (၅) ဦး
[ညအိပ်တာဝန် ထမ်းဆောင်နိုင်ရမည်။ အသက် (၆၀) ထက်မကျော်ရ။]
၂။ **အဆောင်မှူးဆရာ** (ကျား) - (၅) ဦး
**အဆောင်မှူးဆရာမ** (မ) - (၅) ဦး
[ညအိပ်တာဝန် ထမ်းဆောင်နိုင်ရမည်။ အသက် (၆၀) ထက်မကျော်ရ။]
၃။ **ဘာသာရပ်ဆိုင်ရာ Guide** (တစ်ဘာသာ) - (၁၀) ဦး
၄။ **ဘာသာစုံ Guide** - (၁၀) ဦး
၅။ **ယဉ်မောင်း** (ကျား) - (၃) ဦး
၆။ **ကွန်ပျူတာကျွမ်းကျင်** (မ) - (၂) ဦး

အလုပ်လျှောက်လွှာများကို အမှတ် (၁၁၁/၁၁၃)၊ ၅ရလမ်း။ ပုဇွန်တောင်မြို့နယ်တွင် ၃၀ မတ်လ ၂၀၁၆(ဗုဒ္ဓဟူး)နေ့နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၁ ၃၉၇ ၉၃၉၊၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၄၂၀၀ ၈၉၃၉၀။

**မင်းဇာနည်ရေလုပ်ငန်းကုမ္ပဏီလီမိတက်**

# ဝန်ထမ်း(အမြန်)အလိုရှိသည်

၁။ **လုံခြုံရေးဝန်ထမ်း** **ကျား(၁၀)ဦး**
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အသက်(၄၀)မှ (၆၀)အတွင်း ဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး အရက်သေစာသောက်စားခြင်း ကင်းရှင်းရမည်။
- အရပ် ၅ ပေနှင့်အထက် ဖြစ်ရမည်။
- နယ်တွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
- နေထိုင်ရေး/စားစရိတ်(ငြိမ်း) စီစဉ်ပေးမည်။

**လျှောက်ထားရန်-** ကိုယ်ရေးရာဇဝင်အကျဉ်း၊ တစ်လအတွင်း ရယူထားသည့် ရပ်ကွက်ထောက်ခံစာ/ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်(မူရင်း)၊ သန်းခေါင်စာရင်းမိတ္တူ၊ နိုင်ငံသားစိစစ်ရေးလက်မှတ် မိတ္တူတို့နှင့်အတူ အမှတ် ၄ခ/၁၊ သောင်းကြီးတောင်ရပ်ကွက်၊ လှိုင်မြစ်ကမ်းဘေးလမ်း၊ စက်မှုဇုန်(၁)၊ အပိုင်း(၆)၊ လှိုင်သာယာမြို့နယ်(သို့)စာတိုက်သေတ္တာအမှတ်(၃၁၁)သို့ ၉-၃-၂၀၁၆ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၁-၆၈၄၁၈၁၊ ၀၁-၆၈၄၁၈၂၊၀၉-၄၅၀၀၂၃၈၃၈၊ ၀၉-၇၈၉၄၄၀၁၃၃**
**Email:hr.minzarni@minzarnigroup.com**

# ကန့်ကွက်နိုင်ပါသည်

ကျောက်ဆည်မြို့၊ ကြက်မင်းတွန်ရပ်ကွက်၊ အကွက်အမှတ်(၃၂)၊ ဦးပိုင်အမှတ်(၁၆၇)၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက၊ ဂရန်အမှတ်တွဲအမှတ်(၁၄၆/၁၉၉၀-၉၁)နှင့် ဦးပိုင်အမှတ်(၁၆၈က)၊ ဧရိယာ ၀ဒသမ ၀၂၈ဧက ဂရန်အမှတ်တွဲအမှတ်(၁၄၇/၁၉၉၀-၉၁)တို့အား ဗိုလ်ကြီးညွန့်ဝေ SDG-၀၇၇၀၉၂ အမည်ဖြင့် နှစ်(၂၀)ဂရန်အားလည်းကောင်း ချထားပေးခဲ့ပါသည်။ ၄င်းဂရန် ဝိုင်းမြေကွက်များအား ဦးခင်မောင်စန်း ၉/ကဆန(နိုင်)၀၅၄၃၁၆ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ဒေါ်ခင်မေသန်း ၉/ကဆန(နိုင်)၀၆၆၆၀၁မှ ဝိုင်းမြေကွက်များအား အရောင်းအဝယ်စာချုပ်စာတမ်းပြုလုပ်ဝယ်ယူမည်ဖြစ်ပါသောကြောင့် သက်ဆိုင်သူများအနေဖြင့် ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်သတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်စန်း ၉/ကဆန(နိုင်)၀၅၄၃၁၆၊ ကြက်မင်းတွန်ရပ်၊ ကျောက်ဆည်မြို့**

## Mr.Herg Perg (ဦးအားဖုန့်)နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မသီတာထွန်း အမှတ်(၁၁၉၄)၊ ကုန်းဘောင်လမ်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် လူကြီးမင်း Mr.Herg Perg (ဦးအားဖုန့်)သည် Carnival ကာရာအိုကေလုပ်ငန်းအား အကျိုးတူဆောင်ရွက်ခဲ့ရာ လူကြီးမင်း Mr.Herg Perg (ဦးအားဖုန့်)သည် အဆိုပါလုပ်ငန်းမှ ငွေစာရင်းများ၊ ဝင်ငွေထွက်ငွေများ၊ အမြတ်ပိုငွေများအား လုပ်ငန်းစတင်ချိန်မှ ယနေ့ချိန်ထိ ရှင်းလင်းခြင်းမရှိပါသဖြင့် ကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်အမှုသည်ထံသို့ဖြစ်စေ လာရောက်ဖြေရှင်းရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရအောင် (စဉ်-၃၄၈၆၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၄၃၃၇၉**

**ဦးနေခိုင် ၁၂/ဗဟန(နိုင်)၀၅၄၃၈၄၏**
**၃-၂-၂၀၁၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်အား**

# ပြန်လှန်အသိပေးကြေညာခြင်း

ဒေါ်မဋ္ဌုအောင် ၁၂/ဗဟန(နိုင်)၀၄၈၉၅၃နှင့် ဦးစန္ဒာထူးမင်းဝင်း ၁၂/တမန(နိုင်)၀၉၈၁၅၁ တို့၏ ညွှန်ကြားချက်အရ-

လူကြီးမင်း၏ အထက်ခေါင်းစီးကြေညာချက်ပါ နှစ်ဦးနှစ်ဖက် စာရင်းရှင်းရာတွင် ကျပ်ငွေ ၆၈၈၃၀၂၀၀ ကျန်ရှိသည်ဆိုသည်မှာ လုံးဝ မမှန်ကန်ပါ။ တိကျခိုင်လုံသောစာရွက်စာတမ်းများဖြင့် စာရင်းအပြန်အလှန် ရှင်းကြရမည်ဖြစ်၍ စာရင်းရှင်းပြီးမှသာ ကျန်ငွေမည်မျှဖြစ်သည်ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းသတ်မှတ်ကြရမည်ဖြစ်ပါ၍ ၂၈-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းရန် မဖြစ်နိုင်ကြောင်းနှင့် နှစ်ဦးနှစ်ဖက် စာရွက်စာတမ်းများနှင့် လူချင်းတွေ့ဆုံဖြေရှင်းလိုကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ယင်းကိစ္စတွင် ဦးစန္ဒာထူးမင်းဝင်းမှ ပါဝင်ပတ်သက်သူမဟုတ်ပါ။

**ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်မိ တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၀၄)**
**အမှတ်(၇၅)၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်**
**ဖုန်း-၀၁-၂၉၆၀၅၅၊ ၀၉-၅၁၈၃၀၄၃**

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင် (မြိတ်)

**ဆေးရုံအုပ်ကြီး(ငြိမ်း)**

**အသက်(၈၈)**

Popular Plastic Group ၏ဥက္ကဋ္ဌ ဦးကျင်ဦးနှင့် Managing Director ဒေါ်ချောစုလွင်တို့၏ဖခင် ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်သည် ၂၆-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်လင်းမောင်(တရားသူကြီးချုပ်)**
**နှင့် ကယားပြည်နယ်တရားလွှတ်တော်**
**ကြီးကြပ်မှုအောက်ရှိ တရားရုံးဝန်ထမ်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်(မြိတ်) အသက်(၈၈)နှစ်

**ဆေးရုံအုပ်ကြီး(ငြိမ်း)**

Popular Plastic Group ၏ဥက္ကဋ္ဌ ဦးကျင်ဦးနှင့် Managing Director-ဒေါ်ချောစုလွင်တို့၏ဖခင် ဒေါက်တာဦးမင်းလွင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာခင်မောင်ထွန်း-ဒေါ်ဥမ္မာသန်း**
**(ထက်လင်းဆေးတိုက်မိသားစု)၊**
**(နဂါးမာန် မြန်မာ့ရိုးရာလက်ဝှေ့ကလပ်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်

**ဆေးရုံအုပ်ကြီး(ငြိမ်း)**

**အသက်(၈၈)နှစ်**

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဒေါက်တာချောဝေလွင် (မျက်စိအထူးကုဆရာဝန်)၏ဖခင် ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မျက်စိအထူးကုဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဦးမင်းလွင်(ခ)ဦးစင်းအင် (မြိတ်)

**ဆေးရုံအုပ်ကြီး(ငြိမ်း)**

**အသက်(၈၈)နှစ်**

Popular Plastic Group ၏ဥက္ကဋ္ဌ ဦးကျင်ဦးနှင့် Managing Director ဒေါ်ချောစုလွင်တို့၏ဖခင် ဒေါက်တာဦးမင်းလွင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၄၅)မှ**
**အရာရှိများနှင့်မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဦးရွှေသွင်

**အသက်(၈၅)နှစ်**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန် သချာင်္ဌာနမှ နည်းပြ ဒေါ်ခင်စပယ်သွင်၏ဖခင် ပါမောက္ခဦးရွှေသွင် အသက်(၈၅)နှစ်သည် ၂၁-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ဆရာမများနှင့် ဝန်ထမ်းများ**
**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်**

---

## ဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဦးရွှေသွင်

**အသက်(၈၅)နှစ်**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ဝင်ဟောင်းဖြစ်သူ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန အငြိမ်းစားပါမောက္ခဆရာကြီး ဦးရွှေသွင်သည် ၂၁-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးခင်ဇော်ထွန်း

**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၁၃/၂၁၇ နေ သူငယ်ချင်း ဒေါက်တာဇာနည်ကျော်၏ဖခင်၊ အန်တီ ဒေါ်ခင်ညွန့်လင်း၏ ခင်ပွန်းဖြစ်သူ အန်ကယ် ဦးခင်ဇော်ထွန်းသည် ၂၃-၂-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂:၁၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ဇင်မင်းနှင့် ဦးကျော်သက်လွင်**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဥက္ကာဝေမျိုး

**(သခ-၁၇၆၉)**

**သွားဘက်ဆိုင်ရာဆရာဝန်**

**အသက်(၃၆)နှစ်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာဥက္ကာဝေမျိုးသည် ၂၉-၂-၂၀၁၆ရက် နံနက် ၃:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာအိအိမျိုး**
**ဒေါက်တာစိုးလင်းနိုင်-ဒေါက်တာသိမ့်သိမ့်သန်းဝေ**
**ဒေါက်တာသီတာစိုး**
**ဒေါက်တာသီဟမြင့်ဝေ-ဒေါက်တာအိခိုင်မင်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ကြည် (လပွတ္တာ)

**အသက်(၉၂)နှစ်**

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ အလုပ်အမှုဆောင် ဦးတင်မြင့်၏မိခင်ကြီး ဒေါ်တင်ကြည် အသက်(၉၂)နှစ်သည် ၂၄-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်ကြည်(လပွတ္တာ) အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် (A/3-1)၊ အခန်း(1102)နေ ဦးသိန်းဝင်း(PMG Co,Ltd)-ဒေါ်ယဉ်ယဉ်ဝင်းတို့၏မိခင်ကြီး၊ (ဦးဟုတ်ရောင်)၏ချစ်လှစွာသောဇနီး ဒေါ်တင်ကြည် အသက်(၉၂)နှစ်သည် ၂၄-၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်နိုင်ဦး-ဒေါ်ရင်မေ**
**Family ရောင်းဝယ်ရေး၊ မြစ်ကြီးနားမြို့**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်ကျော့သာ (စစ်တွေ)

**အသက်(၉၁)နှစ်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ပါမောက္ခ ဒေါက်တာစောထွန်းအောင်-ဒေါ်ခင်မျိုးသာတို့၏မိခင်ကြီး ဒေါ်ကျော့သာ(စစ်တွေ)သည် ၂၆-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

တေဇ(၂၀)မှ ဗိုလ်မှူးကြီးမျိုးခိုင်-ဒေါ်မျိုးပပသွင်တို့၏ မိခင် ဒေါ်ကျင်နွဲ့ အသက်(၉၀)သည် ၂၅-၂-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၀)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးကောက် (ချောက်မြို့)

**အသက်(၈၇)နှစ်**

စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမြင့်ဇော်နှင့်ဇနီး ဒေါ်အေးအေးသင်းတို့၏ဖခင်ကြီး ဦးကောက် အသက်(၈၇)နှစ်သည် ၁-၃-၂၀၁၆ရက် မွန်းလွဲ ၁:၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့်ဇနီး ဒေါ်စီပီလာဘာရတန် မိသားစု**
**စွမ်းအင်ဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကြင်ဖေ

**အရာခံဗိုလ်(လေ-ငြိမ်း)**

**အသက်(၇၈)နှစ်**

သူငယ်ချင်း ဒုဗိုလ်မှူးကြီးဝင်းကိုကို-ဒေါ်ခင်သီတာတို့၏ ဖခင်ဖြစ်သူသည် ၂၈-၂-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်သင်တန်းအမှတ်စဉ်(၈၈)မှ သူငယ်ချင်းများ**

---

## ဒေါ်သန်းညွန့်(ဇီးကုန်းမြို့) အသက်(၇၈)နှစ်

သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သိမ်ကြီးရိုးလမ်းနေ (ဦးဝင်းတင်)၏ဇနီး၊ ဦးအောင်သိန်းထွန်း(မြို့နယ်အုပ်ချုပ်ရေးမှူး၊ အုတ်တွင်းမြို့)-ဒေါ်ကြည်ကြည်ဝင်း၊ မအေးအေးခိုင်တို့၏မိခင်၊ မဆုယမုံ၏အဘွားသည် ၁-၃-၂၀၁၆ရက် နံနက် ၉:၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ဇီးကုန်းမြို့ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးကျော်ကျော်နိုင် (ငြိမ်း)

**ကြည်း-၂၈၈၉၁**

**အသက်(၄၈)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးကျော်ကျော်နိုင်(ငြိမ်း)သည် ၁-၃-၂၀၁၆ရက် နံနက် ၅နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၈)**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာဥက္ကာဝေမျိုး (သခ-၁၇၆၉)

**သွားဘက်ဆိုင်ရာဆရာဝန်**

**အသက်(၃၆)နှစ်**

မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း၏ အသင်းဝင်တစ်ဦးဖြစ်သူ ဒေါက်တာဥက္ကာဝေမျိုးသည် ၂၉-၂-၂၀၁၆ရက် နံနက် ၃:၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း(ဗဟို)**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## Mrs. Rosebelle Coote

**အသက်(၉၂)နှစ်**

(ဦးဖိုးဆိုင်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ (Victor F,X,Coote )၏ဇနီး၊ (မန်းအဲမို-ဂျဲဘဲလာ)၊ (မန်းလေးကြည်-ဂျဲအေးမေ)၊ (ဦးစောလီယို)-ဂျဲစတယ်လာ၊ မန်းခင်မောင်-(ဂျဲမုဖို)၊ ဦးသန်းအောင် - (ဂျဲဟယ်လင်)တို့၏ ညီမ/အစ်မ၊ ဦးဘသန်းညွန့်-ဒေါ်ခင်သက်နွယ်၊ Valerie Coote, Lawrence Coote - Jules Mc Shee, (Tony Coote)တို့၏မိခင်၊ ကိုသန်းဟိန်းထူး-မအေးအေးမြတ်၊ Freya Coote တို့၏အဘွား၊ မောင်ဟိန်းသီဟထူး၊ မထူးမြတ်ခင်တို့၏ဘွားဘွားကြီး၊ တူ၊ တူမ ၁၇ယောက်တို့၏အဒေါ်သည် ၁-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇:၄၀နာရီတွင် သုခကမ္ဘာဆေးရုံတွင်ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မောရဝတီလမ်း၊ အမှတ် ၁၂၇-E နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။]

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်သန်း(ခ) ဂူထွိုင်ပင်း

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၄)လမ်း၊ အမှတ် ၅၀၊ မြေညီထပ်နေ (ဦးဆန်း)၏ဇနီး၊ ဦးမျိုးဆွေ-ဒေါ်ညွန့်မော်၊ ဒေါ်ဆွေဆွေရီ၊ ဦးတင်ဆွေ-ဒေါ်နန့်မြင့်ဝင်း၊ ဦးဝင်းဆွေ-ဒေါ်ခင်မျိုးဝင်းတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွားသည် ၂၉-၂-၂၀၁၆ရက် ည ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၃-၂၀၁၆ရက် နံနက် ၁၁နာရီတွင် ရေဝေး ကောင်းတုံတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

**အရာခံဗိုလ်/ရုံးအုပ်ချုပ်**

## တင်မောင်သွင် (ငြိမ်း)

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့နေ(ဦးဘသိန်း-ဒေါ်အေးအေး)တို့၏သား၊(ဦးမြတ်လှ-ဒေါ်အုန်းကျင်)တို့၏သားသမက်၊ ဒေါ်တင်မေဆင့်၊ ဒေါက်တာအေးဝင်းနိုင်-ဒေါ်ခင်ဆွေတင့်၊ (ဦးခင်မောင်ဇော်)-ဒေါ်ခင်မေဝင်းတို့၏မောင်၊ ဗိုလ်မှူးသိန်းချို(ငြိမ်း)-ဒေါ်ခင်အေးသိန်း၊ ဦးခင်မောင်တိုး - ဒေါ်ခင်ငွေဝင်းတို့၏ အစ်ကို၊ တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ မလိခ(၁)လမ်း၊ အမှတ် ၁/၂၅နေ ဦးမျိုးမင်းဦး (ဦးစီးအရာရှိ၊ ရှမ်းပြည်နယ် ထွေ/အုပ်)-ဒေါ်ဝတ်ရည်သွင်(ဒု ဦးစီးမှူး၊ ရှမ်းပြည်နယ် ထွေ/အုပ်)၊ (မဝတ်မှုံသွင်)၊ ဦးဇော်ဖြိုးဦး(ဒုမန်နေဂျာ၊ CB-Bank ညောင်ရွှေ)-ဒေါ်ဝင့်ရွှေရည်သွင်(CB-Bank တောင်ကြီး)တို့၏ဖခင်၊ (ဒေါ်ငွေငွေမြင့်)၏ခင်ပွန်း၊မြေးတစ်ယောက်၏အဘိုးသည် ၂၉-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၆ရက် (သောကြာနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

**သထုံမြို့နယ်အသင်း(ရန်ကုန်)**

## ဦးမျိုးမြင့်စံ(ခ)စိန်ဘာသာ

**(ဘရေ၊ ငြိမ်း၊ သထုံ)**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ် ၁၀၉၁နေ အသင်းဝင်အမှတ် ၁၆၈၆ ဦးမျိုးမြင့်စံသည် ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၁၆ရက် (စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဓမ္မပါလ (ကမ္မဋ္ဌာနာစရိယ)

**သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၄)ဝါ**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အသရော်ကျေးရွာအုပ်စု၊ ကျားမနိုင်ကျေးရွာ(မဟာဓမ္မပါလ)၊ ကျားမနိုင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သံသာရဘီရုကဖြစ်တော်မူသော ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တပို့တွဲလပြည့်ကျော် ၄ရက်) ၂၇-၂-၂၀၁၆ရက်(စနေနေ့)နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၆ရက်)တွင် စံကျောင်းတော်သို့ ပင့်ဆောင်အပူဇော်ခံ၍ (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၆ရက်)တွင် အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်မည်ဖြစ်ကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

**စျာပနကော်မတီ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဇနက

**သက်တော်(၆၄)နှစ်၊ သိက္ခာတော်(၄၄)ဝါ**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ်၊ မင်းကုန်းကျေးရွာ၊ မင်းကုန်းကျောင်းတိုက်ကြီး၏ အဓိပတိနာယက မြို့နယ်သံဃာ့နာယက ဒုတိယဥက္ကဋ္ဌဖြစ်တော်မူသော ဆရာတော်ကြီးသည် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) ၂၂-၂-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၅:၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိစျာပနပူဇော်ပွဲကို (၁၃၇၇ခုနှစ် တပေါင်းလပြည့်ကျော် ၁၁/၁၂/၁၃) ၃-၄-၂၀၁၆ရက်မှ ၅-၄-၂၀၁၆ရက်များတွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးသို့ ရောက်ရှိကြကုန်သော သဟဓမ္မိက သံဃာတော်များနှင့်တကွ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပင့်လျှောက်လွှာအချိန်မီ မရောက်ခဲ့လျှင်လည်း ကြွရောက်ကြပါရန်။)

**ကျန်ရစ်သူ တပည့်ဒါယကာ၊ ဒါယိကာမများ**
**မိုးညှင်းမြို့နယ်၊ မင်းကုန်းကျေးရွာ**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဦးဝိဝေက (ဦးဝင်းမြင့်)

**စက်မှု-စားကုန်(ငြိမ်း)၊ ခရမ်းမြို့**

**သက်တော်(၇၆)နှစ်၊ သိက္ခာတော် (၁၁)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကြာသပတေးလမ်းနေ (ဦးသန်းမောင်-ဒေါ် အေးကြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၁၂၃နေ (ဒေါ်မမလေး)၏ခင်ပွန်း၊ (ဦးသန်းထွန်း-ဒေါ်ခင်သောင်းဆွေ)တို့၏မောင်၊ ဦးမြဝင်း-ဒေါ်မြင့်ရွှေ(ရွှေခရီးသွားလုပ်ငန်း)၊ ဦးစိန်ပို-ဒေါ်ခင်အုန်းမြင့်၊ ဦးစန်းအောင်-ဒေါ်မြင့်မြင့်သိန်းတို့၏အစ်ကို၊(ဦးမြတ်စိုး)၊ဒေါ်စိုးစိုးယဉ်(ဒု-ဆေးရုံအုပ်၊ တိုင်းရင်းဆေးရုံ၊မော်လမြိုင်)၊ ဦးမြင့်ကြည်(ဂြိုဟ်တုဆက်သွယ်ရေး၊ သန်လျင်)-ဒေါ်ဥမ္မာသင်း၊ ဒေါ်တင်မေခိုင် (စာရင်းစစ်-၁၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊ တကသန့်စိုး (လ-စ-တ၊ မင်္ဂလာဒုံ)-နော်စိမ်းမာမာထွန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၉-၂-၂၀၁၆ရက် ညနေ ၃:၁၅နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၄-၃-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ် ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ တပည့်သာဝကအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်လှိုင်(မုဒုံ) အသက်(၈၇)နှစ်

မုဒုံမြို့နယ်၊ကွမ်တုံရပ်နေ(ဦးသာရင်-ဒေါ်စိန်မေ)တို့၏သမီး၊ (ဦးဘမြိုင်)၊ (ဦးဘလှိုင်)တို့၏အစ်မ၊ ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းလမ်း၊ အမှတ် ၄၅နေ (ဦးမောင်မောင်)၏ဇနီး၊ (ဒေါ်နီနီလှိုင်)၊ ဦးမျိုးတင့်-ဒေါ်လှရီ၊ ဒေါ်အေးအေးခင်၊ ဦးဇော်ဝင်း(MPE သယ်/ဖြန့်)-ဒေါ်အေးအေးမော်၊ (ဦးဇော်မင်း)-ဒေါ်ခင်မာဝင်း၊ ဒေါ်သန်းသန်းငွေးတို့၏မိခင်၊ ကိုချမ်းမင်းသိန်း(KBZ Bank)-မမေသဥ္ဇာအောင်(KBZ Bank)၊ဒေါက်တာပြည့်စုံ(နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန)၊ (မောင်ရန်ပိုင်မင်း)၊ မမြတ်ဖူးငုံခိုင်(KBZ Bank)၊ မယဉ်မင်းဦး(KBZ Bank)၊ မောင်ကျော်မြတ်သူ(တတိယနှစ်၊ Civil, TTU သန်လျင်)၊ မသိမ့်သီရိဇော်(ဒုတိယနှစ်၊ Petroleum,TTU သန်လျင်)တို့၏အဘွားသည် ၂၈-၂-၂၀၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၄:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၂-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် သန်လျင်မြို့ (သဘာဝတရားရိပ်သာ)သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ရီရီစိန်

**အသက်(၇၉)နှစ်**

[ဦးဖေစိန်(သစ်တောအရေးပိုင်၊ ငြိမ်း)-ဒေါ်သန်းတင်]တို့၏သမီး၊ [ဦးထုံ(နယ်ပိုင်ဝန်ထောက်၊ ငြိမ်း)-ဒေါ်ကျင်းမေ]တို့၏ချွေးမ၊ (ဦးတင်အေး-ဒေါ်အုန်းအုန်း)၊ ဒေါ်ကြည်ကြည်စိန်တို့၏ညီမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)မိုင်၊ ခပေါင်းလမ်း၊ အမှတ် ၅၇၂နေ [ဒေါက်တာဦးအောင်သန်း(ခရိုင်ဆရာဝန်ကြီး၊ ငြိမ်း)]၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးထင်အောင်(ငြိမ်း) ဒုတိယအထွေထွေမန်နေဂျာ(MEC)-ဒေါ်ဆွေဆွေသန်း၊ဦးမောင်မောင်အောင်(အကောက်ခွန်မှူး၊ငြိမ်း)-ဒေါ်အေးအေးသန်း၊ ဦးအောင်မျိုးသန်း(ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီးဌာန)တို့၏မိခင်၊ မဖူးပွင့်မောင်[ဒုတိယနှစ်၊ (ဂုဏ်ထူးတန်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်]၊ မဖြိုးပွင့်အောင်(ပထမနှစ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)တို့၏အဘွားသည် ၂၉-၂-၂၀၁၆ရက်(တနင်္လာနေ့) ည ၈:၂၇နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁-၃-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးမိုးဇော်

**(Professional Golfer, Han Golf Master Academy)**

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ စုပေါင်းအိမ်ရာ၊ ယင်းမာမြိုင်လမ်းသွယ်၊ အမှတ် ၅၂/၂နေ ဦးဝင်းဇော်-ဒေါ်မြတ်သန်းစီတို့၏ချစ်လှစွာသောသား၊ ဦးမြတ်ဇော်(ILBC)၏ညီ၊ (ဦးဇော်-ဒေါ်သန်းသန်း)၊ (ဦးခင်စီ)-ဒေါ်ယဉ်ယဉ်ထွေးတို့၏မြေး၊ ဦးသန်းဇော်-ဒေါ်စန်းစန်းအုန်း၊ (ဦးသင့်စီ-ဒေါ်ခင်ခင်စိုး)၊ ဦးမြသိန်းအောင်-ဒေါက်တာဒေါ်ဇင်ထွေးစီ၊ ဦးကျော်စိုးလှ-ဒေါ်ယဉ်ထွေးစီ၊ (ဦးမြင့်စီ)-ဒေါ်နန်းစံပါယ်တို့၏တူသည် ၂၉-၂-၂၀၁၆ရက် ည ၇:၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

ပြည်ထောင်စု လွှတ်တော် အစည်းအဝေး

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ရေးအစုအဖွဲ့အလိုက် အစည်းအဝေးများ စတင်ကျင်းပမည့်နေ့ရက်ပြင်ဆင်သတ်မှတ်

စာ » ၇

# ရန်ကုန်မြို့တွင်း ခေတ်မီမီးပွိုင့်နှင့် ဗဟိုထိန်းချုပ်ရေးစခန်းကြီးကို ရက်ပေါင်း ၁၈၀ အတွင်း အပြီးတည်ဆောက်မည်



သတင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မိုးမခ

ရန်ကုန် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရန်ကုန်မြို့တွင်း ပထမဆုံးပြုလုပ်မည့် ခေတ်မီမီးပွိုင့်များနှင့် ဗဟိုထိန်းချုပ်ရေးစခန်းကြီးကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီအနေဖြင့် ရက်ပေါင်း ၁၈၀ အတွင်း အပြီးတည်ဆောက် အကောင်အထည်ဖော်မည် ဖြစ်ကြောင်းနှင့် ထိုထက်ကျော်လွန်ပါက စာချုပ်ပါတိုင်း ပေးလျော်ရမည်ဖြစ်ကြောင်း ယနေ့ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် *စာမျက်နှာ ၁၁ ကော်လံ ၁* ■

**ရန်ကုန်မြို့တွင် ပထမဆုံး ပေါ်ပေါက်လာတော့မည့် ခေတ်မီမီးပွိုင့် ဗဟိုထိန်းချုပ်ရေးစခန်း ပုံကြမ်းဒီဇိုင်းကို တွေ့ရစဉ်။**

ယနေ့ ဖတ်စရာ

## မက္ကဆီကို ကိုယ်ဝန်သည်အမျိုးသမီး ၁၁ ဦး ဇီကာပိုးရပ် ကူးစက်ခံရ

စာမျက်နှာ » ၄

## နောင်လုံလမ်းအသုံးပြုခကောက်ခံရေး တိုးဂိတ်တွင် သေနတ်ပစ်ဖောက်ခြိမ်းခြောက်မှုဖြစ်ပွား

စာမျက်နှာ » ၁၃

## မြန်မာ့ရုပ်ရှင်အကယ်ဒမီပွဲ ရုပ်မြင်သံကြားလိုင်း ကိုးလိုင်းနှင့် ရေဒီယိုအစီအစဉ်များမှ တိုက်ရိုက်ထုတ်လွှင့်မည်

သတင်း-မင်းခေတ် ဓာတ်ပုံ-မင်းထက်

ရန်ကုန် မတ် ၁

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးစီးကျင်းပမည့် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များအတွက် မြန်မာ့ရုပ်ရှင်အနုပညာရှင်များအား ရွှေစင်ရုပ်တုချီးမြှင့်ပွဲကို ပြည်တွင်းရုပ်မြင်သံကြားလိုင်း ကိုးလိုင်းနှင့် ရေဒီယိုအစီအစဉ်များမှ တိုက်ရိုက်ကူးယူထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

"ကျွန်တော်တို့ ဒီနေ့မှာတော့ လာမယ့်အကယ်ဒမီပေးပွဲအတွက် ပြည်တွင်းရုပ်သံလွှင့်ဌာနတွေ၊ ရေဒီယိုအသံလွှင့်ဌာနတွေနဲ့ ထုတ်လွှင့်မှုပိုင်းဆိုင်ရာတွေ့ဆုံညှိနှိုင်းမှုတွေပြုလုပ်တာပါ။ ပြည်တွင်းထုတ်လွှင့်မယ့် ရုပ်သံတွေရော၊ ရေဒီယိုပိုင်းဆိုင်ရာတွေပါ အရင်နှစ်တွေကလိုပဲ ထုတ်လွှင့်သွားဖို့ရှိပါတယ်"ဟု *စာမျက်နှာ ၁၁ ကော်လံ ၁* ❖



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်

နေပြည်တော် မတ် ၁

မတ် ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ငါးရက်မှ ရှစ်ရက်အတွင်း ငါးပေမှ ၁၀ ပေခွဲခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် နှစ်ရက်အတွင်း တစ်ပေမှ နှစ်ပေခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေများသည် ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် သုံးရက်အတွင်း လေးပေမှ ငါးပေခန့်၊ မင်းဘူးမြို့နှင့်မကွေးမြို့တို့တွင် နှစ်ရက်အတွင်း သုံးပေမှ သုံးပေခွဲခန့်နှင့် အောင်လံမြို့တွင် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အလယ်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက် တစ်ရက်မှ နှစ်ရက်အတွင်း မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခွဲခန့်၊ နောက်နှစ်ရက်မှ လေးရက်အတွင်း ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် သုံးပေမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြသည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေတိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။ (မိုး/ဇလ)


၂၀၁၅ တက္ကသိုလ်ဝင်တန်း Top Ten နှင့် ဘာသာစုံ ဂုဏ်ထူးရှင်များ ထွက်ရှိရာ . . .
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက-၁၃/၄၄/၀၆၅)
တည်ထောင်သည့် ကိုယ်ပိုင်အထက်တန်းကျောင်း
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း၊ တက်စရာ မလိုတော့ပါ။ DAY CAMP စာကျက်ဝိုင်း စီစဉ်ပေးသည်။
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ Grade 11(မတ် ၃၀)၊ Grade 10 (ဧပြီ ၂၇)၊ Grade 9,8,7,6 (မေ ၄) စ,မည်]
ကျောင်းကား (ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း ခြံအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀
၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
အဆင့်မြင့် ဘော်ဒါ
ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါ စ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊
FORWARD အဆင့်မြင့်စာသင်ဝိုင်း
Grade 10,11(တက္ကသိုလ်ဝင်တန်း)[ဘာသာစုံ]
Grade 11 [ ဥာဏ်ရည်မြင့်(ဇ)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
Grade 9 [သင်္ချာ၊ အင်္ဂလိပ်၊ သိပ္ပံ]
Grade 11(မတ် ၂၈)၊ Grade 10 (ဧပြီ ၂၉)၊ Grade 9 (ဧပြီ ၃၀)၊ စ,မည်။
ကျောင်းပြန်ကား ferry စီစဉ်ပေးသည်။
ဝိုင်း အမှတ်(၄၄)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။
ဖုန်း ၀၁ ၂၄၉ ၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့) အဆင့်မြင့် ဘော်ဒါ (သို့) အဆင့်မြင့် စာသင်ဝိုင်း
● အဆင်ပြေ ကြိုက်နှစ်သက်ရာ အစီအစဉ်ကို စုံစမ်း၊ ရွေးချယ်၊ အပ်နှံ တက်ရောက်နိုင်ပါသည်။


mmalin.mpt @ gmail.com, www.facebook.com/MYANMAALINNEWS